# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ်(၁၅၄)


## ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

စာမျက်နှာ-၃

## ခပေါင်းရေလွှဲဆည်ကြောင့် နွေစပါး စိုက်ပျိုးရန်အပြင် ဒေသတွင်း ခရီးသွားလာရေးအတွက်ပါ အဆင်ပြေလျက်ရှိ

စာမျက်နှာ-၄

## တောင်သူများ လယ်ယာမြေသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားပေးမည့် Call Center

စာမျက်နှာ-၉

## မြန်မာနိုင်ငံတွင် ပထမဆုံး ကလေးကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှု မန္တလေးတွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့

စာမျက်နှာ-၁၂

# အထက(၆) ဗိုလ်တထောင်(ယခင်စိန့်ပေါလ်ကျောင်း)ကို ရန်ကုန်မြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်






**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၂**

ယခင် ရန်ကုန်မြို့တွင် လူသိများခဲ့သော စိန့်ပေါလ်အထက်တန်းကျောင်း ယခု ဗိုလ်တထောင် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့ စီစဉ်သည့် ရန်ကုန်မြို့ အမွေအနှစ်အဆောက်အအုံများ အထိမ်းအမှတ် အပြာရောင်ကမ္ပည်းတပ်ဆင်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့သည်။

အပြာရောင်ကမ္ပည်းပြားသည် အမွေအနှစ်ဆိုင်ရာ အဆောက်အအုံများနှင့်နေရာများ၌ အဆိုပါ အဆောက်အအုံများ၊ နေရာများနှင့် ဆက်စပ်နေသော သမိုင်းဝင်လူပုဂ္ဂိုလ်၊ သမိုင်းအဖြစ်အပျက်များအကြောင်းကို ဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိသည့် အထိမ်းအမှတ်ကမ္ပည်းပြားဖြစ်သည်။ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းများအနက်တစ်ခုဖြစ်သည်။ အများပြည်သူ တိုက်ရိုက်ထိတွေ့ကြည့်ရှုနိုင်မည့် *စာမျက်နှာ ၃ ကော်လံ ၁* ■




မြန်မာ့အလင်း

# ဝိုင်းဝန်းဖော်ဆောင်ကြရမည့် မြန်မာကုမ္ပဏီများဥပဒေ

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာ၌ လိုအပ်သောဥပဒေအရပ်ရပ်တို့ကို ပြည့်စုံထောင့်စေ့အောင် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သကဲ့သို့ ပြဋ္ဌာန်းပြီးသော ဥပဒေတို့ သက်ဝင်တည်တံ့စေရန် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ပါသည်။ ဥပဒေတို့ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရာ၌ ဖြစ်စေ၊ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေတို့ကို စီမံခန့်ခွဲရာ၌ ဖြစ်စေ တိုင်းပြည်၏ ပကတိအခြေအနေကို ထင်ဟပ်ဖော်ဆောင်နိုင်ရန် လိုအပ်ပါသည်။

လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၁၄ ခုနှစ် မြန်မာကုမ္ပဏီများ ဥပဒေသည် နယ်ချဲ့ဗြိတိသျှခေတ်ကတည်းက ပြဋ္ဌာန်းထားသော ဥပဒေဖြစ်၍ ဥပဒေသက်တမ်းသည် နှစ်(၁၀၀)ကျော်နေပြီဖြစ်ပါသည်။ ဤအချက်က မြန်မာကုမ္ပဏီများ ဥပဒေကို ပြင်ဆင်ရန်လိုအပ်နေကြောင်း ရှင်းလင်းစွာဖော်ပြနေပါသည်။ အဆိုပါတိုင်းပြည်၏ လိုအပ်ချက်နှင့်အညီ မြန်မာကုမ္ပဏီများဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြင်ဆင်ရေးဆွဲမည့် မြန်မာကုမ္ပဏီများဥပဒေတွင် ပါဝင်သင့်ပါဝင်ထိုက်သည့် ပြဋ္ဌာန်းချက်များ ပြည့်ပြည့်စုံစုံပါဝင်ရန် လိုအပ်ပါသည်။ ပြည့်စုံသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်စေရန် တစ်နိုင်ငံလုံး၏ လိုအပ်ချက်များကို ခြုံငုံ၍ ထောင့်စေ့အောင်စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။

ဤနေရာ၌ လက်တွေ့စီးပွားရေးလုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်တို့က မိမိတို့၏ အတွေ့အကြုံကိုအခြေခံ၍ မြန်မာကုမ္ပဏီများဥပဒေတွင် ပါဝင်သင့်ပါဝင်ထိုက်သည့်အချက်များ ပါဝင်လာစေရန် အကြံပြုချက်များကို တက်တက်ကြွကြွဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်တစ်ဖွဲ့တည်းက တစ်နိုင်ငံလုံး၏ လိုအပ်ချက်ကို ခြုံငုံစဉ်းစားရန်မှာ လက်တွေ့အခက်အခဲများအရ မဖြစ်နိုင်ဟု ယူဆပါသည်။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းရှင်တို့က အကြံပြုချက်များကို ပေးပို့ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့်လည်း အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များထံမှ အကြံဉာဏ်များရယူနိုင်ရန် ရှင်းလင်းတင်ပြခြင်း၊ ဟောပြောဆွေးနွေးခြင်းနှင့် စုစည်းရယူခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်သင့်ပါသည်။

မြန်မာကုမ္ပဏီများဥပဒေ ပြင်ဆင်ရေးကို ဆောင်ရွက်လျက်ရှိရာ၌ လက်ရှိအဆင့်တွင် ဥပဒေမူကြမ်းအဆင့်သာရှိသေး၍ ပြင်ဆင်ဖြည့်ဆည်းပေါင်းစပ်ရမည့်အချက်တို့ကို အလွယ်တကူ ဆောင်ရွက်နိုင်ပါသည်။ ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းပြီးမှ ပြင်ဆင်ဖြည့်ဆည်းပေါင်းစပ်ခြင်းတို့ ဆောင်ရွက်ပါက ယခုကဲ့သို့ အလွယ်တကူ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးမည့် မြန်မာကုမ္ပဏီများဥပဒေတစ်ရပ်ပေါ်ထွက်လာစေရေးအတွက် လိုအပ်သော အကြံဉာဏ်များ ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့ မန္တလေးမြို့ မဟာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး မတ် ၂**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပုဂံ-ညောင်ဦးမြို့မှ တစ်ဆင့် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ဒုတိယဝန်ကြီးချုပ်သည် မဟာမုနိရုပ်ရှင်တော်မြတ် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မဟာမုနိဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းက ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်အား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အမှတ်တရလက်ဆောင် ပေးအပ်သည်။



မဟာမုနိဂေါပက ဥက္ကဋ္ဌနှင့်အဖွဲ့က ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ အမှတ်တရလက်ဆောင် ပေးအပ်စဉ်

ညနေပိုင်းတွင် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ သွားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၃-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၆၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ မိုးရွာနိုင်

**နေပြည်တော် မတ် ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။ (မိုး/ဇလ)

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် မတ် ၂**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် "ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ" နှင့် "ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့"တို့ကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၂၆/၂၀၁၇)ဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၂)၊ အဖွဲ့ဝင်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့ဖြင့် ဖွဲ့စည်းထားသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

(သတင်းစဉ်)



# မြန်မာ-ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေးမူဘောင် ၂၀၁၈-၂၀၂၂ ရေးဆွဲရေးဆိုင်ရာ ကနဦးညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂**

ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေးမူဘောင် (Myanmar-UN Development Assistance Framework-UNDAF) ၂၀၁၈-၂၀၂၂ ကို နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံဆိုင်ရာအဖွဲ့(UN Country Team) တို့ ပူးပေါင်းရေးဆွဲရေးဆိုင်ရာ ကနဦး ညှိနှိုင်းအစည်းအဝေးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် UN Resident and Humanitarian Coordinator ဖြစ်သူ မစ္စရီနာတာ လော့ဒက်စလီယမ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားရာ၌ ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေးမူဘောင် (UNDAF) သည် အမျိုးသားအဆင့်ဖွံ့ဖြိုးမှု ဦးစားပေးရလဒ်များကို ကုလသမဂ္ဂစနစ်နှင့် ကိုက်ညီစေရေးအတွက် ရေးဆွဲရမည့် ကာလလတ်ရလဒ် မူဘောင်ဖြစ်ပါကြောင်း၊ ယခု အတူတကွရေးဆွဲမည့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေးမူဘောင် (UNDAF) (၂၀၁၈-၂၀၂၂) သည် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး အတွေ့အကြုံဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သော အလုံးစုံ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် ကတိကဝတ်ပြုထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) နှင့် ကိုက်ညီစေရန် လက်ရှိ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းများအပေါ်မူတည်၍ Thematic Outcomes များကို သတ်မှတ်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

UN Resident and Humanitarian Coordinator မစ္စ ရီနာတာ လော့ဒက်စလီယမ် က ပြောကြားရာတွင် UNDAF သည် လူထုအခြေပြုခြင်း (People)၊ ငြိမ်းချမ်းရေး (Peace)၊ သာယာဝပြောမှု (Prosperity)၊ ကမ္ဘာမြေ (Planet) နှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ (Partnership) စသည့် P ငါးလုံးကို ချဉ်းကပ်ရေးဆွဲသွားမည်ဖြစ်ပါ၍ ကမ္ဘာတစ်ဝန်းလုံး တက်ကြွစွာပေါင်းစပ်ဆောင်ရွက်မှုမှတစ်ဆင့် ဆင်းရဲမှုလျှော့ချရေး၊ ကမ္ဘာမြေကို ကာကွယ်ရေး၊ လူသားအားလုံး ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးမည့် ကမ္ဘာလုံးဆိုင်ရာ မူဘောင်တစ်ခုအား နိုင်ငံ၏ ဦးစားပေးအစီအစဉ်များနှင့်အညီ ကိုက်ညီစေရေးအတွက် ရေးဆွဲမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထင်းအစား အခြားလောင်စာသုံး ထူးချွန်စံပြကျေးရွာဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

ထင်းအစား အခြားလောင်စာသုံးထူးချွန်စံပြကျေးရွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က တက်ရောက်အမှာစကားပြောကြားကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ထင်းအစား အခြားလောင်စာသုံးထူးချွန်စံပြကျေးရွာဆုရရှိကြသည့် ရေစကြိုမြို့နယ် ထန်းတိုရွာ၊ ဆားလင်းကြီးမြို့နယ် မြင်းခြံဘွားရွာနှင့် နွားထိုးကြီးမြို့နယ် သူဌေးကုန်းရွာပြည်သူများနှင့် သစ်တောဦးစီးဌာန၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းအောင်မြင်စွာ တည်ထောင်ခဲ့သည့် ကနီမြို့နယ် ဇီးပင်တွင်းကျေးရွာ၊ မြိုင်မြို့နယ် တဲကြီးကျေးရွာ၊ ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ ပြည်သူများသို့ ဂုဏ်ပြုမှတ်တမ်း၊ ဆုချီးမြှင့်ငွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲရေး၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲရေးကော်မရှင်က လှူဒါန်းသည့် အိမ်သုံးဆိုလာမီးအိမ်နှင့် စွမ်းအားမြှင့်မီးဖိုများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုရကျေးရွာများကိုယ်စား ရေစကြိုမြို့နယ် ထန်းတိုကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံအဝန်းတွင် အသုံးပြုလျက်ရှိသော စွမ်းအားမြှင့်မီးဖိုအမျိုးမျိုးနှင့် ထင်းအစား အခြားလောင်စာအမျိုးမျိုးထုတ်လုပ်ပုံ၊ အသုံးပြုပုံနှင့် အကျိုးကျေးဇူးရှိပုံတို့ကို သက်ဆိုင်ရာထုတ်လုပ်သူလုပ်ငန်းရှင်များ၊ NGO/CSO များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ခင်းကျင်းပြသထားသော ပညာပေးပြခန်းအတွင်းရှိပြကွက်များအား လှည့်လည် ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသောစိုက်ခင်းအမှတ် ၁/၂၀၁၆ ၊ ကျေးရွာသုံးစိုက်ခင်း ဧက ၅၀ နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးတည်ထောင်ထားသော စိုက်ခင်းအမှတ် ၁/၂၀၁၆ ဧက ၅၀ တို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





■ *ရှေ့ဖုံးမှ*

အဆိုပါ ကမ္ဘာ့ပွဲပြိုင်ပြားမှတစ်ဆင့် ရန်ကုန်မြို့သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများ လေ့လာနိုင်မည်ဖြစ်သည်။ မြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းတပ်ဆင်ရေးလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ကူညီမှု၊ Royal Philips Corporation မှ ငွေကြေးထောက်ပံ့မှုတို့ဖြင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပထမဆုံးအပြာရောင်ကမ္ပည်းပြားကို ရန်ကုန်မြို့တော်ခန်းမ၌တပ်ဆင်ခဲ့သည်။ မြို့ပြ အမွေအနှစ် အပြာရောင်ကမ္ပည်းပေါင်း ၁၆ ခုကို တပ်ဆင်ခဲ့ပြီး ယခုအထက(၆) ဗိုလ်တထောင်(ယခင်စိန်ပေါလ်ကျောင်း) သည် ၁၇ ခုမြောက် တပ်ဆင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ အပြာရောင်ကမ္ပည်းပြားတပ်ဆင်တဲ့ စိန်ပေါလ်ကျောင်းဟာ စာသင်ကျောင်းအနေနဲ့ သက်တမ်းအရင့်ဆုံးဖြစ်တဲ့အတွက် အရင်ဆုံးတပ်ဆင်ဖြစ်တာပါ။ စိန်ပေါလ်ကျောင်းက သက်တမ်းရင့်သလို နှစ်အဆက်ဆက် အရေးကြီးပုဂ္ဂိုလ်တွေ ထွက်တာများတယ်။ ကျောင်းရဲ့ဂုဏ်သိက္ခာ၊ ကျောင်းအဆောက်အအုံကိုလည်း မူလအတိုင်း ဆက်လက်ထိန်းသိမ်းထားပြီး ဒီအတိုင်းပဲ အဆက်မပြတ် နေ့စဉ်သုံးနေတဲ့ အဆောက်အအုံကြီးလည်းဖြစ်တာမို့ ကျွန်မတို့က ဂုဏ်ယူစွာနဲ့ ဒီကမ္ပည်းပြားကို တပ်ဆင်ပေးတာပါ။ ခုလောလောဆယ်ကတော့ ရန်ကုန်မြို့တွင်းမှာရှိတဲ့ သက်တမ်းရင့်အဆောက်အအုံတွေကို ဦးစားပေးတပ်နေပါတယ်။ ထိန်းသိမ်းဖို့ အသိအမြင်ရအောင် ရည်ရွယ်တပ်ဆင်ပေးတာဖြစ်ပါတယ်။ ပြောရရင် မြို့ပြအမွေအနှစ်တွေဆိုတာ တံဆိပ်ကပ်နှိပ်ထားတဲ့သဘောပါ"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။ အထက(၆) ဗိုလ်တထောင်(ယခင်စိန်ပေါလ်)ကျောင်းကို ၁၈၈၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ၁၈၈၆ ခုနှစ် မေ ၁ ရက်တွင် စတင်အသုံးပြုခဲ့ရာ ကျောင်းတော်ကြီးသည် သက်တမ်းအားဖြင့် ၁၃၂ နှစ်ရှိခဲ့ပြီဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံ၌ ပညာရေးနှင့် ခရစ်ယာန်ဘာသာရေးကို ဖွံ့ဖြိုးတိုးတက်အောင် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သော Bishop Paul Bigandet (1856-1894) အမည်ကို အစွဲပြုပြီး စိန်ပေါလ်ကျောင်းဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ စိန်ပေါလ်ကျောင်းသည် မြန်မာပြည်၌ Roman Catholic ခရစ်ယာန်ဘုန်းကြီးကျောင်းများ အစီအစဉ်ဖြင့် ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော စာသင်ကျောင်းဖြစ်သည်။ ၁၉၆၅ ခုနှစ် ဧပြီလတွင် စိန်ပေါလ်ကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၆) ဗိုလ်တထောင်ဟု အမည်ပြောင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ရန်ကုန်မြို့တွင်း ရှေးဟောင်းမြို့ပြ အမွေအနှစ် အဆောက်အအုံများကို အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ပေးလျက်ရှိရာ ယခု အထက (၆) ဗိုလ်တထောင်ကို (၁၇)ခုမြောက်အဖြစ် အောင်မြင်စွာ တပ်ဆင်ပေးခဲ့ပြီး မကြာမီတွင် ယခင်ပြည်ထောင်စုဘဏ် (ယခုစတော့အိတ်ချိန်း)နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ကို ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လမ်းသုတေသနပြု ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တင်ပြမှုအခမ်းအနားတက်ရောက်

**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲရုံး၌ နည်းပညာကိုအသုံးပြု၍ လမ်းသုတေသနပြု ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တင်ပြမှုအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးအား သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲရုံး၊ အစည်းအဝေး ခန်းမဆောင်၌ ညွှန်ကြားရေးမှူး၊ ဒေါ်လှလှသွယ်က လမ်းတည်ဆောက်ပုံ နည်းစနစ်များ၊ ဓာတ်ခွဲခန်းတွင် စမ်းသပ်ဆောင်ရွက်သည့် လုပ်ငန်းများအား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထားဇင်သင်းဇော်က နည်းပညာကိုအသုံးပြု၍ လမ်းသုတေသနလုပ်ငန်းများ ဆောင်ရွက်နေသော ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးအတွက် ဓာတ်ခွဲခန်း စမ်းသပ်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီအောင်ဆောင်ရွက်ရေး၊ နည်းပညာအသုံးပြုပြီး ရေရှည်ခိုင်မြဲရေးနှင့် ကုန်ကျစရိတ် သက်သာအောင်ဆောင်ရွက်ရန်၊ ဒေသနှင့်ကိုက်ညီသည့်ပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် ခေတ်မီစက်ယန္တရားများနှင့် လမ်းသုတေသနပြု ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မော်လမြိုင်-ချောင်းဆုံတံတားကို အသုံးပြုနိုင်ချိန်အထိ ဇက်ရေယာဉ်များပြေးဆွဲပေးရန် ပြည်သူများမျှော်လင့်

**ချောင်းဆုံ မတ် ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ ချောင်းဆုံမြို့နယ်သို့ ဆက်သွယ်ပြေးဆွဲလျက်ရှိသော ဇက်ရေယာဉ်များကို အန္တရာယ်ကင်းရှင်းကြောင်း သက်တမ်းတိုးလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးမှုအရ ရပ်ဆိုင်းထားရန် အကြောင်းကြားပြီးနောက် အဆိုပါ ဇက်ရေယာဉ်များအား မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကူးတံတားကို ပြည်သူများအသုံးပြုသွားလာနိုင်သည့် အချိန်အထိ ဆက်လက်ပြေးဆွဲပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

မော်လမြိုင်နတ်မော်ဆိပ်ကမ်းနှင့် ချောင်းဆုံကလို့ဆိပ်ကမ်းကြား ဆက်သွယ်ပြေးဆွဲနေသည့် ဇက်ရေယာဉ်များဖြစ်သော ထီးလှိုင်ရှင်၊ ရေဘဝဲ(၃)၊ ရေဘဝဲ(၁) တို့ကို လက်ရှိအချိန်တွင် ဆက်လက်ပြေးဆွဲပေးရန်နှင့် မော်လမြိုင်-ချောင်းဆုံ တံတားကို ပြည်သူများ အသုံးပြုနိုင်သည့် အချိန်မှသာ ဇက်ရေယာဉ်များ ပြေးဆွဲနေမှုကို ရပ်နားရန် ဒေသခံပြည်သူများက မျှော်လင့်နေကြခြင်းဖြစ်သည်။

အဆိုပါ ဇက်ရေယာဉ်များအနက် နှစ်စီးသည် သက်တမ်းလွန်ရေယာဉ်များဖြစ်နေခြင်းကြောင့် ရေယာဉ်ကြံ့ခိုင်မှုကောင်းမွန်စေရန်နှင့် ရေယာဉ်များအား အန္တရာယ်ကင်းရှင်းကြောင်း သက်တမ်းတိုးလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးမှုအရ ရေယာဉ်များအား ရပ်ဆိုင်းထားရန် အကြောင်းကြားခဲ့ကြောင်း သိရသည်။

"ဇက်တွေက သက်တမ်းကြာမြင့်နေပြီဆိုတာ မှန်ပါတယ်။ ကျွန်းသူကျွန်းသားတွေက ခုဆို ဇက်ရေယာဉ်တွေနဲ့ သွားလာမှုတော့ နည်းလာတယ်။ ဒါပေမယ့် ကုန်စည်တွေကိုတော့ ဇက်ရေယာဉ်တွေနဲ့ပဲ အဓိကထားသယ်ယူပို့ဆောင်နေရလို့ ဇက်ရေယာဉ်တွေ ရပ်နားဖို့တော့ မော်လမြိုင်-ချောင်းဆုံ တံတားကြီးပြီးမှသာ ရပ်နားစေချင်ပါတယ်"ဟု ချောင်းဆုံမြို့နယ်မှ ဒေသခံ တစ်ဦးက ပြောသည်။

မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်သို့ ကူးသန်းသွားလာလျက်ရှိသော ဇက်ရေယာဉ်များသည် မော်လမြိုင်မြို့ဈေးကြီး၊ အောက်ဈေးတို့နှင့် အနီးဆုံးဆိပ်ကမ်းတွင် ဆိုက်ကပ်သည့်အတွက် ကုန်စည်များကို အလွယ်တကူသယ်ယူနိုင်ပြီး ကုန်သည်များအနေဖြင့်လည်း ကုန်ကျစရိတ်သက်သာကြောင်း မော်လမြိုင်မြို့မှ ကုန်သည်တစ်ဦးဖြစ်သည့် ဒေါ်ခင်မြင့်ကြည်က ပြောသည်။

မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်ကြား ကုန်စည်စီးဆင်းမှုတွင် ချောင်းဆုံမြို့နယ်မှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများ၊ ငါးခြောက်၊ ငါးပိ၊ ခမောက်နှင့် ဒေသထွက်ကုန်ပစ္စည်းများကို မော်လမြိုင်သို့ အများဆုံးပို့ဆောင်ပြီး မော်လမြိုင်မြို့မှ စားသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ချောင်းဆုံမြို့နယ်သို့ အဓိကထား သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**



## ခပေါင်းရေလှောင်ဆည်ကြောင့် နွေစပါးစိုက်ပျိုးရန်အပြင် ဒေသတွင်းခရီးသွားလာရေးအတွက်ပါ အဆင်ပြေလျက်ရှိ

**အုတ်တွင်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းဆည်မကြီးအောက်ဘက် အဝေရာကျေးရွာအနီး၌ ၂၀၀၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော ခပေါင်းရေလှောင်ဆည်ကြောင့် ဒေသခံတောင်သူများအနေဖြင့် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်သည့်အပြင် ရေလှောင်ဆည်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအထိ ဆည်ရေပေးမြောင်း အရှည်လေးမိုင်တွင် တာပေါင်အတိုင်း ယာဉ်မျိုးစုံ ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းကိုပါ ဖောက်လုပ်ပေးထားသည့်အတွက် ဒေသတွင်းရှိ ကျေးရွာများမှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အရပ်တွေက မြို့နဲ့ အလှမ်းကွာဝေးလွန်းတယ်။ ကျန်းမာရေး၊ ပညာရေးအတွက် သွားလာရတာ အတော့်ကို ဒုက္ခရောက်ကြရတယ်။ ဆည်ဆောက်ပြီးတဲ့နောက် ကျောက်ချောလမ်းပါ ခင်းပေးတော့ ဒေသတွင်းမှာရှိတဲ့ ကျေးရွာတွေအားလုံး အဆင်ပြေကြတယ်"ဟု အဝေရာကျေးရွာနေပြည်သူ တစ်ဦးက ပြောသည်။

အုတ်တွင်းမြို့နယ်အတွင်း အမြန်လမ်းမကြီး၏ အနောက်ဘက် ပဲခူးရိုးမဘက်ခြမ်းရှိ ကျေးရွာများမှ ဒေသခံများမှာ အနီးဆုံးမြို့များဖြစ်သော တောင်ငူနှင့် အုတ်တွင်းမြို့များသို့ သွားလာရာ၌ အမြန်လမ်းမကြီး မိုင်တိုင် ၁၄၄ မှ တစ်ဆင့် ပိတောက်ခင်ကျေးရွာ၊ ထိုမှတစ်ဆင့် ကဲဆိပ်ကျေးရွာကိုဖြတ်၍ တောင်ငူမြို့သို့ လည်းကောင်း၊ ခပေါင်းရေလှောင်ဆည်တောင်ဘက်ရှိ အဝေရာကျေးရွာမှတစ်ဆင့် အုတ်တွင်း-ပေါက်ခေါင်းလမ်းသို့တက်ကာ အုတ်တွင်းမြို့သို့လည်းကောင်း သွားလာကြရကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုလွင်(ဆွာ)**

## မူဆယ်မြို့၌ တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

**မူဆယ် မတ် ၂**

မူဆယ်ခရိုင် မူဆယ်မြို့၌ ၂၀၁၇ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားကို မြို့တော်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန် အခါအခွင့်သင့်သော အခြေအနေများနှင့်အညီ အနှစ်သာရရှိစွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ဦးကိန်မိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော တောင်သူလယ်သမားနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကနီမြို့နယ်တွင် နွေစပါးလျာထားချက်ပြည့်မီရေး အလေးထား စိုက်ပျိုးလျက်ရှိ

**ကနီ မတ် ၂**



စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်မှ ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် ၂၀၁၆-၂၀၁၇ နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါးဧက ၇၀၀ စိုက်ပျိုးရန် လျာထားကြောင်းနှင့် နွေစပါးလျာထားချက်ကို ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီလ ဒုတိယပတ်က စတင်ကာ အလေးထား စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့မြို့နယ်အနေနဲ့ ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီမှာ ဧက ၇၅၀ လျာထားကာ ၇၁၃ ဧကသာစိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ဧကတွေကို အခြားသီးနှံတွေ အစားထိုးစိုက်ပျိုးခဲ့ရပါတယ်။ အခု ၂၀၁၆-၂၀၁၇ နွေစပါးစိုက်ရာသီမှာ နွေစပါးဧက ၇၀၀ လျာထားကာ အခုဖေဖော်ဝါရီလကုန်အထိ ၅၂၇ ဧက စိုက်ပျိုးထားနိုင်ပြီး ဖြစ်ပါတယ်။ နွေစပါးစိုက်ဧက သတ်မှတ်လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနဲ့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ ကူညီဆောင်ရွက်ပေးပြီး ကျွန်မတို့မြို့နယ် နွေစပါးစိုက်ပျိုးချိန်နဲ့ ကိုက်ညီတဲ့ စပါးမျိုးတွေဖြစ်တဲ့ ပုလဲသွယ်၊ ဗီယက်နမ်စတဲ့ စပါးတွေကို အများဆုံး စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်ခင်လေးနွယ်က ပြောသည်။

ကနီမြို့နယ်တွင် နွေစပါးကို ချင်းတွင်းမြစ်ဘေးရှိ မြစ်ရေဝင်အင်းများရှိသော ကျေးရွာအများစုတွင် စိုက်ပျိုးကြကြောင်းနှင့် ယခုနှစ် နွေစပါးစိုက်ရာသီတွင် ကနဲကျေးရွာအုပ်စု၌ ကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အကျင့်စိုက်နည်းစနစ် (Best Management Practice-BMP) အသုံးပြု၍ တောင်သူပညာပေးစိုက်ခင်း ၁၀ ဧကကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျစိုက်ပျိုးထားကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းပို့ချ

**နွားထိုးကြီး မတ် ၂**

နွားထိုးကြီးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ နွေသီးနှံစိုက်ရာသီတွင် နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးသော တောင်သူများအား နည်းပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ နွားထိုးကြီးမြို့ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ မတ် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်နှင့် ဌာနတာဝန်ရှိသူများက ဌာန၏မူဝါဒလုပ်ငန်းစဉ်များ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများထုတ်လုပ်ခြင်း၊ မြေဆီလွှာ တိုးတက်ကောင်းမွန်စေရေးနှင့် မြေဆီလွှာဆိုင်ရာပြဿနာများ၊ ပိုးမွှားရောဂါများ ကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်း၊ GAP စနစ်များကို လိုက်နာကျင့်သုံးစိုက်ပျိုးရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်ပျိုးနည်းပညာများ၊ သီးနှံအရည်အသွေး ပြည့်မီရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာအကြောင်းစသည်တို့ကို အသေးစိတ် သင်ကြားပို့ချခဲ့သည်။

အဆိုပါ တောင်သူနည်းပညာပေးသင်တန်းသို့ ကန်နား၊ ခက်လန်း၊ ပြင်စည်၊ မြိုင်သာ၊ ကုက္ကိုဇီး၊ ဇီးတော၊ ဝက်လူး၊ ပဲချက်နှင့် လက်ဝဲ-မြင်းနီကျေးရွာများမှ တောင်သူများ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# အဆင့်မြင့်ပညာရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆင့်ပွားပို့ချဆွေးနွေးပွဲ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**ရန်ကုန် မတ် ၂**

ပညာရေးဝန်ကြီးဌာနနှင့် British Council တို့ ပူးပေါင်းကျင်းပသည့် အဆင့်မြင့်ပညာရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆင့်ပွားပို့ချဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် Mr.Richard Sunderland, Director of British Council တို့က အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် မန္တလေးဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးချစ်က Quality in Teaching and Research ခေါင်းစဉ်၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဥမ္မာကျော်က Student Experience ခေါင်းစဉ် ၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက Employer Engagement ခေါင်းစဉ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက Leadership and Industry Linkages ခေါင်းစဉ်များနှင့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြပြီး ဆွေးနွေးချက်ခေါင်းစဉ်အလိုက် အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဗြိတိန်နိုင်ငံများသို့လေ့လာခဲ့သည့် အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ အတွေ့အကြုံများကို ပြန်လည်မျှဝေဆင့်ပွားပို့ချခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယရှေ့နေချုပ် EU ကုန်သည်ကြီးများအသင်းမှ အမှုဆောင်ဒါရိုက်တာအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂**



ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ဥရောပကုန်သည်ကြီးများအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. Filip Lauwerysen အား မတ် ၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်းများကို ဦးစွာရှင်းလင်းပြောကြားပြီးနောက် Mr. Filip-Lauwerysen က ဥရောပမှ ကုန်သည်ကြီးများသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်များကို လေ့လာလျက်ရှိပါကြောင်းနှင့် နိုင်ငံခြားသားများဆိုင်ရာ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ မိမိတို့၏ အကြံပြုချက်များကို တင်ပြလိုပါကြောင်း ဆွေးနွေးသည်။ ထို့နောက် ဒုတိယရှေ့နေချုပ်က နိုင်ငံခြားသားများဆိုင်ရာ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်အကြံပြုခဲ့သည့် လုပ်ငန်းအခြေအနေများ၊ အဆိုပါဥပဒေမူကြမ်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်အကြံပြုရာတွင် ဥရောပကုန်သည်ကြီးများအသင်း၏ အဆိုပြုတင်ပြချက်များကို ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်တို့လည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



ဘိုကလေးမြို့ ဆိပ်ခံတံတားအား တွေ့ရစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*✻ ကျောဖုံးမှ*

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ၄င်းဆိပ်ခံတံတားအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကိုယ်စားလှယ်များ၊ ဌာနမှတာဝန်ရှိသူများ လာရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးရှေးရှုကာ တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် ဆောင်ရွက်ခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဂျပန်သံအမတ်ကြီး Mr.Tateshi HIGUCHI တို့က ဂျပန်သံရုံး၌ ၁၃-၁၀-၂၀၁၅ ရက်နေ့တွင် ၄င်းဆိပ်ခံတံတားတည်ဆောက်ရန် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပြီး ယင်းနေ့မှာပင် Triangle link Engineering Co,Ltd က တည်ဆောက်ခဲ့ကြောင်း၊ ကူညီထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၁၅၅၅၉၉ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဆိပ်ခံတံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိပ်ခံတံတားမှာ ဘိုကလေးမြို့တွင် ဆိပ်ခံတံတားကိုးခုရှိသည့်အနက် အကောင်းဆုံးဖြစ်ပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမန်နေဂျာ ဦးဝင်းနိုင်က ပြောသည်။

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ထင်သာမြင်သာ ပြုပြင်စရာ

# နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးဘေးရှိ ဆိုင်ကယ်မောင်းနှင်ရန် သတ်မှတ်ပေးထားသည့် လမ်းမှာ ဆိုင်ကယ်စီးသူများအတွက် အန္တရာယ်ရှိနေ

**နေပြည်တော်ရှိ ရာဇသင်္ဂဟလမ်းမကြီးသည် နေပြည်တော်မှ နေပြည်တော်(အေလာ)လေဆိပ်သို့သွားသော ရှစ်လမ်းသွားလမ်းမကြီး ဖြစ်သည်။ အဆိုပါ လမ်းမကြီးကို ပြီးခဲ့သည့် တစ်နှစ်ကျော်ခန့်မှစ၍ သက်ဆိုင်ရာက မော်တော်ယာဉ်နှင့် ဆိုင်ကယ်အန္တရာယ်မဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်ဟိုတယ်ဇုန်မှစပြီး လယ်ဝေးမြို့နယ်(အေလာ)လေဆိပ်အနီး လမ်းဆုံအထိ လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်စီရှိ အတွင်းလမ်းကို ဆိုင်ကယ်များ စီးနင်းမောင်းနှင်စေရန် ကန့်သတ်မှုပြုလုပ်ခဲ့သည်။**



သို့သော်လည်း အဆိုပါအတွင်းလမ်းမှာ လွန်စွာ ကျဉ်းမြောင်းခြင်း၊ လမ်းဘေးဝဲယာအနီးရှိ ကျေးရွာမှ ဒေသခံများ၏ ကျွဲ/နွား တိရစ္ဆာန်များကို ရှောင်ကွင်းမောင်းနှင်ရခြင်းကြောင့် အန္တရာယ်နှင့် ကြုံတွေ့ရဖူးကြောင်း၊ ကွန်ကရစ်လမ်းကျဉ်းကျဉ်းတွင် လမ်းပြောင်းပြန်မောင်းနှင်သည့် ဆိုင်ကယ်များကြောင့်လည်း ယာဉ်တိုက်မှုအန္တရာယ်ဖြစ်နိုင်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းမှာ အနိမ့်အမြင့်များပြီး ညီညာမှုမရှိခြင်းအပြင် မိုးရာသီရောက်သောအခါ လမ်းဘေးရှိသစ်ပင်များမှ သစ်ကိုင်းများကလည်း လွတ်လွတ်ကင်းကင်းမရှိခြင်းကြောင့် စီးနင်းမောင်းနှင်ရသည့်အခါ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ဆိုင်ကယ်မောင်းနှင်သူများပြောပြချက်အရ သိရသည်။

“အခုလို ဆိုင်ကယ်သီးသန့်မောင်းနှင်စေခြင်းဟာ အင်မတန်ရည်ရွယ်ချက်ကောင်းပါတယ်။ ဒါပေမယ့် အထက်က ပြောခဲ့တဲ့အချက်တွေသာ အဆင်ပြေသွားမှ ပိုပြီးကောင်းမွန်သွားမှာပါ” ဟု လယ်ဝေးမြို့နယ် သာဝတ္တိမြို့မှ ကိုဇော်ကြီးက ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မူဆယ်ရှိ မဟာမြတ်မုနိရုပ်ပွားဆင်းတုတော်မြတ်ကြီး အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် ရုံးသစ်ဖွင့်ပွဲကျင်းပ

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ မူဆယ်ခရိုင် သာသနာနုဂ္ဂဟ စေတနာပရဟိတအသင်းတို့မှကြီးမှူးပြီး မဟာမြတ်မုနိရုပ်ပွားဆင်းတုတော်မြတ်ကြီး အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် အသင်း၏ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက ပြည်တော်သာကျောင်းအနောက် နာဂရာမြောင် လိုဏ်ဂူဘုရားအနီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စေတနာပရဟိတအသင်းသား၊ အသင်းသူများအား ဂုဏ်ပြုခြင်းအားဖြင့် အသင်းသား အသင်းသူများနှင့်အတူ ဂုဏ်ပြုတေးသီချင်း သီဆိုခဲ့ကြသည်။

ထို့နောက် ရုံးသစ်တံခါးဖွင့်လှစ်ပြီး အမွှေးနံ့သာရေများ ပက်ဖျန်းကြသည်။ ဆက်လက်ပြီး မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး၏ အလှူ့ဒါယကာ/ဒါယိကာမများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ပြီး စေတနာပရဟိတအသင်းဥက္ကဋ္ဌ ဦးမျိုးခိုင်က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်ဘတ်စ်ကားမှတ်တိုင်မှပြောသော နိုင်ငံကြီးသားပီသရေး ဥပဒေသများ

ကိုဇင်ကြီး(ရှုပ)

### နိုင်ငံကြီးသားပီသသည်

ကျွန်ုပ်တို့ငယ်စဉ်က အရပ်ထဲရွာထဲတွင် လွန်စွာခေတ်စားသော စကားတစ်ခွန်းရှိခဲ့၏။ အလုပ်ကိစ္စတစ်ခုကို ဆောင်ရွက်သည့်အခါဖြစ်စေ၊ မိမိတို့၏ လူနေမှု အမူအကျင့်တစ်ခုခုကို အဆင့်အတန်းရှိကြောင်း ဖော်ပြလိုလျှင်ဖြစ်စေ ပြောလေ့ရှိကြသည့် လက်သုံးစကားတစ်ခုမှာ "တို့က နိုင်ငံကြီးသားပီသတယ်"ဟူသည့် စကားဖြစ်သည်။ ဥပမာအားဖြင့် ဆိုရသော် မိမိစကားပြောဆိုသည့်အခါ ပြောပုံဆိုပုံလေးနက်တည်ကြည်စွာဖြင့် စည်းစနစ်တကျပြောသည်ကို ဖော်ကျူးလိုသည့်အခါတွင်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု သပ်ရပ်စမတ်ကျသည်ကို ဖော်ညွှန်းလိုသည့်အခါတွင် လည်းကောင်း၊ အလုပ်အကိုင်တစ်ခုကို တည်ကြည်မှန်ကန်စွာဖြင့် လုပ်ကိုင်နိုင်စွမ်းရှိသည်ကို ပြောလိုသည့်အခါတွင်လည်းကောင်း စသည့် မိမိတို့၏ ပြောပုံ၊ ဆိုပုံ၊ နေပုံထိုင်ပုံ၊ လုပ်ကိုင်ပုံများကိုအဆင့်အတန်းမြင့် စနစ်ကျကြောင်းဖော်ညွှန်းလိုသည့်အခါများတွင် ထို "နိုင်ငံကြီးသားပီသသည်" ဟူသည့် စကားကိုအားပါးတရပြောဆိုလေ့ရှိကြသည်။ ထိုစကားလုံးကို စတင်ကြားဖူးစဉ်အခါက ကျွန်ုပ်တို့ လူငယ်များအကြားတွင် ယင်းစကားလုံးကို လွန်စွာမှနှစ်ခြိုက်ခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ အဆင့်အတန်းမြင့် ထူးဆန်းလှသောစကားလုံး၏ သရုပ်ကို လက်တွေ့ဥပမာထားပြသဖို့အတွက် လူတစ်ဦးတစ်ယောက် (သို့မဟုတ်)လူ့အဖွဲ့အစည်းတစ်ခုကို ရည်ညွှန်းစံနမူနာထားသောကြောင့် ဖြစ်သည်။

ထိုစံထားတိုင်းတာခံရသော သူတို့သည်ကား စိတ်နေသဘောထား မှန်ကန်ဖြောင့်တန်းခြင်း၊ စည်းစနစ်တကျရှိခြင်း၊ အလုပ်လုပ်ရာတွင် လွန်စွာကြိုးစားကြခြင်း၊ အချိန်ကို လွန်စွာလေးစားပြီး တန်းဖိုးရှိစွာအသုံးချတတ်ခြင်းဟူသည့် ဂုဏ်ပုဒ်များကို ပိုင်ဆိုင်ထားကြကာ ထိုဂုဏ်ပုဒ်များဖြင့်ပင် ယနေ့ လက်ရှိကမ္ဘာတွင် ထိပ်တန်း၊ အထက်တန်းရောက်ကာ ခေတ်မီထွန်းကားတိုးတက်နေကြသူများ ဖြစ်ကြသည်။ လူတို့၏သဘာဝကား အခြားသတ္တဝါများနှင့်မတူ ထူးလည်းထူးခြားသလိုအသိဉာဏ်အဆင့်အတန်းလည်းမြင့်ကြ၏။ ထို့ထက်ပိုကာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ တစ်ပါးသူများသည် မိမိတို့ထက် တစ်မူထူးခြားသည်ကိုမြင်တွေ့ရလျှင် စိတ်ဝင်တစားစူးစမ်းကာ အတုယူတတ်ကြသေး၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့လူငယ်များကိုယ်၌တွင်လည်း မိမိကိုယ်ကို နိုင်ငံကြီးသားပီသကြောင်း ပေါ်လွင်စေရေးအတွက် ရှေ့နောင်တော်ကြီးများကိုကြည့်ကာ အတုမြင်အတတ်သင်ကုန်ကြတော့သည်။ အချို့ကား ဘိလပ်သား (ယခုအင်္ဂလန်နိုင်ငံ) များကဲ့သို့ ဘိုကေတိုတိုညှပ်ပြီးသကာလ ရှပ်အင်္ကျီ၊ လည်စည်းနှင့် ဘောင်းဘီရှည်တို့ဖြင့် မိမိကိုယ်ကို နိုင်ငံကြီးသားပုံဖော်ကြကုန်၏။ အချို့ကား လက်ပတ်နာရီကို သုံးမိနစ်လျှင် ငါးကြိမ်နှုန်းလောက်ဖြင့်ကြည့်ကာ မိမိတို့သည် ဘယ်လောက်အချိန်ကိုတန်ဖိုးထားကြောင်း ဘယ်မျှအလုပ်ကို ကြိုးစားကြောင်း တဖွဖွပြောကာ မိမိ၏ဂုဏ်ပုဒ်ကို လူအများအား ကြေညာမောင်းခတ်ကြကုန်၏။ အချို့လည်းရှိကြသေး၏ စကားပြောလျှင် အင်္ကျီလက်ကိုခေါက်၊ စီးကရက်ကို ဟန်ပါပါ ခဲရင်း တကယ့်အနောက်နိုင်ငံသားကြီးများပမာ အင်္ဂလိပ်စကားအသုံးအနှုန်းများကို မကြာမကြာသုံးပြရင်း မိမိတို့မှာ မည်မျှ နိုင်ငံကြီးသားပီသကြောင်း သက်သေပြကြကုန်တော့သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ လူငယ်များကား ထိုသူတို့၏ သူများနှင့် မတူသောအရာများကို သဘောကျနှစ်ခြိုက်ခဲ့ကြကုန်၏။ ထိုသူတို့၏ ပြောစကားများမှသော်လည်းကောင်း၊ သတင်းမီဒီယာများမှသော်လည်းကောင်း မြင်ရကြားရသော ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ စာအုပ်စာပေများမှ သိခဲ့ရသော သူတို့၏ ခေတ်ရှေ့ပြေး တီထွင်ဆန်းသစ်မှုများကို ကြည့်ကာ အံ့သြဘနန်းရှိခဲ့ရ၏။ ထိုသို့ အားကျငေးမောခဲ့ကြပြီးသကာလ ကျွန်ုပ်တို့လည်း သူတို့ကဲ့သို့ နိုင်ငံကြီးသားဖြစ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့ကြသည်။ ထို့ကြောင့် မိမိတို့ဖြစ်လိုသည့် ရည်မှန်းချက်များကို စိတ်တွင်မှန်းကာ ပထမအဆင့်အနေဖြင့် မိမိကိုယ်ကိုမိမိ သုံးသပ်ခဲ့ကြသည်။ သူတို့၏ စွမ်းဆောင်မှုများ၊ သူတို့၏ အောင်မြင်မှုများကို ကျွန်ုပ်တို့ရော ရနိုင်မရနိုင်ဟူ၍ဖြစ်၏။ အဖြေမှာသေချာပေါက်ရနိုင်သည်ဟူ၍ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓဘုရားရှင်သည်လည်း အထင်အရှားဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။ လောက၌ မိမိဖြစ်လိုသည့်အရာကို (၁) ဖြစ်အောင်လုပ်မည်ဟု စိတ်စေတနာဇောထက်သန်မှု၊ (၂) ဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်သည့် အသိပညာ၊ အတတ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုနှင့် (၃) မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်မှုတို့နှင့်ပြည့်စုံလျှင် ကိစ္စအားလုံးပြီးမြောက်နိုင်၏ဟူ၍ မှတ်သားခဲ့ရဖူးသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူငယ်များသည် သူများနိုင်ငံများကဲ့သို့ တိုးတက်ထွန်းကားလိုလျှင်၊ ထိပ်တန်းအထက်တန်းသို့ ရောက်လိုလျှင် လောက၏ နည်းဥပဒေသများအတိုင်း မဆုတ်မနစ် ကြိုးစားအားထုတ်ရမည်မှာ မလွဲမသွေပင်ဖြစ်ပေတော့သည်။ ကျွန်ုပ်တို့ လူငယ်တစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်ခြင်းသည် ကျွန်ုပ်တို့ ရပ်ရွာဒေသတိုးတက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့ရပ်ရွာဒေသတိုးတက်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံ တိုးတက်ခြင်း၏ အခြေခံအုတ်မြစ်လည်းဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံနှင့် ပြည်သူတိုးတက်ထွန်းကားခြင်းသည် လူသားမျိုးနွယ်စုအားလုံး တိုးတက်ထွန်းကားမှု၏ အသွင်သဏ္ဌာန်လည်းဖြစ်၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့လူငယ်များ၏ အသိပညာ၊ အတတ်ပညာကို တိုးပွားအောင်ရှက်ဆောင်နိုင်မှု၊ လောကပါလတရားများ ထွန်းကားကျယ်ပြန့်အောင် ရှက်ဆောင်နိုင်မှုသည် ကျွန်ုပ်တို့လူသားကမ္ဘာ၏ အနာဂတ်ပုံရိပ်များပင် ဖြစ်ပေတော့သည်။

**လူငယ်တစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ ကိုယ်ရည်ကိုယ်သွေး များ တိုးတက်ခြင်းသည် ကျွန်ုပ်တို့ ရပ်ရွာဒေသတိုးတက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့ ရပ်ရွာဒေသတိုးတက်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံ တိုးတက်ခြင်း၏ အခြေခံအုတ်မြစ်လည်းဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံနှင့် ပြည်သူ တိုးတက်ထွန်းကားခြင်းသည် လူသားမျိုးနွယ်စုအားလုံး တိုးတက်ထွန်းကားမှု၏ အသွင်သဏ္ဌာန်လည်းဖြစ်၏**

ယခုဆိုလျှင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းသော၊ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အေးအတူပူအမျှ တန်းတူညီမျှခံစားခွင့်ရစေမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဖော်ဆောင်မည့် ပြည်သူ့အစိုးရသစ်တစ်ရပ် ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနိုင်မှုအလားအလာသည် ၎င်းနိုင်ငံကို တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်ရသော အစိုးရ၏ စိတ်ရင်းစေတနာမှန်ကန်မှု၊ အသိဉာဏ်ပညာမြင့်မားစွာဖြင့် စီမံခန့်ခွဲနိုင်မှု၊ တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မှုနှင့် မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထား၊ စီးပွားရေးအလားအလာနှင့် သဘာဝအရင်းအမြစ်စသည့် မိမိတို့နိုင်ငံ၏ အရင်းအမြစ်မှန်သမျှကို အနာဂတ်ကမ္ဘာ၏လိုအပ်ချက်များ၊စိန်ခေါ်မှုများနှင့်ကိုက်ညီအောင် ပြုစုပျိုးထောင်နိုင်မှုအပေါ်တွင် များစွာမူတည်နေပါသည်။ ထိုကဲ့သို့ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရအနေဖြင့် အရည်အချင်းများပြည့်ဝနေဖို့ လိုအပ်သလို တိုင်းပြည်၏ ပြည်သူပြည်သားများအနေဖြင့်လည်း မိမိတို့နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက် အသိပညာအတွေးအခေါ်များမြင့်မားမှု၊ အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အသုံးချနိုင်မှု၊ စည်းကမ်းတကျရှိမှုနှင့် မဆုတ်မနစ်ကြိုးစားအားထုတ်မှုတို့ရှိရန် လွန်စွာအရေးကြီးသည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရနဲ့ ပြည်သူလက်တွဲညီစွာ ကြိုးစားအားထုတ်မှ တိုးတက်နိုင်မည်ဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ လည်ပတ်လှုပ်ရှားပုံကား ပြိုင်ပွဲဝင်လှေလှော်သမားများနှင့်လည်း တူလှသည်။ မိသားစုတစ်စုနှင့်လည်း တူလွန်းပြန်သည်။ ဥပမာဆိုရသော် ပြိုင်ပွဲဝင်မည့် လှေတစ်စင်းတွင် ဦးတည်ရာကို ထိန်းကျောင်းပဲ့ကိုင်နိုင်သည့် ပဲ့ထိန်းနည်းပြဆရာသည် လွန်စွာအရေးကြီးလှသည်။ ထိုသူသည် မိမိတို့အသင်းသွားမည့်လမ်းကြောင်းကို ကျွမ်းကျင်လျှင်မြန်စွာ ရောက်ရှိနိုင်ရန် ရေအကဲ၊ လေအကဲကို ကျွမ်းကျင်ဖို့လိုအပ်သလို မိမိအသင်းသားများ၏ အရည်အချင်း၊ အားသာချက်အားနည်းချက်များကို အကဲဖြတ်ကာ လူမှန်နေရာမှန်ဖြစ်အောင်ထားတတ်ဖို့ကလည်း အရေးကြီးသည်။ ထိုနည်းတူစွာပင် လှေလှော်အသင်းသားများဘက်မှလည်း မခိုမကပ် ကန့်လန့်တိုက်မနေဘဲ တက်ညီလက်ညီ လှော်နိုင်ခတ်နိုင်မှ မိမိတို့လှေ၏ ပြေးနှုန်းသည် ပို၍မြန်ဆန်မည်၊ ပို၍ ခရီးရောက်မည်သာဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့နိုင်ငံ၏ တိုးတက်ထွန်းကားမှုသည် အခြားမည်သူ့အပေါ်မှ မမူတည် ကျွန်ုပ်တို့ ပြည်သူနှင့်အစိုးရအပေါ်၌သာ လုံးဝဥဿုံမူတည်နေသည်။

### ဖြေရှင်းပုံဖြေရှင်းနည်း

ယခုလောလောဆယ် ရန်ကုန်မြို့တော်၏ ဘတ်စ်ကားပြေးဆွဲမှုစနစ် ပြောင်းလဲမှုအကြောင်းမှာ ရေပန်းစားနေသည်။ ရန်ကုန်မြို့ဆိုသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် လုပ်ငန်းကိုင်ငန်း အများဆုံးတို့၏ ပင်မရုံးစိုက်ရာမြို့ဖြစ်သောကြောင့် မြန်မာနိုင်ငံအဝန်းမှ လူငယ်အများစုသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းအသီးသီး လုပ်ကိုင်သူများအနေဖြင့်လည်းကောင်း၊ ကုမ္ပဏီအသီးသီး၏ ဝန်ထမ်းများအဖြစ်လည်းကောင်း၊ အစိုးရအလုပ်ဌာနအသီးသီး၏ ဝန်ထမ်းများအနေဖြင့်လည်းကောင်း နေထိုင်လုပ်ကိုင်ရာ မြို့တော်ကြီးဖြစ်သည်။ ထိုအမှုထမ်း၊ အရာထမ်းဝန်ထမ်းအားလုံးနီးပါးသည်လည်း မြို့တော်၏ ဘတ်စ်ကားသွားလာရေးအစီအစဉ်ကိုသာ အဓိကအားကိုးနေရသည်။ ထို့ကြောင့် ဘတ်စ်ကားခရီးစဉ် အဆင်ပြေချောမွေ့မှု မချောမွေ့မှုသည် ရန်ကုန်မြို့တော်ကြီးတစ်ခုလုံးတွင်ရှိသော အလုပ်အကိုင်ဌာနအသီးသီး၏ လုပ်ငန်းအဆင်ပြေပြီးမြောက်အောင်မြင်မှုအတွက် လွန်စွာကြီးမားသောအကျိုးသက်ရောက်မှုတို့ကို ဖြစ်ပေါ်နေစေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရသစ်သည် မြို့တော်ရှိ အများပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အများပိုင်ဘတ်စ်ကားစနစ်ကို စတင်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အခြေအနေတစ်ခုမှတစ်ခုသို့ ပြောင်းလဲချိန်၊ စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲချိန်တွင် မိမိတို့၏ အတွေးအခေါ်၊ စိတ်ခံစားချက်အမျိုးမျိုးပေါ်မူတည်၍ နှစ်သက်မှု၊ မနှစ်သက်မှု၊ ကျေနပ်မှု၊ မကျေနပ်မှုများပါဝင်သော သဘောထားမှတ်ချက်အမျိုးမျိုး၊ ဝေဖန်ဆန်းစစ်မှုအမျိုးမျိုးထွက်ပေါ်ခြင်းမှာ သဘာဝပင်ဖြစ်သည်။ ဆောင်းပါး၏ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်းပင် အစိုးရသည် အစိုးရ၏တာဝန်ကိုထမ်းဆောင်ခဲ့သည်။ လုပ်ငန်းတစ်ခု၏အစတွင် အခက်အခဲပြဿနာကတော့ ရှိမှာသေချာသည်။ ပြဿနာရှိသည်ကား ပြဿနာမဟုတ်၊ ပြဿနာကို ဖြေရှင်းပုံဖြေရှင်းနည်းကသာ အဓိကဖြစ်သည်။

ပြည်သူကိုရှေးရှုသော အစိုးရသည် ပြည်သူ၏ လိုအပ်ချက်၊ အခက်အခဲများကို ကြိုးစားဖြေရှင်းမည်သာဖြစ်သည်။ မိမိတို့ပြည်သူများကသာ ပြဿနာကို စနစ်တကျရှင်းလင်းလင်းတင်ပြနိုင်ဖို့ အရေးကြီးသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့ပြည်သူများဘက်ကလည်း စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုရှိဖို့လိုအပ်သည်။ ဤနေရာတွင် တရုတ်နိုင်ငံ၌ တွေ့ကြုံခဲ့ရသော ဘတ်စ်ကားစနစ်ကို အကျဉ်းချုံးတင်ပြလို၏။ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော တရုတ်လိုနိုင်ငံမျိုးတွင် ဘတ်စ်ကားစနစ်သည် လွန်စွာစနစ်ကျနှင့်ပြီးသားအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်ကို တွေ့ရသည်။ ဘတ်စ်ကားမှတ်တိုင်များတွင် ထိုမှတ်တိုင်တွင် ရပ်နားမည့် သက်ဆိုင်ရာကားနံပါတ်များ၏ ခရီးစဉ်များကို လေဒဏ်၊ မိုးဒဏ်ခံနိုင်သည့် လမ်းကြောင်းပြဆိုင်းဘုတ်များဖြင့် စနစ်တကျပြသထား၏။ ခရီးသွားလိုသူများသည် အဆိုပါလမ်းကြောင်းပြမြေပုံကို ကြည့်ကာ မိမိတို့အနေဖြင့် မည်သည့် ကားနံပါတ်ကို စီးရမည်ဖြစ်ကြောင်း သိနိုင်သည်။ ထိုမှ မရှင်းလင်းသေးလျှင်တော့ အနီးရှိ ခရီးသွားဖော် တစ်ယောက်ယောက်ကို မေးမြန်းခြင်းဖြင့် သိနိုင်သည်။ ကျွန်ုပ်နေခဲ့ရသော မြို့တွင်မူ ဘတ်စ်ကားစီးခနှုန်းထားမှာ ထိုမြို့တွင်းမည်သည့် နေရာထိမဆို ကားခမှာ တရုတ်ယွမ်ငွေ (တစ်ကျပ်)ဖြစ်၏။ ခရီးသွားများအနေဖြင့် ဘတ်စ်ကားမှတ်တိုင်တွင် မိမိတို့သွားလိုသည့်ကားဆိုက်ရောက်လာသည့်အခါ သူ့ထက်ငါ အတင်းတိုးဝှေ့တက်ခြင်း မပြုကြဘဲ အရင်ရောက်သည့် အလှည့်ကျအတိုင်းတန်းစီတက်ကြရသည်။ အကယ်၍ မိမိအလှည့်မရောက်ခင် ကားပေါ်တွင် သတ်မှတ်လူပြည့်သွားသော် နောက်ကားတစ်စီးကို စောင့်ရုံသာရှိသည်။ ထိုမြို့၌ လူဦးရေ က များပြားသလောက် ဘတ်စ်ကားအရေအတွက်ကလည်း လွန်စွာများပြားလှသည်။ အချို့လိုင်းများတွင်ဆို ငါးမိနစ်လျှင် တစ်စီးနှုန်းလောက်ပင် လာနေတော့သည်။

### ကားခပေးရသော စနစ်

နောက်ထပ်မှတ်သားစရာတစ်ခုကား ကားခပေးရသော စနစ်ဖြစ်သည်။ ထိုကားများတွင် ကျွန်ုပ်တို့ဆီမှာကဲ့သို့ ယာဉ်နောက်လိုက်များမပါရှိပေ။ ခရီးသွားများသည် ကားပေါ်သို့ ရှေ့တံခါးပေါက်မှသာ တက်ရောက်ရပြီး နောက်တံခါးပေါက်သည် အဆင်းအတွက် ဖြစ်သည်။ ထိုကားပေါ်တွင် သွားမည့် သက်ဆိုင်ရာလမ်းကြောင်းပြမြေပုံအသေးစားပါရှိပြီး မှတ်တိုင်တစ်ခုသို့ ရောက်ခါနီးတွင်လည်း ထိုမှတ်တိုင်အတွက် ဆင်းမည့်သူများပြင်ဆင် ထားကြရန်အတွက် အလိုအလျောက် အသိပေးကြေညာပေးသောစနစ် ပါရှိသည့်အတွက် အဆင်ပြေလှသည်။ ကားခအတွက်မူ ရှေ့တံခါးပေါက်မှတက်လျှင် တက်ချင်း ကားမောင်းသူ၏ အနားမြင်သာသောနေရာတွင် ကားခပိုက်ဆံထည့်ရသောပုံးတစ်ပုံးရှိသည်။ ခရီးသွားများအနေဖြင့် ထိုပုံးထဲတွင် သာမိမိအလှည့်ကျအတိုင်း တန်းစီထည့်ရုံသာဖြစ်သည်။အကယ်၍ကားခမှာ တစ်ကျပ်ဖြစ်ပြီး မိမိမှာ ငါးကျပ်တန်ဖြစ်နေခဲ့လျှင် ထိုငါးကျပ်တန်ကိုကားမောင်းသူအားမြင်အောင်ပြောပြပြီး ပုံးထဲထည့်ရုံသာဖြစ်သည်။ မိမိရမည့်အမ်းငွေကို မိမိနောက်မှတက်လာသူ ခရီးသည်များထံမှ ကားမောင်းသူရှေ့တွင်တွက်ချက်ယူရသည်။

### နိုင်ငံကြီးသားများဖြစ်ကြောင်း အာမခံနိုင်

ကားဂိတ်တွင် ကားဆိုက်ရောက်သည့်အချိန် ကားပေါ်တက်သည့်အခါ တန်းစီ၍ စည်းကမ်းတကျတက်ခြင်း၊ ကားခငွေကြေးကို မှန်ကန်စွာပေးခြင်း၊ ဆင်းမည့်မှတ်တိုင်အတွက် ဆင်းရမည့် ကားတံခါးအနီးတွင် စနစ်တကျတန်းစီစောင့်ဆင်းရခြင်း၊ ကားပေါ်တွင် သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ကိုယ်လက်အင်္ဂါချို့တဲ့သူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုနေရာပေးခြင်းသည်လည်း လွန်စွာကောင်းမွန်လှသော စနစ်တစ်ခုဖြစ်သည်။ အရင်ရောက်သည့် လူအရင်တန်းစီပြီး စည်းစနစ်တကျပြုမူခြင်းသည် ကျွန်ုပ်တို့သည် စည်းကမ်းကို လေးစားလိုက်နာတတ်သော လူကြီးလူကောင်းနိုင်ငံကြီးသားများဖြစ်ကြောင်း သက်သေပြခြင်းဖြစ်သည်။ မိမိပေးဆောင်ရမည့် ကျသင့်ငွေကို မှန်ကန်စွာပေးဆောင်ခြင်းသည် ကျွန်ုပ်တို့သည်အချောင်သမား၊ အခွင့်ရေးသမားများမဟုတ်ဘဲ သီလလုံခြုံသော ကိုယ်ကျင့်တရားနှင့်ပြည့်စုံသည့် နိုင်ငံကြီးသားများဖြစ်ကြောင်း မိမိကိုယ်ကို အာမခံနိုင်ခြင်းပင်ဖြစ်သည်။ မိမိထက်အားနည်းသော သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ဦးစားပေးခြင်း၊ ရဟန်းသာမဏေများကို အလေးထားခြင်းသည် မိမိတို့သည် စေတနာ၊ အနစ်နာ၊ ကရုဏာနှင့်ပြည့်စုံပြီး ရိုသေကိုင်းရှိုင်းရမည့်သူကို အလေးထားဦးစားပေးသည့် မင်္ဂလာတရားတော်နှင့်ညီသော နိုင်ငံကြီးသားများဖြစ်ကြောင်း မှတ်ကျောက်တင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ စေတနာ၊ ကရုဏာ၊ မုဒိတာရှေ့ထားပြီး စည်းကမ်းလိုက်နာခြင်းများဖြင့် မြင့်မြတ်သော၊ ယဉ်ကျေးသော၊ ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံကြီးသားကောင်းများဟူသည့် ဂုဏ်ပုဒ်ဝိသေသများကို ထုဆစ်ဖော်ညွှန်းကြပါစို့လို့ တိုက်တွန်းလိုက်ရပါသည် ခင်ဗျာ။

# စီမံကိန်းခြောက်ခုအတွက် ဂျပန်အစိုးရထံမှ ဂျပန်ယန်း ၁၂၅ ဒသမ ၀၂၁ ဘီလီယံ ချေးယူရန် လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်း ခြောက်ခုအတွက် ဂျပန်နိုင်ငံအစိုးရထံမှ တရားဝင်ဖွံ့ဖြိုးမှု ချေးငွေ (Official Development Assistant loan) စုစုပေါင်းဂျပန် ယန်း ၁၂၅ ဒသမ ၀၂၁ ဘီလီယံအားရယူရန် နှစ်နိုင်ငံအစိုးရအကြား ချေးငွေစာချုပ်များ (Loan Agreements)လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ချေးငွေများအတွက် စည်းကမ်းချက်များမှာ အတိုးနှုန်းတစ်နှစ်လျှင် ၀ ဒသမ ၀၁ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ်၃၀၊ စုစုပေါင်းချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများသည် သက်သာသော ချေးငွေများဖြစ်ပြီး ချေးငွေရယူရန် ချေးငွေစာချုပ်များကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ Southeast Asia and Pacific Department မှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Yasushi Tanaka နှင့် မြန်မာနိုင်ငံ အစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးဆောင်သော တာဝန်ရှိအဆင့်မြင့်အရာရှိကြီးများ၊ ချေးငွေရယူသော သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဂျပန်နိုင်ငံ အစိုးရကိုယ်စားJICA မှ President ဖြစ်သူ Mr. Shinichi Kitaoka ဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# ရေကြီးနစ်မြုပ်သီးနှံပျက်စီးသော တောင်သူများအား နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေပေးအပ်

**မြစ်ကြီးနား မတ် ၂**

မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် မိုးရာသီတွင် ရေကြီးနစ်မြုပ်ခဲ့သော တောင်သူများအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေပေးအပ်ပွဲကို မြစ်ကြီးနားမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး အစည်းအဝေးခန်းမ၌ မတ် ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ် ကျေးရွာအုပ်စု ခြောက်အုပ်စုအတွင်း ၂၀၁၆ ခုနှစ် မိုးရာသီတွင် ရေကြီးနစ်မြုပ်ခဲ့သော စပါး၊ အစေ့ထုတ်ပြောင်း ၂၃၆၃ ဧကအတွက် တောင်သူ ၄၁၇ ဦးအား တစ်ဧကလျှင် တစ်သောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးအပ်ရာ စပါး၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးသီးနှံပျက်စီးသွားသော တောင်သူများက လက်ခံရယူခဲ့ကြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**



# ပထမအကြိမ်အလှကုန် ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၂**

အလှကုန်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ အလှကုန်အသင်းမှ ဦးစီးကျင်းပပြုလုပ်မည့် ပထမအကြိမ် မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး အလှကုန် ဈေးရောင်းပွဲတော်ကြီး (COSMETIC SPECIAL DISCOUNT FESTIVAL-2017)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လာမည့် မတ် ၃ ရက်မှ ၅ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလှကုန်အထူး DISCOUNT ဈေးရောင်းပွဲတော်၌ ပြပွဲလာပြည်သူအမျိုးသမီးများအတွက် အမျိုးသမီးများအသုံးပြုသည့် ဆံပင်နှင့်ပတ်သက်သော အလှကုန်ပစ္စည်းများ၊ မျက်နှာနှင့်ပတ်သက်သော အလှကုန်ပစ္စည်းများ၊ ခန္ဓာကိုယ်အရေပြားနှင့် ပတ်သက်သော အလှကုန်ပစ္စည်းများ အပါအဝင် Skin Care နှင့် Cosmetic အလှကုန်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချမည်ဖြစ်ကာ ပြပွဲလာပြည်သူများ အကျိုးရှိစေရန်အတွက် အလှကုန်နှင့်စပ်လျဉ်းသည့် အရေပြား ကျန်းမာရေးအကြောင်း သိကောင်းစရာများ၊ အလှအပရေးရာနှင့်ပတ်သက်သော မိတ်ကပ်ပြင်ဆင်မှုများအား ပညာရှင်များက အခမဲ့တက်ရောက်ပြသ ဆွေးနွေးပေးသွားမည်ဖြစ်သည်။ **မင်းခေတ်**

# လှိုင်သာယာဒိုင်စုရွာ မီးဘေးသင့်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်၊ အဝတ်အထည်များ ပေးအပ်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"အခုလို မီးဘေးသင့်ပြည်သူတွေကိုတွေ့ရတာ စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြတဲ့ မြို့နယ်၊ ရပ်ရွာအုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူတွေ၊ လာရောက်လှူဒါန်းကြတဲ့ အလှူရှင်တွေကိုလည်း မီးဘေးသင့်ပြည်သူတွေကိုယ်စား အထူးပဲကျေးဇူးတင် သာခုခေါ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောသည်။

ပူပြင်းသောရာသီသို့ စတင်ဝင်ရောက်လာပြီဖြစ်၍ လူဦးရေနှစ်စဉ် တိုးပွားလာလျက်ရှိသော လှိုင်သာယာမြို့နယ်တွင် ကျူးကျော်တဲများလည်း တိုးလာလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီ ၂၅ မိနစ်တွင် ခာတ်ဆီဖြင့် ဆိုင်ကယ်ကာဘရိုက်တာဆေးရာမှ အနီးရှိမီးဖိုသို့ ကူးစက်လောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၅၁ လုံး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် လူဦးရေ ၂၇၀ အား ဒိုင်စုကျေးရွာ မဟာဝိဇယာရာမကျောင်းတိုက်တွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ရာ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများ စားရေးသောက်ရေးနှင့် ကျန်းမာရေးအတွက် ဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်၍ ဆောင် ရွက်ပေးလျက်ရှိသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ငွေကျပ်ခုနစ်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ငွေကျပ် ၁၀ သိန်း၊ လှိုင်သာယာစက်မှုဇုန် (၁၊၂၊၃၊၄၊၆၊၇)ဇုန်တို့မှ ငွေကျပ် ၂၁ သိန်း၊ ရောဟသ်ာကုမ္ပဏီက ငွေကျပ်သိန်း၂၀၊ ဆန်အိတ် ၅၀၊ ဆီပုံး၂၀ နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၁ အိတ်၊ ဆပ်ပြာဘူးနှစ်ပါကင်၊ အဝတ်အထည်အိတ် ၂၀ နှင့် သောက်ရေဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီကို မြို့နယ်က ပံ့ပိုးတာများတော့ အချို့အလှူရှင်တွေကို ရပ်ထားရတယ်။ တစ်နေ့သုံးကြိမ် ကျွေးပါတယ်။ အလှူရှင်က မပြတ်ပါဘူး။ အိမ်ခြေ ၅၁ လုံးမှာ လူဦးရေ ၂၇၀ အတွက် စားရေးသောက်ရေးနဲ့ ကျန်းမာရေးကို ဆောင်ရွက်ပေးထားပါတယ်။ ညောင်ရွာ ဒိုင်စုကျေးရွာအုပ်ချုပ်ရတဲ့ အပိုင်းမှာ ကျူးကျော်တဲသုံးသောင်းကျော်ရှိတယ်။ လှိုင်သာယာမှာက ဟိုနေရာလောင်၊ ဒီနေရာလောင်ဆိုတော့ အဲ့ဒီအတွက်လည်း သူတို့အတွက် ဘယ်လို ပြန်လည်နေရာချထားရေးဆောင်ရွက်မယ်ဆိုတာကတော့ အထက်က ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်မှာပါ"ဟု ဒိုင်စုကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာတို့တွင် နေ့စဉ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ဖြစ်စေ၊ လိုက်လံအသိပေးနှိုးဆော်ခြင်းဖြစ်စေလုပ်ဆောင်မှုများဖြင့် ပြည်သူကိုသတိပေးလုပ်ဆောင်မှုများ လိုအပ်နေပြီး မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးအဖြစ် အိမ်တိုင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတိုင်းတွင် မီးချိတ်၊ မီးကပ်များထားရှိရန် လိုအပ်နေပြီဖြစ်သည်။

ယင်းနေ့မွန်းလွဲပိုင်းက စက်မှုဇုန်ကနော်ခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စက်မှုဇုန်မှ တာဝန်ရှိသူများက ဒိုင်စုကျေးရွာရှိ မီးဘေးသင့်သူများအတွက် လှူဒါန်းရန် ကနဦးတွေ့ဆုံခဲ့ကြောင်းသိရပြီး မီးဘေးသင့်ပြည်သူများ နေထိုင်ရေးအတွက် အစီအစဉ်များ ဆောင်ရွက်နေကြောင်းလည်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်ရတနာစီမံကိန်းရှိ M6-B1 တွင် Badamyar Project အရ ရှာဖွေရေးတွင်း (အောင်ရတနာ-၁) တွင်းတူးဖော်ရေးလုပ်ငန်းများအား Jack-UP Drilling Rig "Petro Vietnam Drilling -1 (Call Sign:3WNX) ဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

တွင်းတူးဖော်မည့် တည်နေရာကိုဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Aung Yadana-1 | 14˚ 52' 44.55"N | 94˚ 53' 36.34" E |

သို့ဖြစ်ပါ၍ ကမ်းလွန်ရတနာ စီမံကိန်းရှိ M6-B1 တွင် Badamyar Project အရ ရှာဖွေရေးတွင်း (အောင်ရတနာ-၁) တွင်းတူးဖော်ရေးလုပ်ငန်းများအား Jeck-UP Drilling Rig "Petro Vietnam Drilling-1" (Call Sign:3WNX) ဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တွင်းတည်နေရာမှ ရေမိုင် ငါးမိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

# လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**စစ်တွေ မတ် ၂**

လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအား ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

သင်တန်းတွင် စစ်တွေခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ဌေးလှိုင်တို့က လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ အပြိုင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်းနှင့် မြေယာအငြင်းပွားမှုများ ဖြေရှင်းခြင်း၊ အယူခံခြင်းများ ဖြေရှင်းဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးဆောင်ရွက်ရသည့် အခြေခံအချက်များနှင့် နည်းလမ်းညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ စစ်တွေမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ခွဲများမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရေးဝန်ထမ်းများနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း-၄ များ စုစုပေါင်း ၁၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# အင်းတော်မြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲပြုလုပ်

**အင်းတော် မတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ငြိမ်းချမ်းရေးအစဉ်တည်ရှိရန်အတွက် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည် လျှောက်ထားခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့မှ စတင်၍ မတ် ၁ ရက် နံနက် ၉ နာရီက မြို့ပတ်စီတန်းလှည့်လည်ခဲ့ကြသည်။

ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတွင် လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ တိုင်းရင်းသားချစ်ကြည်ရေးသီချင်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတည်ရှိရာ ညောင်ပင်စုရပ်မှ ပြည်ထောင်စုလမ်း၊ ကုန်သည်လမ်း၊ သာယာလမ်း၊ ပြည်ထောင်စုလမ်းတစ်လျှောက်တို့ကို ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခဲ့ကြသည်။

အဆိုပါထောက်ခံပွဲသို့ အင်းတော်မြို့ မြို့သူမြို့သားများ၊ ဒေသခံတိုင်းရင်းသားများ၊ ငြိမ်းချမ်းရေးကို လိုလားသူများ စုစုပေါင်း အင်အား ၈၀၀ ခန့်က ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးလိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်မြိုင်(ပြန်/ဆက်)**

# အမ်းမဲဆန္ဒနယ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းအပ်နှံ

**အမ်း မတ် ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးလျက်ရှိသော အမ်းမဲဆန္ဒနယ် ဆန္ဒမဲလက်မှတ်များအား ရခိုင်ပြည်နယ်ကော်မရှင်အရာရှိ ဦးသူရိန်ထွဋ်၊ ကျောက်ဖြူခရိုင် ကော်မရှင်အရာရှိ ဦးဌေးအောင်ခိုင်နှင့် အဖွဲ့ဝင်တို့က အမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ မတ် ၂ ရက် နံနက် ၉ နာရီက လွှဲပြောင်းအပ်နှံခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသာညွန့်နှင့် အဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်စာအုပ်များအား ကုတ်နံပါတ်အလိုက် လျော့နည်း၊ ပြည်စုံမှု ရှိ/မရှိ စနစ်တကျ စိစစ်ရေတွက်ကာ လွှဲပြောင်းလက်ခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# မိုးညို၌ ယာဉ်တိုက်မှုဖြစ်ပွား

**မိုးညို မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး မီးသတ်ရုံးရှေ့လမ်းဆုံတွင် မတ် ၂ ရက် နံနက် ၇ နာရီက ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့ ယာဉ်မောင်း လင်းကျော်ဦး(၂၈ နှစ်) စိန်ကန့်လန့်ရွာ မင်းလှမြို့နယ်နေသူ မောင်းနှင်သည့် YGN 9F/---- ယာဉ်နှင့် ပြည်တော်အေးလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ သန်းထွဋ်စိုး(၂၃ နှစ်) ကြို့ပင်ကောက်မြို့နေသူမောင်းနှင်လာသော YGN 8G/---- လိုက်ထရပ်ယာဉ်သည် လမ်း၏ ဝဲဘက်ခြမ်းသို့ ချိုးကွေ့စဉ် လင်းကျော်ဦး မောင်းလာသော ယာဉ်၏ အရှေ့ဝဲဘက်ကားခေါင်းနှင့် ဝင်ရောက်ချိတ်မိကြခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း သန်းထွဋ်စိုးမှာ ဒဏ်ရာရရှိခဲ့ပြီး ယာဉ်အား မဆင်မခြင်မောင်းနှင်သူ လင်းကျော်ဦးနှင့် သန်းထွဋ်စိုးတို့ကို မိုးညိုမြို့မရဲစခန်းက အမှုရေးဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နယ်လှည့်ဆေးကုသရေးအဖွဲ့ တပ်ကုန်းမြို့နယ်၌ ကွင်းဆင်းဆေးကုသ

**နေပြည်တော် မတ် ၂**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်များ အသင်း(နေပြည်တော်အသင်းခွဲ)မှ သွား ဘက်ဆိုင်ရာ ဆရာဝန်များနှင့် နေပြည် တော် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဆေးရုံမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့် ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက် ပေးခဲ့သည်။

သွားဘက်ဆိုင်ရာ ဆရာဝန်များသည် ကျောင်းသူ ကျောင်းသားများအား သွားကျန်းမာရေးနှင့်ပတ်သက်၍ ပညာ ပေး ဟောပြောကြပြီး ကျောင်းသူ ကျောင်းသားများ၏ သွားကျန်းမာရေးကို စစ်ဆေးကုသပေးခဲ့သည်။

ဆေးကုသရေးအဖွဲ့တွင် သွားဘက် ဆိုင်ရာ ဆရာဝန်များ၊ မျက်စိ၊ သားဖွား မီးယပ်နှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများ ပါဝင်ကြပြီး တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၀ မှ ဒေသခံပြည်သူ ၅၄၅ ဦးကို ဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦး ဒဏ်ရာများနှင့် သေဆုံး

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦးမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ယနေ့ နံနက်ပိုင်းက တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)နေ ဆယ်အိမ်မှူးဟောင်းဖြစ်သူ နူရ်ကာရင်(၃၅)နှစ် (ဘ)ဇာဖော့အာလောင်သည် မိသားစုနှင့်အတူ ၎င်း၏ နေအိမ်၌ အိပ်နေစဉ် မတ် ၁ ရက် ည ၁၂ နာရီခန့်တွင် မျက်နှာဖုံးစွပ်ထားသော အမည်မသိ လူလေးဦးက လာရောက်ခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိခြင်း မရှိသဖြင့် ၎င်း၏ ဖခင်ဖြစ်သူ ဇာဖော့အာလောင်က လိုက်လံရှာဖွေခဲ့ရာ ယနေ့ နံနက် ၆ နာရီခန့်တွင် ရွာတောင်ဘက် လယ်ကွင်းထဲ၌ နူရ်ကာရင်အား ရင်ညွှန့်၊ ယာရင်အုံ၊ ဝဲဘက်လက်မောင်း၊ ဝဲဘက်ဆီးခုံ၊ ခါးလယ်တို့တွင် ထိုးသွင်းဒဏ်ရာတစ်ချက်စီနှင့် ယာလက်သန်းတွင် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် နယ်ခြားစောင့်ရဲဌာနချုပ်(၂)၊ ပြင်ဖြူရဲစခန်းသို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် လာရောက်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ နယ်ခြားစောင့်ရဲဌာနချုပ်(၂)မှ တာဝန်ရှိသူများက နံနက် ၈ နာရီခွဲခန့်တွင် သေဆုံးသူ နူရ်ကာရင်အား မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ အမှုမှန်ပေါ်ပေါက်ရေးနှင့် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကုတ်မြို့နယ်၌ လူသတ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာအနီး၌ မတ် ၁ ရက် နံနက်ပိုင်းက အလောင်းတစ်လောင်းတွေ့ရှိသဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တောင်ကုတ်မြို့နယ် လမူးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းအရ လမူးမော်ကျေးရွာ လမူးချောင်း၏ တောင်ဘက်ကမ်းစပ်သို့ မတ် ၁ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ အသက် (၂၀ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦး၏ အလောင်းအား ကုပ်ပိုးနှင့် ဝဲလက်ဖဝါးတို့တွင် ပြတ်ရှဒဏ်ရာတစ်ချက်စီဖြင့် ပုပ်ပွလျက်အနေအထားဖြင့် တွေ့ရှိခဲ့သည်။

ဖြစ်စဉ်အားစုံစမ်းရာ သေဆုံးသူမှာ မင်းမင်း(ခ)စိုင်းအောင် အသက်(၂၀)နှစ်ခန့် မြိတ်မြို့ဇာတိဖြစ်ပြီး လွန်ခဲ့သော ၆ လခန့်က ချောင်းကြီးကျေးရွာနေ အောင်ကိုမြင့်(ဘ) ဦးတင်မြင့်နှင့် လိုက်ပါနေထိုင်သူဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ အောင်ကိုမြင့်အား မတ် ၁ ရက် ညနေပိုင်းတွင် သံတွဲမြို့နယ် ရွှေလှေကျေးရွာ သံတွဲ၊ တောင်ကုတ်ကားလမ်း၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ ၎င်းသည် လွန်ခဲ့သော လေးနှစ်ခန့်က မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပြီးနောက် ယခင်နှစ်မေလတွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြောင်း၊ ၎င်းသည် စက်တင်ဘာလမှစ၍ ရန်ကုန်-စစ်တွေ ရွှေစန်းပွင့် ကုန်တင်သင်္ဘောတွင် လုပ်ကိုင်ခဲ့ပြီး သေဆုံးသူနှင့် ရင်းနှီးခဲ့ကြောင်း၊ ၎င်းသည် အလုပ်အဆင်မပြေသဖြင့် ချောင်းကြီးကျေးရွာသို့ ပြန်လာစဉ် သေဆုံးသူ မင်းမင်းမှာ အတူလိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့နောက် လမူးမော်ရွာအနောက်ဘက်ရှိ မျက်ပြူး(ခ)ဆန်းလှိုင်၏ ခနိုခုတ်သက်ငယ်လုပ်ငန်းတွင် တစ်လလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် လုပ်ကိုင်ခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က ၎င်းတို့အရက်အတူသောက်ခဲ့ပြီး သေဆုံးသူ မင်းမင်းက ဆဲဆိုခြိမ်းခြောက်ပြောဆိုသဖြင့် ၎င်းက ခနိုလှီးဓားဖြင့် ခုတ်သတ်ပြီး တဲအနီးရှိ လမူးချောင်းအတွင်းသို့ ပစ်ချခဲ့ကြောင်း ထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ အရေးယူ နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် မတ် ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ပြည်မြို့နှင့် တောင်ငူမြို့တို့၌ ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့၌ ၀ ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မြန်မာ့အလင်း)**

# တောင်သူများ လယ်ယာမြေသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားပေးမည့် Call Center

**တွေ့ဆုံမေးမြန်း-သိမ့်သိမ့်မိုး**
**ဓာတ်ပုံ-သိခ်**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အဓိက တာဝန်ယူဆောင်ရွက်နေသော တောင်သူများ နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အချိန်နှင့် တစ်ပြေးညီ မေးမြန်းနိုင်ရန်နှင့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကူညီဖြေရှင်းပေးနိုင် ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မှ Call Center ကို မတ် ၂ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Call Center ရုံးဖွင့်ပွဲ အခမ်းအနားကို မတ် ၁ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးဌာန မှ တာဝန်ရှိသူများအား မေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။

**ဒေါက်တာ ရဲတင့်ထွန်း**
**(ညွှန်ကြားရေးမှူးချုပ်)**
**စိုက်ပျိုးရေးဦးစီးဌာန**

စိုက်ပျိုးရေးဦးစီးဌာနရဲ့ အဓိက တာဝန်တစ်ခုဖြစ်တဲ့ စိုက်ပျိုးနည်းပညာ တောင်သူတွေ လက်ဝယ်ရောက်ရှိဖို့အတွက် နည်းလမ်းများစွာရှိတဲ့အနက် တောင်သူ လယ်ယာမြေသီးနှံများ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ အခက်အခဲဖြစ်ခဲ့တယ်ဆိုရင်အချိန်နဲ့ တစ်ပြေးညီ မေးမြန်းပြီး စိုက်ပျိုးရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွမ်းကျင်ပညာရှင်တွေက မေးမြန်းချက်တွေကို ဝိုင်းဝန်းဖြေရှင်းသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်တာဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးဖို့ ဆောင်ရွက်တဲ့နေရာမှာ အဓိကတောင်သူတွေက အတွေ့အကြုံပိုများပါတယ်။ ဒါပေမယ့် လက်ရှိကွင်းထဲမှာ အဖြစ်အပျက်များတဲ့ ပြဿနာတွေဖြစ်တဲ့ ပိုးမွှားရောဂါကျရောက်တာတွေ၊ ဓာတ်မြေဩဇာကို အချိုးကျ အချိန်ကိုက် မကျွေးနိုင်တာတွေ၊ တချို့နေရာတွေမှာဆိုရင် မြေဆီလွှာပြဿနာတွေရှိတဲ့ နေရာတွေရှိပါတယ်။ ရေဝင်တဲ့ ရေယာတွေ၊ ရေငတ်ဒဏ်ခံနိုင်တဲ့ ရေယာတွေ၊ နောက်တစ်ခါ သံဓာတ်အဆိပ်သင့်တဲ့ ရေယာတွေ စတာတွေပေါ့။ နေရာဒေသမျိုးစုံမှာ နှစ်တိုင်းကြုံတွေ့နေပေမယ့်လည်း တစ်ခါတလေမှာ တွေ့ကြုံရတဲ့ပြဿနာလေးတွေရှိလာတယ်။ အဲဒီလို ဖြစ်လာတဲ့အခါမှာ တောင်သူတွေအနေနဲ့ ဖြစ်လာတဲ့ ပြဿနာအပေါ်မူတည်ပြီး ဒါဟာ မြေဆီလွှာပြဿနာလား၊ ဒါဟာ ရောဂါလားဆိုတာကို ဝေဖန်ပိုင်းခြားနိုင်မှု မရှိသေးရင် ကျွန်တော်တို့ ဌာနနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့ အဖြေရှာလို့ရမှာ ဖြစ်ပါတယ်။

Call Center လို့ ပြောတဲ့အတွက်ကြောင့် လောလောဆယ်မှာတော့ အမေးအဖြေသဘောမျိုးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တကယ်လို့ တောင်သူတွေအနေနဲ့ ဖြေရှင်းတဲ့အခါမှာ ထိရောက်မှုပိုပြီး ရှိအောင်မြို့နယ်အသီးသီးမှာရှိနေကြတဲ့ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းတွေ


ဒေါက်တာရဲတင့်ထွန်း

ကို Call Center ကနေ တိုက်ရိုက်ချိတ်ဆက်ပြီးတော့ ဝန်ထမ်းတွေကို တောင်သူတွေနဲ့ အနီးကပ်ပူးပေါင်း ဖြေရှင်းပေးသွားမှာ ဖြစ်ပါတယ်။ အလားတူ တစ်ဖက်ကလည်း တိုးတက်လာတဲ့ နည်းပညာတွေအရ လူမှုကွန်ရက်တွေ သုံးလာတာရှိတယ်။ အဲဒီလိုအတွက် Call Center ဟာ အမေးအဖြေတင်သာမကဘဲနဲ့ ဖေ့ဘုတ်၊ ဝက်ဆိုက်နဲ့ ဗိုက်ဗာမှာရော အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ထားပါတယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ ကိုယ့်စိုက်ခင်းရဲ့အခြေအနေကို ဓာတ်ပုံရိုက်ပြီး တင်ပြမေးမြန်းနိုင်ပါတယ်။ အဓိကအနေနဲ့ စိုက်ပျိုးရေးကဏ္ဍမှာ Call Center က ပထမဆုံး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် Call Center နဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ အလွန်နည်းပါသေးတယ်။ ဒါပေမယ့် ဒီနေ့မှမလုပ်ရင် နောင်ဘယ်တော့မှ ဖြစ်မလာတော့ဘူးဆိုတဲ့ အနေအထားအရ ဒီ Call Center ကို စတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အားနည်းချက်တွေလည်း ရှိနေပါသေးတယ်။ ဒါပေမယ့် တောင်သူတွေနဲ့ ထပ်တူဖြစ်လာတဲ့ ပြဿနာတွေကို ရေရှည်မှာ Call Center ဆောင်ရွက်သွားခြင်း အားဖြင့် တိုင်းပြည်ရဲ့ လယ်ယာကဏ္ဍဟာ အချိန်တိုအတွင်းမှာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးနည်းစနစ်တွေကို ထဲထဲဝင်ဝင် သိလာမယ်ဆိုတဲ့ အနေအထားမျိုးဖြစ်လာနိုင်ပါတယ်။ နောက်တစ်ခု ပညာရှင်ဝန်ထမ်းတွေအပိုင်းကလည်း နိုင်ငံအလိုက် တိုးတက်နေတဲ့ နည်းပညာကိုလည်း အစဉ်တစိုက်လေ့လာသုတေသန



ဦးအေးကိုကို

ပြု ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ တွေ့ရှိလာတဲ့ သုတေသနတွေ့ရှိချက်ရလဒ်တွေကို တောင်သူတွေထံ အချိန်မီဖြန့်ဖြူးပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။

တချို့လည်းပဲ ဗဟုသုတ အလို့ငှာ သိချင်ကြတဲ့ တောင်သူတွေလည်း ရှိပါတယ်။ အဲဒီအတွက် ဘယ်ရာသီ ဘယ်ဒေသမှာ ဘယ်သီးနှံတွေ စိုက်ပျိုးရင် ဖြစ်ထွန်းနိုင်မယ်ဆိုတဲ့ အနေအထားမျိုးလည်း အကြံပြုပေးသွားမှာ ဖြစ်ပါတယ်။အခုလောလောဆယ် ရုံးချိန် ရုံးဖွင့်ရက်တွေအားလုံးမှာ မနက် ၁၀ နာရီကနေ ညနေ ၃ နာရီ အထိ Call Center ဖွင့်လှစ်သွားမယ်။ လူမှုကွန်ရက်တို့မှာကတော့ ရုံးချိန်အပြည့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန လက်အောက်မှာဆိုရင် သီးနှံအလိုက် ကျွမ်းကျင်တဲ့ ပညာရှင်တွေရှိတယ်။ အပင်ပိုးမွှားပညာရှင်၊ မြေဆီလွှာပညာရှင်၊ မျိုးစေ့နဲ့ပတ်သက်တဲ့ ပညာရှင်တွေရှိပါတယ်။ အဲဒီပညာရှင်တွေက စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအပါအဝင် တခြား နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီး နည်းပညာပေးဆွေးနွေးတာတွေ သင်ခန်းစာပေးတာ စတာတွေကို တစ်ဖက်က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပညာရှင်ဝန်ထမ်းတွေကတော့ တောင်သူတွေရဲ့ မေးမြန်းလာမှုအပေါ်မှာ နည်းပညာပိုင်းကို အကြံပြုပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအကြံပြုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ Call Center ကနေ နယ်တွေမှာရှိတဲ့ တခြား ပညာရှင်ဝန်ထမ်းရဲ့ အကြံဉာဏ်များနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့ အခါမှာ ဝန်ထမ်းတွေရဲ့စွမ်းရည်မြှင့်တင်


ဒေါ်လင်းလင်းသီ

ရေးကို ပြည်တွင်း ပြည်ပမှာရှိနေတဲ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက မေးမြန်းလာတဲ့ မေးခွန်းတွေအပေါ်မှာ ပြန်လည်ပြီး သုံးသပ်တဲ့ ပွဲလေးတွေလုပ်မယ်။ လုပ်တဲ့အခါမှာ ဘယ်အချက်တွေက နိုင်ငံအတွက် အားနည်းနေတယ်။ ဒီအတွက် ဘယ်လိုပူးပေါင်းဖြေရှင်းမလဲဆိုတဲ့ အဖြေလေးတွေ ထွက်လာမှာ ဖြစ်ပါတယ်။ ဒီအပိုင်းတွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်။

နောက်တစ်ခုကတော့ Call Center စတင်ဖွင့်လှစ်တဲ့အခါမှာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ သက်ဆိုင်တဲ့ နည်းပညာကို အဓိကပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ အခြားလယ်ယာမြေနဲ့ ပတ်သက်တဲ့ ပြဿနာတွေ၊ ရေရရှိရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေကိုတော့ သက်ဆိုင်ရာဌာနတွေကနေ ဖြေရှင်းပေးမှာ ဖြစ်ပါတယ်။ ဒီ Call Center က နည်းပညာပိုင်းကိုပဲ ဦးစားပေးပြီး အထောက်အကူပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် တောင်သူတွေအနေနဲ့ တကယ့်ပြဿနာဖြစ်နေတဲ့ ရေယာတွေမှာလည်း တကယ်ထိထိမိမိမေးမြန်းပေးကြပါ။ ဌာနအနေနဲ့ကလည်း တောင်သူတွေလိုအပ်နေတဲ့ နည်းပညာနဲ့ တခြားအကြံဉာဏ်တွေကို ဝိုင်းဝန်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒီလို ပံ့ပိုးပေးသွားခြင်းအားဖြင့် တောင်သူတွေမှာ အတွေ့အကြုံပိုမိုများလာပြီး ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်နိုင်မယ့် စွမ်းအင်တွေရရှိလာမယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေအနေနဲ့ လည်း လှိုက်လှိုက်လှဲလှဲ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးအေးကိုကို**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**စိုက်ပျိုးရေးဦးစီးဌာန**

တိုးတက်နေတဲ့ ခေတ်ကြီးမှာ တောင်သူလယ်သမားအများစုဟာ ဖုန်းတွေ ကိုင်နိုင်ကြပြီဖြစ်တဲ့အတွက်ကြောင့် အိုင်တီနည်းပညာကို အသုံးပြုပြီး တောင်သူတွေလက်တွေ့ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တဲ့ အတွက်ဒီ Call Center ဟာ တောင်သူနယ်ပယ်မှာ များစွာအကျိုးသက်ရောက်မှာဖြစ်ပါတယ်။ တောင်သူတွေအတွက် ဥပမာအားဖြင့် မျိုးကောင်းမျိုးသန့်ရရှိဖို့ အတွက် လိုအပ်တဲ့အခြေအနေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ ဖြေရှင်းပေးရမယ့် နည်းလမ်းတွေ၊ နည်းစနစ်တွေ၊ နောက်ပြီး မြေဆီလွှာနဲ့ ပတ်သက်တဲ့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် Call Center မှာ စိုက်ပျိုးရေးဦးစီးဌာနရဲ့ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင် ၅၀ ကို နှစ်လတာ သင်တန်းတွေပေးပြီးတော့မှ ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ သီးနှံတွေနဲ့ပတ်သက်တာ အားလုံးကို ကျွမ်းကျင်အောင် ဆောင်ရွက်ပါတယ်။ မေးလာတဲ့ မေးခွန်းပေါ်မှာ ဖြေကြားပေးဖို့အတွက် Software ထဲမှာ ဆိုရင်လည်း မေးနိုင်ခြေများတဲ့ မေးခွန်းနဲ့ အဖြေတွေကို ထည့်ထားပါတယ်။ ပညာရပ်ပိုင်းဆိုင်ရာအရ အနည်းငယ်အခက်အခဲဖြစ်နိုင်တာဆိုရင် ၂၄ နာရီအတွင်း ဖြေကြားနိုင်ဖို့ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်ရဲ့ အဖြေကို ရယူပြီးတော့ ဆောင်ရွက်သွားမှ ဖြစ်ပါတယ်။ Call Center စဖွင့်တဲ့ အချိန်မှာတော့ အနည်းငယ် လိုအပ်ချက်လေးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့် တောင်သူတွေမေးလာတဲ့ အပေါ်မှာလည်း Call Center က Hot line ဖုန်း-၀၁-၂၃၉၉၅၅၅ ကို ဆက်သွယ်နိုင်ပါတယ်။ Call Center စတင်ဖွင့်လှစ်လိုက်ပြီဖြစ်တဲ့ အတွက်ကြောင့် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ တောင်သူတွေ၊ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် လိုအပ်ချက်တွေကိုဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ Call Center နဲ့ ပတ်သက်လို့လိုအပ်ချက်တွေ ရှိရင်လည်း ဝိုင်းဝန်းအကြံပြုကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်လင်းလင်းသီ**
**(ဒုတိယညွှန်ကြားရေးမှူး)**
**စိုက်ပျိုးရေးဦးစီးဌာန**
**Call center ကြီးကြပ်ရေးမှူး**

Call center ဖွင့်မယ်လို့ စီစဉ်တဲ့ အချိန်ကစပြီး စိုက်ပျိုးရေးဦးစီးဌာန၊ အောက်မှာရှိတဲ့ စိုက်ပျိုးရေးကျွမ်းကျင် ပညာရှင်ဝန်ထမ်းတွေကို ရွေးချယ်ပြီး စာတွေ့အနေနဲ့ နည်းပညာဆိုင်ရာ ဘာသာရပ်တွေကို နှစ်လ သင်တန်းပေးခဲ့ပါတယ်။ သင်တန်းပေးပြီး မေးမြန်းဖြေကြားချက်တွေ၊ စက်ကိရိယာ အသုံးပြုပုံတွေ၊ ကိုင်တွယ်ပုံတွေ ဆက်သွယ်မေးမြန်းတဲ့ နည်းစနစ်တွေကို လက်တွေ့သင်ကြားပေးခဲ့ပါတယ်။ ဆက်ပြီးတော့လည်း တောင်သူတွေရဲ့ အခက်အခဲတွေ၊ မေးမြန်းလာတဲ့ မေးခွန်းတွေကို ကြိုးစားပြီး ဖြေရှင်းပေးပါမယ်။ နောက်ထပ်လည်း ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေကို ဖြန့်ဖြူးပေးဖို့ အစီအစဉ်တွေ ရေးဆွဲထားပါတယ်။ တကယ်တတ်ကျွမ်းတဲ့ ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ မှန်ကန်တဲ့ အဖြေတွေကို တောင်သူတွေဆီ တစ်ဆင့်ပြီးတစ်ဆင့် နည်းပညာပြန့်ပွားသွားဖို့အတွက် အများကြီး ကြိုးပမ်းသွားဖို့ ရှိပါတယ်။ တောင်သူတွေအနေနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ရဲ့ စီးပွားရေးဟာ တိုးတက်မှာဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးရေး ပညာရှင်တွေက တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားဖို့လိုပါတယ်။

## အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၂**

ပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်နှင့် အိမ်ရာအသစ်များဖော်ဆောင်ရာတွင် လိုအပ်ချက်ရှိသော ပြည်သူများ လက်ဝယ်အမှန်တကယ်ရောက်ရှိရန် လိုအပ်ကြောင်းကို ဒုတိယအကြိမ် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇ နှင့် ပတ်သက်၍ မတ် ၁ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး ၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် The 2nd Housing & Building 2017 စာနယ်ဇင်းရှင်းလင်းပွဲ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်ကြားရေးတာဝန်ခံ ဦးသိန်းမြင့်ဝေ၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်၊ MKT Construction Co.,Ltd. မှ ဦးမျိုးမြင့်၊ AMPS Construction Co., Ltd မှ Administrative ဒါရိုက်တာဦးသက်ဝင့်ကျော်ဇံတို့က စီးပွားရေးနှင့် ကုန်သွယ်မှုအကြောင်းအရာများ၊ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများမှ ဈေးကွက်အတွင်းနှင့် သုံးစွဲသူပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ-ခင်မောင်သော်**



# တရုတ်ရေငုပ်သင်္ဘောတစ်စင်း ပင်လယ်ရေအောက် အနက် ၃၁၇၇ မီတာသို့ ဆင်းသက်လေ့လာ

**ပေကျင်း မတ် ၂**

ဂျာလောင်ဟု အမည်ပေးထားသည့် တရုတ်နိုင်ငံထုတ် ရေနက်သွား ရေငုပ်သင်္ဘောတစ်စင်းသည် ယမန်နေ့က လေ့လာရေးခရီးစဉ်အဖြစ် အိန္ဒိယသမုဒ္ဒရာ အနောက်မြောက်ပိုင်း ပင်လယ်ရေမျက်နှာပြင်အောက် အနက် ၃၁၇၇မီတာသို့ ဆင်းသက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို တရုတ်နိုင်ငံရှိ အမှတ် ၃၈ ပင်လယ်သမုဒ္ဒရာသိပ္ပံဆိုင်ရာ စွန့်စားရှာဖွေရေးအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေငုပ်သင်္ဘော၏ ပင်လယ်ရေအောက် စူးစမ်းရှာဖွေရေးဆိုင်ရာ တပ်မှူး ယူဟုန်ဂျန်က စွန့်စားရှာဖွေခြင်းဆိုင်ရာစမ်းသပ်မှုကို အပြည့်အဝ လုပ်ဆောင်ပြီးဖြစ်ကြောင်းနှင့် ရေအောက်ရှိ ဆာလ်ဖိုက် ၄ ဒသမ ၂ ကီလိုဂရမ်၊ ဆား ၁၈ ဒသမ ၇ ကီလိုဂရမ်နှင့် ပင်လယ်ရေအောက် ရေ ၁၆ လီတာတို့အပါအဝင် အမယ်မျိုးစုံကို စုဆောင်းရယူထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။

ဂျာလောင်၏ ပထမဦးဆုံး ပင်လယ်ရေအောက် စူးစမ်းရှာဖွေရေးကို ယခုနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၂၄ ရက်ကြာ ပြုလုပ်မည့် ပင်လယ်ရေအောက် စူးစမ်းရှာဖွေမှုခရီးစဉ်အတွင်း ဂျာလောင်သည် တောင်တရုတ်ပင်လယ်နှင့် ယက်ပ်ရေနုတ်မြောင်းအတွင်း စူးစမ်းရှာဖွေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# ဒရုန်းတိုက်ခိုက်မှုကြောင့် ယီမင်ရှိအယ်လ်ခိုင်ဒါအဖွဲ့ဝင်လေးဦး သေဆုံး

**ဆာနား မတ် ၂**

ယီမင်နိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့က အဆောက်အအုံတစ်ခုကို ဒရုန်းယာဉ်ဖြင့်တိုက်ခိုက်ခဲ့ရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့များဟု သံသယရှိသူလေးဦး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ဒရုန်းတိုက်ခိုက်မှုသည် အယ်လ်အဝါလက်မျိုးနွယ်စုများ စုဝေးနေထိုင်ရာ ရှတ်ဘဝါပြည်နယ်အတွင်းရှိ အယ်လ်ဆာအိတ် ဇရီယာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သည့် ဒရုန်းလေယာဉ်များသည် အမေရိကန်ဒရုန်းလေယာဉ်များဖြစ်သည်ဟု ယုံကြည်ကြောင်း မြို့နေပြည်သူများက ပြောကြားခဲ့သည်။သမ္မတအိုဘားမား သမ္မတတာဝန် ထမ်းဆောင်ခဲ့စဉ် ကာလအတွင်း အမေရိကန်ပြည်ထောင်စုသည် အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများအပေါ် ဒရုန်းယာဉ်တိုက်ခိုက်မှုများစွာ လုပ်ဆောင်ခဲ့သည်။

ဇန်နဝါရီလနှောင်းပိုင်းတွင် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟု သံသယရှိသူ သုံးဦးသည် ယီမင်၌သေဆုံးသွားခဲ့ပြီး အမေရိကန်ဒရုန်းယာဉ်နှစ်စင်းက အသီးသီး တိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

သမ္မတအိုဘားမားလက်ထက်က အစိုးရအဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွများ၊ အယ်လ်ခိုင်ဒါ စစ်သွေးကြွများနှင့်အီရတ်၊ ဆီးရီးယား၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အခြားသောနိုင်ငံများမှ စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်ချေမှုန်းရန် ဒရုန်းယာဉ်များကို မကြာခဏအသုံးပြုခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အမီနာမိုဟာမက် တရားဝင်ကျမ်းသစ္စာကျိန်ဆို

**ဂျီနီဗာ မတ် ၂**

နိုင်ဂျီးရီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း အမီနာမိုဟာမက်သည် မကြာသေးမီက ကမ္ဘာ့ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တရားဝင်ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အမီနာအနေဖြင့် ရာထူးလက်ခံလိုက်ခြင်းအပေါ် အလွန်အမင်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အမီနာအနေဖြင့်လည်း ကုလသမဂ္ဂဌာနချုပ်မှနေကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေအတွင်းရေးမှူးချုပ်ကို ကူညီပေးသွားရန် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းသည် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အာဖရိက အမျိုးသမီးများထဲမှ ဒုတိယမြောက် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။

ပထမဆုံးတစ်ဦးမှာ ဘန်ကီမွန်းလက်အောက်တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် တန်ဇန်နီးယားနိုင်ငံသူ အက်ရှာရိုစ်မီဂီယိုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကင်ဂျုံနမ်လုပ်ကြံခံရမှုတွင် သံသယရှိသူအဖြစ် ဖမ်းဆီးထားသည့် မြောက်ကိုရီးယားနိုင်ငံသားကို ပြန်ပို့မည်

**ကွာလာလမ်ပူ မတ် ၂**

မြောက်ကိုရီးယားခေါင်းဆောင်၏ အစ်ကိုဖြစ်သူ ကင်ဂျုံနမ် လုပ်ကြံခံရမှုတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ဖမ်းဆီးခဲ့သည့် မြောက်ကိုရီးယားနိုင်ငံသားကို မတ် ၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ ပြန်ပို့မည်ဖြစ်သည်ဟု မလေးရှားရှေ့နေချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

ကင်ဂျုံနမ်လုပ်ကြံခံရမှုတွင်ပါဝင်သည်ဟုဆိုကာ မြောက်ကိုရီးယားနိုင်ငံသား ရီဂျုံချူအား ဖမ်းဆီးခဲ့သော်လည်း ၎င်းအား အရေးယူနိုင်လောက်သည့် အထောက်အထား အခိုင်အမာမရှိခြင်းကြောင့် ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း ရှေ့နေချုပ်မိုဟာမက်အပန်ဒီအလီက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ထို့အပြင် မလေးရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသားများအတွက် ပေးအပ်ထားသည့် ဗီဇာကင်းလွတ်ခွင့်ကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်ကြောင်းနှင့် ၎င်းတို့သည် မလေးရှားနိုင်ငံသို့ ဝင်ရောက်မည်ဆိုပါက ဗီဇာရယူရန်လိုအပ်လာတော့မည်ဖြစ်သည်ဟု ဆိုသည်။

ပြည်ဝင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လာမည့် ရက်သတ္တပတ် တနင်္လာနေ့တွင် စတင်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု မလေးရှား ဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီ၏ ပြောကြားချက်ကို မလေးရှားနိုင်ငံပိုင် ဘာနာမာသတင်း အေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။ ကွာလာလမ်ပူလေဆိပ်၌ မြောက်ကိုရီးယားခေါင်းဆောင်၏အစ်ကို လုပ်ကြံခံရမှုဖြစ်ပွားခဲ့ပြီးသည့်နောက်တွင် မလေးရှားနိုင်ငံ ထိုသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# နိုင်ငံတကာစက်ဘီးစီးပြိုင်ပွဲကို ဗီယက်နမ်၌ ကျင်းပမည်

**ဟိုချီမင်းစီးတီး မတ် ၂**

အမျိုးသမီး နိုင်ငံတကာစက်ဘီးစီးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘန်ဒေါင်ပြည်နယ်တွင် မတ် ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံရှစ်နိုင်ငံမှ အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများမှာ ဗီယက်နမ်နိုင်ငံမှ ၁၀ သင်း၊ ကာဇက်စတန်နိုင်ငံမှ နှစ်သင်း၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်စသည့်နိုင်ငံများမှ တစ်သင်းစီ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ပါက ဆုကြေးအဖြစ် ဗီယက်နမ်ဒေါင် သန်း ၄၀၀ (အမေရိကန် ဒေါ်လာ ၁၈၀၀၀) ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကဘူးလ်မြို့အနောက်ပိုင်း ရဲစခန်းတိုက်ခိုက်မှု လုံခြုံရေးကောင်စီ ပြစ်တင်ရှုတ်ချ




**ဂျီနီဗာ မတ် ၂**

မတ် ၁ ရက်က ဖြစ်ပွားသော လူ ၁၅ ဦးသေဆုံးခဲ့သည့် တိုက်ခိုက်မှုအား သူရဲဘောကြောင်သော အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကဘူးလ်မြို့အနောက်ဘက် ရဲစခန်းတစ်ခုအား ဝင်ရောက်တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း တာလီဘန် အကြမ်းဖက်အဖွဲ့က ကြေညာထားကြောင်း သိရသည်။

တာလီဘန်၊ အယ်လ်ခိုင်ဒါ၊ အိုင်အက်စ်နှင့် အခြားလက်နက်ကိုင်အဖွဲ့များ၏ ခြိမ်းခြောက်မှုကြောင့် ဒေသတွင်း ပြည်သူများ၊ တပ်မတော်အင်အားစုများ လုံခြုံရေးတပ်ဖွဲ့များနှင့် အာဖဂန်ရှိနိုင်ငံတကာ အဖွဲ့အစည်းများအတွက် စိုးရိမ်စရာဖြစ်ခဲ့ကြောင်း လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများက အကြိမ်များစွာ ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်ဝါဒကို ကူညီထောက်ပံ့နေသူများ ငွေကြေးထည့်ဝင်နေသူများ၊ အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်နေသူများအားလုံးကို တရားဥပဒေရှေ့မှောက် အရောက်ပို့ဆောင်ရန်လိုကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ပြောခဲ့သည်။ ထို့အပြင် အာဖဂန်နစ္စတန် အာဏာပိုင်များနှင့် ပူးပေါင်းပြီး လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတကာဥပဒေအတိုင်း အရေးယူမှုများလုပ်ဆောင်သွားရန် နိုင်ငံများအား တိုက်တွန်းကြောင်း အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ်ဖြန့်ချိ

**နေပြည်တော် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် ရဲမြတ်တင်၏ “ကျွန်တော့်ဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ဗုဒ္ဓဘာသာ၊ တရားဒေသနာတော်များကို ကျင့်ကြံအားထုတ်သော လူရွယ်ပိုင်းအမျိုးသားတစ်ဦး၏ စိတ်တွင်းပေါ်ပေါက်လာမှုအမျိုးမျိုးကို ဝတ္ထုတိုပုံသဏ္ဍာန်များဖြင့် ရေးသားဖွဲ့ဆိုထားသည့် စာအုပ်ဖြစ်သည်။ ၎င်းတွင် စာရေးသူက ဘာသာရေးသဘောကို ၎င်းမြင်သည့်အပိုင်းမှ ရေးသားထားခြင်းသာဖြစ်ပြီး စာဖတ်သူများအနေဖြင့်လည်း ၎င်းခံစားမိသည့်အတိုင်း သုတ၊ ရသနှစ်ဖြာကို ရရှိစေနိုင်အောင် လွယ်ကူရှင်းလင်းစွာရေးသားထားသည်။ အရေးအသားမကျွမ်းကျင်လျှင် အန္တရာယ်ရှိစေနိုင်သည့် အကြောင်းအရာများဖြစ်သဖြင့်လည်း စာရေးသူသည် ၎င်းဝတ္ထုတိုများကို လိမ္မာပါးနပ်စွာရေးသားထားသည်ကို တွေ့ရသည်။

ရောင်းဈေး ငွေကျပ် ၁၇၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ အချိန်ကိုအသုံးချနည်းစာအုပ်ထွက်ရှိ

ဆရာချစ်နိုင်(စိတ်ပညာ)၏ အချိန်ကိုအသုံးချနည်းစာအုပ်သည် ဒုတိယအကြိမ်အဖြစ်ထွက်ရှိလာသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဆရာချစ်နိုင်သည် လူငယ်ဆိုင်ရာ ပညာပေးစာအုပ်များ ၁၀၀ ကျော် ရေးသားထုတ်ဝေခဲ့ပြီးသူဖြစ်သည်။ တပ်မတော်(ကြည်း)တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ဖူးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၁ နှစ်ကြာ ထမ်းရွက်ခဲ့သူဖြစ်ခြင်းကြောင့် လူငယ်များ၏ အတွေးအခေါ်နှင့် အမူအကျင့်တို့ကို ခေတ်အခြေအနေနှင့်အညီ စိတ်ဝင်စားဖွယ်ကောင်းအောင် ဆွေးနွေးအကြံပေး ရေးသားတတ်သူဖြစ်ပေသည်။ ဝန်ထမ်းဘဝကို ထဲထဲဝင်ဝင်ကျွမ်းကျင်သူဖြစ်သည်။

အချိန်ကိုအသုံးချနည်းစာအုပ်မှာ စာရေးသက် နှစ်ပေါင်း ၃၀ အတွင်း လေ့လာဆည်းပူးထားသော စာတွေ့၊ ကိုယ်တွေ့၊ သူ၏အတွေ့အကြုံများကို အခြေခံကာ ခေါင်းဆောင်မှုကောင်းမွန်ရေး၊ ကိုယ်ကျင့်သီလတန်ဖိုးထားရေးတို့ကို ပြေပြစ်ရှင်းလင်းသော စကားပြေဖြင့်ရေးသားနိုင်သည်။ ၂၀၁၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သဖြင့် လူငယ်များ ဖတ်ရှုနိုင်ရန် ဒုတိယအကြိမ် ထပ်မံပုံနှိပ်ခြင်းဖြစ်သည်။ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် နိုင်စာပေက ထုတ်ဝေသည်။

အနောက်နိုင်ငံထုတ် တက်ကျမ်းများကို တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ပတ်ဝန်းကျင်နှင့် ခေတ်မီအနောက်တိုင်းစိတ်ပညာသီအိုရီများကို နားဝင်လွယ်အောင် ရေးသားနိုင်စွမ်းရှိသဖြင့် အချိန်ကို အသုံးချနည်း စာအုပ်သည် ဆုံးမစာမဆန်သည့် အနုပညာရသပါသော စိတ်ပညာဆိုင်ရာအကြံပေးစာအုပ်မျိုးဖြစ်သည်ဟု ဆိုနိုင်လေသည်။

**(စာအုပ်စင်သတင်းထောက်)**

# ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်

**ရန်ကုန် မတ် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ မူလရုပ်ရှင်ရုံအဟောင်းအား အဆင့်မြှင့် ပြောင်းလဲပြုပြင်မွမ်းမံကာ ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသစ်တွင် ခေတ်မီ 3D ရုပ်သံစနစ်ဖြင့် မတ် ၂ ရက်က စတင်ကာ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနေပြီဖြစ်ကြောင်း သိရသည်။

ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် အဖွဲ့ဝင်များ၊ ဝါဝါဝင်းရွှေရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေစာနယ်ဇင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကာ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့ကြသည်။

ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသည် လွန်ခဲ့သော ၂၀၁၂ ခုနှစ်က ဖွင့်လှစ်ပြသခဲ့သော ရုပ်ရှင်ရုံတစ်ရုံဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရပြီး ယခုအခါ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ကို ကြိုက်နှစ်သက်သူမိဘပြည်သူများ ခေတ်နှင့်လျော်ညီစွာ 3D စနစ်ဖြင့် ရုပ်/သံပိုင်းဆိုင်ရာ ကြည့်ရှုခံစားနိုင်ရေး၊ သက်သောင့်သက်သာထိုင်ခုံများနှင့် လေအေးပေးစက်များ ရုံအတွင်း တပ်ဆင်ထားကာ စိတ်ချမ်းသာစွာအပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သာသနနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာတော်ပြန်ပွဲကြီးကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ချောင်းဝကျောင်းတိုက် ထူးဆန်းပြည့်စုံဓမ္မာရုံ၌ ကျင်းပရာ ဆရာတော်တစ်ပါးအား ဒေါက်တာ ဦးဝင်းမြင့်နှင့် ဇနီး သီဟသုဓမ္မသီဂီ-ဒေါ်ခိုင်ခိုင်ဦး (မြတ်မေတ္တာမွန် ကုမ္ပဏီလီမိတက်)မိသားစုက စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းစဉ်

မီးမီး(လှိုင်)

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မြို့နယ်လုံးဆိုင်ရာ (၁၂)ကြိမ်မြောက် ဝိနယာသီသ စာမေးပွဲစာအောင်ဆုနှင်းသဘင်နှင့် (၃၆)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂ ရက် နံနက်က ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာခုပရိယတ္တိစာသင်တိုက် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ စာအောင်သံဃာတစ်ပါးအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းစဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)



# နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့်အထိမ်းအမှတ် အလှူငွေပေးအပ်



**ရန်ကုန် မတ် ၂**

ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဇနီးဒေါ်မြင့်မြင့်တို့၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် မင်္ဂလာနှစ်ပတ်လည်နှင့် အတူ တက္ကသိုလ်တင်ခ၏ အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် အထိမ်းအမှတ်အနေဖြင့် သားသမီးမြေးမြစ်များ၏ အလှူမင်္ဂလာပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ သီရိရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဇနီးဒေါ်မြင့်မြင့် မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ရာ စာနယ်ဇင်းနှင့် စာပေမိတ်ဆွေများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နှုတ်ခမ်းကွဲ၊ အာကျရောဂါဝေဒနာရှင် ကလေးငယ်များကို အခမဲ့ခွဲစိတ်ကုသပေးမည်

**မော်လမြိုင် မတ် ၂**

မော်လမြိုင်အခြေစိုက် TTCL Group ကုမ္ပဏီများအုပ်စုမှ ပံ့ပိုးပေးမှုဖြင့် ဂျပန်နိုင်ငံမှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးများ ပါဝင်သော Japan Heart အဖွဲ့သည် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ Operation Joint အစီအစဉ် ပထမသုတ်အဖြစ် ကြိုတင်စာရင်းကောက်ယူထားသည့် သံဖြူဇရပ်မြို့နယ်မှ နှုတ်ခမ်းကွဲ၊ အာကျရောဂါဝေဒနာရှင်များအား မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တာ ခွဲစိတ်ကုသဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုခံယူမည့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဝေဒနာရှင်များအနေဖြင့် ခွဲစိတ်ကုသမှုခံယူပြီးပါက မိမိနှင့် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးကောင်းသည်အထိ ရက်သတ္တပတ်ခန့် ဆေးရုံတက်ရောက်ကုသခံယူနေစဉ်အတွင်း အကျိုးဆောင်ပံ့ပိုးပေးမည့် TTCL Group ကုမ္ပဏီများအုပ်စု၏ အစီအစဉ်ဖြင့် နေထိုင်စားသောက်ရေးကိစ္စများကို ကာယကံရှင်လူနာနှင့် လူနာစောင့်တို့အတွက် တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပန္နက်တင်

**သရက်ချောင်း မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပိန်းတောကျေးရွာ၌ Ooredoo Myanmar Limited ၏ အထောက်အပံ့နှင့် UNOPS အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လှူဒါန်းသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအုတ်မြစ်စီ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ Ooredoo ကုမ္ပဏီမှ Marketing and Communications Director ဒေါ်ပွင့်ဦးဆွေ၊ UNOPS (United Nation Office For Project Services) မှ Infrastructure Manager Mr.Yogo Nanda Baral နှင့် ကျေးရွာရပ်မိရပ်ဖ ဦးအောင်သွင်တို့က သတ်မှတ်ထားသည့်နေရာများတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ကျော်ဇေယျက အမှာစကားပြောကြားသည်။ ထို့နောက် Marketing and Communications Director ဒေါ်ပွင့်ဦးဆွေက ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပိန်းတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံကို ဆောက်လုပ်ရာတွင် ပင်မဆေးခန်းအဆောက်အအုံအား (၄၁×၃၀)ပေနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား (၃၀×၂၄)ပေ တစ်ထပ် RC အမျိုးအစားဖြစ်ကာ ခန့်မှန်းတန်ဖိုးကုန်ကျငွေမှာ ငွေကျပ်သိန်း ၈၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် အပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ပြီး Win Top Engineering & General Services Co;Ltd က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

**နိုင်ဝင်း(ပြန်/ဆက်)**



# ခရီးသည်တင်ယာဉ် ဝိုင်ယာကြိုးရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်၊ တစ်ဦးသေဆုံး

**အမ်း မတ် ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကဇုကိုင်းကျေးရွာအုပ်စု အုန်းတည်ချောင်း ကျေးရွာအနီး အမ်း-စစ်တွေကားလမ်း မိုင်တိုင်အမှတ် (၂၅/၀)တွင် ရန်ကုန်မှ စစ်တွေသို့ ယာဉ်မောင်း ဦးကောင်းဆက်နိုင် (နေရပ်စုံစမ်းဆဲ) မောင်းနှင်လာသော အောင်ပြည့်စုံ ခရီးသည်တင်ယာဉ် အမှတ် 4A/----- သည် မတ် ၂ ရက် နံနက် ၆ နာရီ မိနစ်၂၀ က ဝိုင်ယာကြိုးရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၅ ဦးစုစုပေါင်း ၁၈ ဦး အနက်မှ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးမှာ မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး မအေးအေးသန်း(၂၀နှစ်) ဒါးပိတ်ကျေးရွာ ပုဏ္ဏားကျွန်းမြို့နယ်နေသူမှာ ယာဉ်ပေါ်ပိတ်မိပြီး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါယာဉ် မီးလောင်မှုအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ဒဏ်ရာရရှိသူများအား ကဇုကိုင်းကျေးလက် ကျန်းမာရေးဌာန၌ ဆေးကုသပေးလျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်မောင်းအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# နေအိမ်ခြံအတွင်းမှ တရားမဝင်သစ်များဖမ်းမိ

**နေပြည်တော် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က သတင်းအရ ကနီမြို့နယ် မုဌောအနောက် ကျေးရွာနေ ညွန့်ဝင်း(၄၂နှစ်)၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင် ပိတောက်သစ်ခွဲသား ၁၂ ချောင်း ( ၁ ဒသမ ၅၈၁၂ ) တန် တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ကနီမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

# စိတ်ကြွရူးသွပ်ဆေးပြားငွေကျပ် သိန်း ၃၀ ဖိုးဖမ်းဆီးရမိ

**တာချီလိတ် မတ် ၂**

တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးအနောက်ဘက် ရွှေလသာလမ်းကြားတွင် ဆိုင်ကယ်စီးနင်းလာသူတစ်ဦးအား တာချီလိတ်မူးယစ်တပ်စု(၃၀)မှ ရဲတပ်ဖွဲ့ဝင်များ ရပ်တန့်စစ်ဆေးရာ အားလောင်(၂၂ နှစ်) ရပ်ကွက်(၃)တုံတာမြို့နေသူ၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား(၂၀၀) စီပါ(၁၀)အိတ် ကာလတန်ဖိုးငွေကျပ်သိန်း ၃၀ ဖိုးရှိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့၍ အားလောင်အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

# (၂၂) ဘီးကုန်တင်ယာဉ်ကို ယာဉ်နောက်လိုက်မောင်းနှင်ရာ ချောက်ထဲထိုးကျ

**ရေတာရှည် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ သဲဖြူကျေးရွာအနီး၌ မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က ယာဉ်နောက်လိုက် မောင်းနှင်လာသော (၂၂)ဘီးကုန်တင်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ရာမှ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

မြို့လှနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်သန်းဝင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ သကြားအိတ်များတင်ဆောင်၍ ဇေယျာနိုင်(၂၆နှစ်) (ယာဉ်နောက်လိုက်) ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်ပြီး ကိုစိုးလွင်(၄၂နှစ်)၊ (ယာဉ်မောင်း) သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နေသူ လိုက်ပါလာသည့် နီဆန်း(၂၂)ဘီးကုန်တင်ယာဉ်သည် မိုင်တိုင် ၂၁၂/၆ နှင့် ၂၁၂/၇ အကြား အိပ်ငိုက်သွားရာမှ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး လူထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိ၍ မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# ခရီးသည်ထံမှ ဘိန်းဖြူမှုန့် သိမ်းဆည်းရမိ

**နောင်ချို မတ် ၂**

နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် မတ် ၁ ရက် ည ၉ နာရီခန့်က မန္တလေး-လားရှိုးကားလမ်း၌ လားရှိုးဘက်မှ မန္တလေးဘက်သို့ မိုးလင်းဦး မောင်းနှင်လာသော ခရီးသည်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ စီးနင်းလိုက်ပါလာသူ အာကာမင်းထံမှ ဘိန်းဖြူမှုန့် အလေးချိန် ၈ ဂရမ်ခန့်ပါ တစ်ခွက် ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှင့် သယ်ဆောင်ခိုင်းသူ စုံစမ်းဆဲနှစ်ဦးတို့ကို နောင်ချို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း





ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား) (ယုဇနပလာဇာ)

ရိုလုံ (၁)– အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။
☎ –၀၁– ၂၀၀၇၄၇ (Ext.) ၂၀၀၈၊ ၀၉–၇၇၁၇၃၉၃၇၀

ရိုလုံ (၂)– ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား၊ အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎ –၀၁– ၂၀၀၇၄၇ (Ext.) ၂၈၀၀

ရိုလုံ (၃)– (ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎ –၀၁– ၂၀၀၇၄၇ (Ext.) ၂၈၀၀

ချန်းလုံ – ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်၊
ရွှေဆိုင် အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎ –၀၉–၇၃၁၀၃၀၉၀၊ ၀၁– ၂၀၀၇၄၇ (Ext.) ၂၂၂၅

ချွန်းလုံ – ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း (H-10)၊ ယုဇနပလာဇာ (ပထမထပ်)။
ရွှေဆိုင် ☎ –၀၉–၇၃၀၅၃၁၀၁၊ ၀၉–၇၃၁၅၆၉၀၁၊ ၀၁– ၂၀၀၇၄၇ (Ext.) ၂၈၈၀

သန္တိသုခ ၏ အာဆင့်မြင့်ခရီးစဉ်များ
✦ ဝေါရင်ဂျီကျွန်း + မြတ်မော်တင်စွန်း
March 3, 25 Ks 80000 /
09 4210 14940, 09 4210 68050, 09 303 46835

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL) (Hawaii, USA)
International English Language Centre
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5 & 6 Mon to Thurs : 8:00-10:00 am 13 Mar
Level II G - 7 & 8 Mon to Thurs : 8:00-10:00 am 13 Mar
Level III G - 9 & 10 Mon toThurs:8:00-10:00 am 13 Mar
No.190, 2nd Flr.,28th St:(Upper), Pabedan Township.
Ph: 01-243950, 246910

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ပူဆလျှင် မဖြစ်မနေတက်ပါ။
မတ်လ (၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


**ကြော်ငြာစာ**
**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်–၇**

ကွယ်လွန်သူ ဦးမဟာဘီပရာဆတ်(ဒ်)၏ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဦးဘီမားဟာရီ** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၇၁/၈၃)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဦးမဟာဘီပရာဆတ်(ဒ်)၏ ကျန်ရှိရစ်သော

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ ယခင်–အင်းစိန်စီရင်စု၊ ယခု–မင်္ဂလာဒုံမြို့နယ်၊ မှန်နီပင်ဇလုတ်၊ ကွင်းအမှတ်–၅၃၂/B၊ မြေကွက်အမှတ်(၃/က)၊ ဧရိယာ ၃၅ဒသမ၃၆ ဧက၊ RR(က)မြေအမည်ပေါက် မစ္စတာရန်နီရန်ဂျန်ဒတ်(ချ်)။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ ယခင်–အင်းစိန်စီရင်စု၊ ယခု–မင်္ဂလာဒုံမြို့နယ်၊ မှန်နီပင်ဇလုတ်၊ ကွင်းအမှတ်–၅၃၂/B၊ ယခင်/ယခု–မြေကွက်အမှတ်(၅/ခ)၊ ဧရိယာ ၁၇၃ ဒသမ၅၈ဧက၊ RR(က)မြေအမည်ပေါက် မစ္စတာရန်နီရန်ဂျန်ဒတ်(ချ်)။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ ယခင်–အင်းစိန်စီရင်စု၊ ယခု–မင်္ဂလာဒုံမြို့နယ်၊ မှန်နီပင်ဇလုတ်၊ ကွင်းအမှတ်–၅၃၂/B၊ မြေကွက်အမှတ်(၄/က)၊ ဧရိယာ ၇၆ ဒသမ ၀၅၇ဧက အနက်မှ ၁၅ဧကခန့် RR(က)မြေအမည်ပေါက် မစ္စတာရန်နီရန်ဂျန်ဒတ်(ချ်)။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ ယခင်–အင်းစိန်စီရင်စု၊ ယခု–မင်္ဂလာဒုံမြို့နယ်၊ မှန်နီပင်ဇလုတ်၊ ကွင်းအမှတ်–၅၂၃/A၊ မြေကွက်အမှတ်(၂၁Cခ)၊ ဧရိယာ ၁၁၆ ဒသမ ၂၉ဧက ခန့် RR(က)မြေအမည်ပေါက် မစ္စတာရန်နီရန်ဂျန်ဒတ်(ချ်)။

တို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဘီမားဟာရီက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၇ခုနှစ် မတ် ၁၀ရက်(၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမဟာဘီပရာဆတ်(ဒ်)၏ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထား ဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၇ခုနှစ် မတ် ၁၀ရက်(၁၃၇၈ခုနှစ် တပေါင်းလဆန်း ၆ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးဘီမားဟာရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ထွေး)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

● *ကျော်ဖုံးမှ*

ဝယ်သာဝိတ်တန်းတွင် စိန်မျိုးအောင်(တောင်ကလေး)နှင့် ရဲမာန်ဟိန်း(မုဒုံသား)၊ ကျားပေါက် (မြန်မာ)နှင့် ပက်ခ်ချန်ဆင် (ကမ္ဘောဒီးယား) တို့က ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ လိုက်ဝယ်သာဝိတ်တန်း လေးချီစိန်ခေါ်ပွဲတွင် ရန်နိုင်ထွန်း(တိုက်ဂါး) နှင့် ဇွဲရွှေကို (T&Tသထုံ)၊ လိုက်မစ်ဒယ်ဝိတ်တန်း သုံးချီစိန်ခေါ်ပွဲတွင် ထွန်းထွန်းနိုင်(မြွေပွေး) နှင့် ပိုက်ထွေး (T&T သထုံ)၊ ဖယ်သာဝိတ်တန်းတွင် ရွှေဖားစည် (ဘိလပ်မြေစက်ရုံ)နှင့် သက်ပိုင်အောင် (တောင်ကလေး)၊ လိုက်ဝိတ်တန်းတွင် ရဲသွေး (Adventure) နှင့် စောမင်းနိုင် (ရွှေသောင်ရင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် တစ်မူထူးခြားမှုတစ်ရပ် မှာ အလဲထိုးဖြင့် အရှုံးအနိုင် မပေါ်ပေါက်ပါက အမှတ်ဖြင့် ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မတ် ၃ ရက်မှာကျင်းပမယ့်ပွဲကတော့ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲပါပဲ။ မြန်မာလက်ခမောင်းအနေနဲ့ ခေတ်နဲ့အညီ မြန်မာ့ရိုးရာလက်ဝှေ့ကို World Lethwei Championship (WLC) နာမည်နဲ့ ကမ္ဘာကိုထိုးဖောက်ဖို့ ပထမဆုံးခြေလှမ်းအဖြစ် ကျင်းပတာပါ။ ဒီပွဲကို မင်္ဂလာဒုံမှာလုပ်ဖြစ်တဲ့အကြောင်းကတော့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံက ကျဉ်းတဲ့အတွက် သိမ်ဖြူမှာလုပ်လို့မရပါဘူး။ သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံကလည်း အကြီးစားပြုပြင်မွမ်းမံမယ့် အစီအစဉ်ရှိတာကြောင့် အခုလို မင်္ဂလာဒုံဂေါက်ကွင်းမှာ ကျင်းပဖြစ်သွားတာပါ။ ဒီလိုပြိုင်ပွဲကြီးတွေ တစ်နှစ်ကို ကိုးကြိမ် မြန်မာလက်ခမောင်းအနေနဲ့ လုပ်သွားဖို့ရှိပါတယ်။ ဒါပထမဆုံးအကြိမ်ပါ။ ဒီပြိုင်ပွဲလုပ်ဖြစ်တာက ငွေကြေးအမြတ်အစွန်းထက် မြန်မာ့ရိုးရာလက်ဝှေ့သမားတွေရဲ့အသက်မွေးဝမ်းကျောင်း သေသေချာချာဖြစ်ဖို့ ရည်ညွှန်းလုပ်ဆောင်တာဖြစ်ပါတယ်။ လက်ဝှေ့ဝါသနာရှင်ကလေးတွေ သူတို့အတွက် ခိုင်မာတဲ့အသက်မွေးဝမ်းကျောင်းမရှိဘူးဆိုရင် တခြားဘက် ရောက်သွားကြမှာပါ။ အဓိကရည်မှန်းချက်ကတော့ ဒါပါပဲ" ဟု မြန်မာလက်ခမောင်းတည်ထောင်သူ ကိုဇေသီဟက ပြောသည်။

မြန်မာလက်ခမောင်းအနေဖြင့် မေ ၅ ရက်တွင်လည်း ဒုတိယမြောက် နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲကြီးကို ထပ်မံကျင်းပသွားမည်ဖြစ်ပြီး ယခု World Lethwei Championship (WLC) ပြိုင်ပွဲကို Sky Net Sport-3 မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ-ထိုင်း အမျိုးသမီးခြေစမ်းပွဲ ပျက်ပြယ်ကြောင်းထုတ်ပြန်



ထိုင်းနှင့် ခြေစမ်းခဲ့သည့် မြန်မာအမျိုးသမီးအသင်း

မန္တလေးမြို့ရှိ မန္တလာ သီရိကွင်း၌ မတ် ၃ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲပျက်ပြယ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မတ် ၂ ရက် နံနက်ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနှင့်ထိုင်း အမျိုးသမီးအသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားသော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏သတင်းထုတ်ပြန်မှုအရ ခြေစမ်းပွဲကစားတော့မည်မဟုတ်ဘဲ ပူးတွဲလေ့ကျင့်မှုသာ ပြုလုပ်မည်ဟု သိရသည်။ ယင်းခြေစမ်းပွဲအတွက် ကြိုတင်လက်မှတ် ဝယ်ယူထားသူများကို ပြန်လည်လဲလှယ်ပေးခဲ့သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မတ် ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ယင်းပွဲ၌ ပထမပိုင်းတွင် မြန်မာအသင်း အသာရခဲ့သော်လည်း ဒုတိယပိုင်းတွင် ထိုင်းအသင်းက ပြန်လည်အသာရခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းနှင့် ခြေစမ်းပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်ခဲ့ပြီး လိုအပ်ချက်၊ အားနည်းချက်များကို ခြေစစ်ပွဲမတိုင်မီ ပြင်ဆင်နိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

❐ *ကျော်ဖုံးမှ*

မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၇) အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၁၆ မှတ်၊ လက်ရှိချန်ပီယံရတနာပုံအသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရောဝတီ၊ ရခိုင်နှင့် မကွေးအသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern နှင့် GFA အသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီ ရရှိထားသည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ တွေ့ဆုံမှုမှာ ထိပ်ဆုံးနေရာအတွက် အရေးပါလာမည်ဖြစ်ကာ ရှမ်းယူနိုက်တက်အသင်း အနိုင်ရခဲ့ပါက အမှတ်တူသွားမည်ဖြစ်ပြီး ရန်ကုန်အသင်းသာ အနိုင်ရခဲ့ပါက အမှတ်ပိုဖြတ်နိုင်မည်ဖြစ်သည်။ ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကို တတိယနေရာမှ လက်ရှိချန်ပီယံရတနာပုံအသင်း အခွင့်ကောင်းယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းတွင် အဓိကနောက်ခံလူ မိုကာလူးပွဲပယ်ခံထားရပြီး ပြည်တွင်းကစားသမားများ၏ ခံစစ်ဖြင့် ရှမ်းတိုက်စစ်ကို ထိန်းချုပ်နိုင်ရန် လိုအပ်နေကာ သွင်းဂိုးအများဆုံး သွင်းထားသည့် တိုက်စစ်ပိုင်းမှာ ရှမ်းနောက်တန်းကို အခက်တွေ့အောင် လုပ်နိုင်မည်မှာ သေချာပေသည်။ နောက်ဆုံး ငါးပွဲဆက် အနိုင်ရထားသည့် ရန်ကုန်အသင်းအနေဖြင့် မကွေး၊ ရောဝတီစသည့် အသင်းကြီးများကို အိမ်ကွင်း၌ အနိုင်ယူပြီးနောက် ရှမ်းယူနိုက်တက်ကိုလည်း အနိုင်ရရန် ကြိုးပမ်းမည်မှာ သေချာနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရန်ကုန်အသင်းကို အဝေးကွင်း၌ အနိုင်ကစားထားရာ ယခုရာသီတွင် ထပ်မံအနိုင်ယူပြီး အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းနေသည်။

# အက်ဖ်အေဖလားပဥ္စမအဆင့် မန်စီးတီးတို့ ဂိုးပြတ်အနိုင်ရ

**အင်္ဂလန်အက်ဖ်အေဖလား ပဥ္စမအဆင့် ပြန်ကန်ပွဲစဉ်တစ်ပွဲဖြစ်သော မန်စီးတီးနှင့် ဟက်ဒါဖီးလ်ပွဲစဉ်ကို မတ် ၂ ရက် (ကြာသပတေး) နံနက်ပိုင်းက အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်း ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။**

အက်ဖ်အေဖလားရှုံး/ထွက်အဆင့်တွင် ပရီမီယာလိဂ်ကလပ်မန်စီးတီးနှင့် အောက်တန်းအသင်းဖြစ်သော ချန်ပီယံရှစ်ကလပ် ဟက်ဒါဖီးလ်တို့တွေ့ဆုံခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်က ဟက်ဒါဖီးလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့စဉ်က ဂိုးမရှိသရေကျခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အဖြေမပေါ်ခဲ့၍ ယနေ့နံနက်ပိုင်းတွင် မန်စီးတီးကွင်း၌ တစ်ကျော့ပြန်လည်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်အသင်းသည် ၄-၁-၄-၁ ပုံစံဖြင့်လည်းကောင်း၊ ဧည့်သည် ဟက်ဒါဖီးလ်သည် ၄-၂-၃-၁ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်ခဲ့သည်။ ပွဲစပြီး ပွဲချိန်ခုနစ်မိနစ်တွင် ကွင်းလယ်ကစားသမား ဟယ်ရီဘန်းက ဟက်ဒါဖီးလ်အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ မိနစ် ၃၀တွင် စတားလင်းဖန်တီးပေး၍ လီရွိုင်ဆာနေးက မန်စီးတီးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၅မိနစ်တွင် မန်စီးတီးအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူး အဂူရိုက ဒုတိယဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ မန်စီးတီးအတွက် တတိယဂိုးကို ဇာဘလက်တာက ၃၈ မိနစ်တွင် သွင်းယူခဲ့ပြီး စတုတ္ထမြောက် ဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် အဂူရိုက ထပ်မံသွင်းယူခဲ့သည်။ မန်စီးတီးအတွက် ပဥ္စမမြောက် အနိုင်ဂိုးကို အီဟီရာနာချိုက ပွဲပြီးခါနီး မိနစ် ၉၀ တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးချိန်တွင် မန်စီးတီးအသင်း ဂိုးပြတ်အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

အက်ဖ်အေဖလား စတုတ္ထအဆင့်ဖြစ်သော ကွာတားဖိုင်နယ်ပွဲစဉ်သို့ အသင်းရှစ်သင်း တက်ရောက်ခဲ့ပြီး ပွဲစဉ်များကို မတ် ၁၁ ရက်တွင် စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မန်စီးတီးအသင်းသည် မစ်ဒယ်ဘရော့နှင့်တွေ့ဆုံခဲ့ပြီး အာဆင်နယ်အသင်းမှာ လင်ကွန်းနှင့် တွေ့ဆုံမည်ဖြစ်သည်။ စပါးအသင်းမှာ မီဝေါလ်နှင့် တွေ့ဆုံမည်ဖြစ်ပြီး လက်ရှိအက်ဖ်အေချန်ပီယံမန်ယူအသင်းမှာ ပရီမီယာလိဂ်ပြိုင်ဘက် အသင်းကြီးဖြစ်သော ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာသော အသင်းကြီးများသည် အက်ဖ်အေဖလားကို ၁၂ ကြိမ်ဖြင့် မန်ယူနှင့် အာဆင်နယ်တို့ အများဆုံးရရှိထားပြီး စပါး ရှစ်ကြိမ်၊ ချယ်လ်ဆီး ခုနစ်ကြိမ်နှင့် မန်စီးတီးငါးကြိမ် ရရှိထားကြသည်။ **သီဟ**




# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အမေရိကန်နိုင်ငံ၊ Florida ပြည်နယ်၊ Orlando မြို့နေ
ဦးကျင်စိန်-ဒေါ်ဝါဝါတို့၏သား
**မောင်ညီညီထွန်း**
**B.S.,M.S(Civil Engineering,U.S.A)**
**Senior Structural Engineer (DSENY Engineering, New York)**
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၃၄)နေ
သီရိသုဓမ္မမဏိဇောတဓရ ဦးဝင်းစိန် (Managing Director,Asia Express Group of Companies)-
သုဓမ္မသီဂီ ဒေါက်တာဒေါ်သန်းသန်းနွဲ့ (Director, Asia Plaza Hotel)တို့၏သမီး
**ဒေါက်တာဝင်းဝင်းမိုး**
**M.B.,B.S(Ygn)**
**Board Certified Intemist (U.S.A) Attending Physician(Nyack Hospital, New York)**

တို့၏ ၂၅-၂-၂၀၁၇ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဒေါက်တာစိုင်းမောက်ခမ်း(ဒုတိယသမ္မတ-ငြိမ်း)နှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့အားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းချီးမြှင့်ပေးပါသော သီရိပျံချီဗိုလ်ချုပ်ခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာတင့်ဆွေလတ်(ပါမောက္ခချုပ်-ငြိမ်း၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)နှင့်ဇနီး ဒေါ်နွဲ့တင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဗိုလ်ချုပ်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် CEC/EC များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (မ/န)မှ ဥက္ကဋ္ဌနှင့် CECများ၊ မြန်မာနိုင်ငံရူပဗေဒအသင်းမှ ဆရာကြီးများနှင့် CEC/EC များ၊ ဖြူးမြို့နယ်အသင်း(ရန်ကုန်)မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပါမောက္ခဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဧည့်ခံပေးပါသော The Aces တေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲ Peggy Chen၊ မင်္ဂလာပန်းကုံးဗန်းကိုင် Ling Ling Lee၊ မင်္ဂလာဆွဲကြိုးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော Jasmine Chin၊ မင်္ဂလာသတို့သားအရံ ဒေါက်တာမြတ်သူရိန်ဝင်းနှင့် မောင်အောင်ဇော်ထွန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာစုလှိုင်နှင်းနှင့် မချယ်ရီကို၊ မိတ်ကပ်ဆံပင်မေဦးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Designer မင်းသက်စံ (Sweet & Smart Collection) နှင့် Designer မချောစုမြတ် (Chaw Chaw Silk and Luxury Fashion)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Love Dairy နှင့်အဖွဲ့၊ Timeless Bridal နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော Eternal Flower၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်၊ ၂၅-၂-၂၀၁၇ရက် Sule Shangri-La Hotel တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ များအားလည်းကောင်း၊ Sedona Hotel နှင့် Sule Shangri-La Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Weddings&Events Planning ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ညီညီထွန်း-ဒေါက်တာဝင်းဝင်းမိုး**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်**

**(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေအခန်း(၅)ပါ အထူးကုန်စည်ခွန်၊အခန်း (၆)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေအခန်း (၇)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ပုဒ်မ၁၉ပါ လစာမှဝင်ငွေနှင့်ပုဒ်မ၂၅ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့်ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့်အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁) ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

**အခန်း(၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန်လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန်လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက်ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါအထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင် လည်းကောင်း၊

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါတစ်ဘူးရောင်းဈေးကျပ် ၄၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါတစ်ဘူးရောင်းဈေး ၄၀၁ကျပ်မှကျပ်၆၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါတစ်ဘူးရောင်းဈေး၆၀၁ကျပ်မှကျပ်၈၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါတစ်ဘူးရောင်းဈေး၈၀၁ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ကျပ် |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | (က) ဆေးပေ့ါလိပ်။ | တစ်လိပ်ရောင်းဈေး ၁၀ ကျပ်အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၅၀ပြား |
| | (ခ) ဆေးပေ့ါလိပ်။ | တစ်လိပ်ရောင်းဈေး ၁၁ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁ကျပ် |
| ၅။ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆။ | ဆေးတံသောက် ဆေးများ။ | | ၈၀ % |
| ၇။ | ကွမ်းစားဆေး အမျိုးမျိုး။ | | ၈၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၇၅၀အထိ ဖြစ်လျှင် | တစ်လီတာ ၉၁ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၇၅၁ကျပ်မှ ကျပ်၁၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၅၀၁ကျပ်မှကျပ် ၂၂၅၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၇ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၁ကျပ်မှ ကျပ်၃၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၄၀ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၃၀၀၁ကျပ်မှ ကျပ်၃၇၅၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၂၃ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၃၇၅၁ကျပ်မှ ကျပ်၄၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၄၅၀၁ကျပ်မှ ကျပ်၆၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၆၀၀၁ကျပ်မှ ကျပ်၇၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၇၅၀၁ကျပ်မှ ကျပ်၉၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၉၀၀၁ကျပ်မှ ကျပ်၁၀၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇၇ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၀၅၀၁ကျပ်မှ ကျပ်၁၃၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၃၅၀၁ကျပ်မှ ကျပ်၁၆၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၆၅၀၁ကျပ်မှ ကျပ်၁၉၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၉၅၀၁ကျပ်မှ ကျပ် ၂၂၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ကျပ်မှ ကျပ် ၂၆၀၀၀နှင့်အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၂၆၀၀၁နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ်၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၈၁ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၇၅၁ကျပ်မှ ကျပ်၁၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၅၀၁ကျပ်မှ ကျပ် ၂၂၅၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၁ကျပ်မှ ကျပ်၃၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၃၀၀၁ကျပ်မှ ကျပ်၃၇၅၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၃၇၅၁ကျပ်မှ ကျပ်၄၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၄၅၀၁ကျပ်မှ ကျပ်၆၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၆၀၀၁ကျပ်မှ ကျပ်၇၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၇၅၀၁ကျပ်မှ ကျပ်၉၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၉၀၀၁ကျပ်မှ ကျပ်၁၀၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၀၅၀၁ကျပ်မှ ကျပ်၁၃၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၃၅၀၁ကျပ်မှ ကျပ်၁၆၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၆၅၀၁ကျပ်မှ ကျပ်၁၉၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၉၅၀၁ကျပ်မှ ကျပ် ၂၂၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ကျပ်မှ ကျပ် ၂၆၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၆၀၀၁ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| ၁၁။ | သစ်လုံး၊သစ်ခွဲသားများ။ | | ၅% |

*(ဆက်လက်ဖော်ပြပါမည်)*

# သမိုင်းဝင်ရွှေစာရံဘုရားပွဲတော်ကြီး တပေါင်းလပြည့်နေ့မှစ၍ ကျင်းပမည်

**မန္တလေး မတ် ၂**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအနီးရှိ သမိုင်းဝင်ရွှေစာရံဘုရားပွဲတော်ကြီးကို တပေါင်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘုရားပွဲတော်အား အကြိုဖွင့်ပွဲအဖြစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်မှ လပြည့်ကျော် ၁၄ ရက်အထိ ပဋ္ဌာန်းပွဲနှင့်ဖွင့်လှစ်ပြီး တပေါင်းလဆန်းရောက်သည်နှင့် တစ်ပြိုင်နက် ပြင်ဦးလွင်ခရိုင် ပြင်စာနယ်တစ်ဝိုက်ရှိ ခွန်လိန်၊ သပြေကျင်း၊ မြေပုံ၊ သံတောင်၊ လိပ်ကျ စသည့်ရွာလေးများမှ ရှမ်းဈေးသည်များ သီပေါမြို့မှ ဘုရားဒါယိကာ စောမွန်လှ အဝတ်အစားအဆောင်အယောင်များ ရောင်းချသည့်ဈေးသည်များနှင့် ၁၂ ပွဲ ဈေးသည်များ တဖွဲဖွဲရောက်ရှိစည်ကားစပြုလာကြောင်း ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောသည်။

"ပုံမှန်ဆိုင်ခန်းပေါင်း ၁၀၀၀ စတင်ဆောက်လုပ်နေပါပြီ။ မြန်မာဆိုင်ခန်း ၇၀၀ နဲ့ ရှမ်းတိုင်းရင်းသားဆိုင်ခန်းက ၃၀၀ လောက်ရှိပါတယ်။ဆိုင်ခန်းခအနေနဲ့ကတော့ အရင်ကအတိုင်း မြန်မာဆိုင်ခန်းတစ်ခန်းကို ငွေကျပ် ၁၅၀၀၀နဲ့ရှမ်းတိုင်းရင်းသားတွေအတွက် ငွေကျပ်တစ်သောင်းနှုန်း သတ်မှတ်ထားပါတယ်။ ရောင်းချတဲ့ပစ္စည်းတွေကတော့ ရှမ်းဒေသထွက်ကုန် ဝါးမျှစ်၊ နနွင်းတက်၊ ကြက်သွန်ဖြူတို့ အများဆုံးရောင်းချကြပါတယ်။ ဒီဘုရားပွဲရဲ့ အဓိကရောင်းချတဲ့ ကုန်ပစ္စည်းကတော့ ထန်းရွက်နဲ့လုပ်ထားတဲ့ ထန်းရွက်ပုတီး၊ ထန်းရွက်ငါးတို့ပဲဖြစ်ပါတယ်"ဟုဎင်းကဆက်လက်ပြောပြသည်။



ရွှေစာရံဘုရားအား ပုဂံပြည့်ရှင် အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမင်းသမီးစောမွန်လှ တည်ထားသည့် ဘုရားဖြစ်သဖြင့် မင်းသမီးစောမွန်လှ၏အန္တယ်တော်များဖြစ်သော ရှမ်းလူမျိုးများဘုရားပွဲတော်သို့ အများအပြား လာရောက်လေ့ရှိကြပြီး ရှမ်းရိုးရာ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရ ရှမ်းအိုးစည်ဝိုင်းဖြင့် ကပြပြီး ဂါရဝပြုကြကြောင်း သိရသည်။

ယခုနှစ်ဘုရားပွဲတော်၏ ထူးခြားချက်မှာ ပုသိမ်ကြီးမြို့နယ်နှင့် ကျောက်ဆည်ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးသွားသဖြင့် လမ်းနှစ်လမ်း အသုံးပြု၍ ရရှိသွားခြင်းကြောင့် ယခင်နှစ်များကဲ့သို့ယာဉ်ကြောကျပ်တည်းမှုမရှိနိုင်တော့ကြောင်း သိရသည်။
**တင်မောင်(မန္တလေး)**

# စန္ဒီမယ်တော်ဘုရားကျောင်း မီးနင်းပွဲတော်အတွက် ပြင်ဆင်

**ညောင်လေးပင် မတ် ၂**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘုရားကြီးလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ဟိန္ဒူဘာသာဝင်တို့၏ သိဒ္ဓိရှင်ဆုတောင်းပြည့် စရီမာရီယမ္မာန်(ခ) စန္ဒီမယ်တော်ကြီးဘုရားကျောင်း မီးနင်းပွဲတော်ကြီးကျင်းပနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မီးနင်းပွဲတော်ကြီးအတွက်ပြင်ဆင်ရာတွင် ဘာသာရေးအကျိုးတော်ဆောင် ကိုခင်မောင်လွင်(ခ) ကို ဘာဘူ ဦးဆောင်သော မြို့တွင်းရှိ လုပ်အားပေးလူငယ်များပါဝင်လုပ်အားပေးကြပြီး မဏ္ဍပ်ထိုးခြင်းမှစ၍ လိုအပ်သည်များကို အဆင့်ဆင့်ပြုလုပ် ပြင်ဆင်လျက်ရှိရာ မီးနင်းပွဲတော်မစခင်အထိ ပြုလုပ်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးနင်းပွဲတော်ကြီးသည် ယခုနှစ်တွင် (၁၄၂)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး မတ် ၂ ရက် ညနေ ၆ နာရီမှ ၇နာရီအတွင်း သာသနာ့အလံတင်ခြင်း၊ မတ် ၃ ရက်မှ ၈ ရက် အထိ မယ်တော်ကျောင်းဝင်းအတွင်း၌ ပူဇော်ခြင်း၊ မတ် ၉ ရက် ညတွင် မြို့ပေါ် ရပ်ကွက်များတွင်လှည့်းကောင်း၊ မတ် ၁၀ ရက် ညနေ ၃ နာရီမှ ၅ နာရီအတွင်း အဆိုပါ မယ်တော်ကြီးကျောင်းရှေ့၌ မီးနင်းပွဲတော်ကြီးကို ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ ဝေါ၊ သနပ်ပင် စသည့်မြို့များနှင့် အနီးအနားမြို့များမှ ဟိန္ဒူ ဘာသာဝင်များလာရောက်သောကြောင့် စည်ကားသော ဘာသာရေးပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

# လွိုင်လင်မြို့၌ သံဃိကဒါနဆွမ်းဆန်စိမ်းလောင်းလှူ

**လွိုင်လင် မတ် ၂**
နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒ သီတင်းသုံးတော်မူသည့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ သာသနဝိပုလ ပရိယတ္တိစာသင်တိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့် ဓာတ်တော်စေတီတော်၏ ဒသမအကြိမ်မြောက် သံဃိကဒါန ဆွမ်းဆန်တော်လောင်းလှူပွဲကို၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၃ရက် ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပရာ မြို့ရှိဌာနဆိုင်ရာများနှင့် ပြည်သူများက ဆွမ်းဆန်တော်များလောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ လောင်းလှူပွဲသို့ လွိုင်လင်မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းတိုက် ၁၉ တိုက်ရှိ သံဃာ ၂၆၈ ပါး ကြွချီအလှူခံကြကြောင်း သိရသည်။
**မိုးလွင်ဦး(လွိုင်လင်)**

# နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်

**မြောင်းမြ မတ် ၂**
မြောင်းမြခရိုင် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူမှုအခြေပြုဗဟိုဌာန ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသင်တန်းခန်းမ၌ မတ် ၁ ရက်တွင် နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ စာမေးပွဲများဖြေဆိုပြီး နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်ရန် ရည်ရွယ်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(မြောင်းမြ)မှ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁) ကို ကလေးငယ်များအတွက် ရွေးချယ် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကို အပတ်စဉ် တနင်္လာမှ သောကြာနေ့အထိ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၁ ဦး တက်ရောက်လျက်ရှိကြောင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။
**အောင်မင်း(မြောင်းမြ)**

# မြစ်ငယ်မြို့ရှိ လခချဈေးကြီး လူစည်ကားသော်လည်း အရောင်းအဝယ်အေး



**မြစ်ငယ် မတ် ၂**
မြစ်ငယ်မြို့ရှိ လခချဈေးကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မြစ်ငယ်မြို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) က ကြီးကြပ်၍ လစဉ်လတိုင်း လကုန်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဈေးရောင်းဈေးဝယ်များ စုဝေးပြီး လာရောက် ရောင်းချဝယ်ယူနေကြ၍ လွန်စွာစည်ကားသော ဈေးကြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးကြီးကို ကိုလိုနီခေတ်ကတည်းကပင် အင်္ဂလိပ်လူမျိုးများက မီးရထားလုပ်သားကြီးများအား မိမိတို့လိုအပ်သော စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပြိုင်နက်တည်း စုံစုံလင်လင် ဝယ်ယူနိုင်ရန် ရည်ရွယ်၍ ဤဈေးကြီးကို ရောင်းဝယ်ဖောက်ကားနိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အငြိမ်းစား မီးရထားလုပ်သားကြီးများ၏ အစဉ်အဆက်စကားအရ ကြားသိခဲ့ရသည်။

"အရောင်းအဝယ်က အေးတယ်။ ဝယ်လို့ရောင်းလို့လည်း မကောင်းဘူး။ မနက်ခင်းကနေ ဆိုင်ဖွင့်တာ အခုမွန်းတည့်ချိန်အထိ ရောင်းကုန်တွေ အရာမယွင်းသေးဘူး" ဟု ကုန်ခြောက်ရောင်းချသူတစ်ဦးက ပြောသည်။

နေ့စဉ်လက်ဖက်ရည်ပုံမှန်ရောင်းချသူ မြို့ခံလက်ဖက်ရည်ဆိုင်ရှင်တစ်ဦးကလည်း "ဟိုအရင်လတွေတုန်းကတော့ ရပ်ဝေးဈေးသည်အစုံရောင်းကောင်းတာတွေမြင်တော့ ဝမ်းသာရတယ်။ မုဒိတာပွားမိတယ်။ အခု သူတို့ ဈေးရောင်းမကောင်းလို့ ငြီးနေတာတွေ့ရတော့ စိတ်မကောင်းဖြစ်မိပါတယ်" ဟု ဒေသခံလက်ဖက်ရည်ဆိုင်ရှင်က ဆိုသည်။
**မောင်မောင်စိုး(မြစ်ငယ်)**

# မတ်ပဲပေါ်ချိန် ဈေးကျနေ၍ တောင်သူများ စိုးရိမ်မှုဖြစ်

**မိုးပိုင်းလွတ် မတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး မိုးပိုင်းလွတ်မြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၅၂ ရွာရှိ တောင်သူများ ဆောင်းရာသီ သီးထပ်အဖြစ် စိုက်ပျိုးခဲ့သော မတ်ပဲများပေါ်စပြုချိန်တွင် ပဲဈေးကျနေသဖြင့် ဒေသခံတောင်သူများမှာ တွက်ခြေမကိုက်ဘဲ အဆင်မပြေဖြစ်နေကြပြီး မိုးပိုင်းလွတ်မြို့နယ်အတွင်းမှ ကျေးရွာများတွင် ယခုနှစ် ဆောင်းရာသီ သီးထပ်သီးနှံအဖြစ် မတ်ပဲကို ဧက ၉ ဒသမ ၁၄၀၀၀ အထိ စိုက်ပျိုးခဲ့ကြရာ ယခု အချိန်တွင် မတ်ပဲစိုက်ခင်းများကို တောင်သူအချို့မှာ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။ **ရှိန်းလေး**

# တရားမဝင်တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ရေး စစ်ဆေး

**ကသာ မတ် ၂**
ကသာမြို့ သီရိခေမာဈေးနှင့် မြို့မဈေးကြီးတွင် စားသုံးသူကာကွယ်ရေးအတွက် တရားမဝင်တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က ကြက်ဥ၊ ကြက်သားများရောင်းချနေသော ဆိုင်များအား ဈေးအတွင်းလိုက်လံစစ်ဆေးခြင်းကို ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ခဲ့သည်။

ကသာမြို့ဈေးတွင် တရားမဝင်တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေး ကသာမြို့ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့သည် ကြက်ဥဆိုင် ၁၂ ဆိုင်၊ ကြက်သားဆိုင် ၁၀ ဆိုင်၊ ငါးရောင်းဆိုင် နှစ်ဆိုင်တို့တွင် တိရစ္ဆာန်ထောက်ခံချက်များဖြင့် ရောင်းချပေးရန် စစ်ဆေးခြင်းဝယ်ယူ ခဲ့သောနေရာများမေးမြန်းခြင်း၊ ရောင်းချဈေးသည်များအား စစ်ဆေးခြင်း၊ မှန်ကန်သောသက်သေလက်မှတ်များထိုးခိုင်းခြင်းကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် အခြားမြို့နယ်များမှ ကြက်ဥ ၊ ကြက်သားများ တင်သွင်းရောင်းချလိုပါက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထောက်ခံချက် PC (3)လက်မှတ်များ တစ်ပါတည်းပါရှိမှသာလျှင် ခွင့်ပြုမည်ဖြစ်ကြောင်း အထောက်အထားလက်မှတ်ပြသနိုင်မှုမရှိပါက စားသုံးသူကာကွယ်ရေး ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း တိ/မွေးကုဦးစီးဌာနက ပြောသည်။
**ငွေအိုး (ကသာ)**



## နွေရာသီတွင် သောက်သုံးရေလုံလောက်စွာရရှိရေး စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**ရေတာရှည် မတ် ၂**
ယခု မတ်လဆန်းမှစတင်၍ နေ့အပူချိန်များ မြင့်တက်ကာ ကျေးလက်ဒေသအချို့တွင် သောက်သုံးရေများ ရှားပါးစပြုလာပြီဖြစ်ရာ နှစ်စဉ် နွေရာသီကာလတွင် ရေရှားပါး ပြတ်လပ်လေ့ရှိသော ရေတာရှည်မြို့နယ်အတွင်းမှ ကျေးရွာ ၁၃ ရွာ၌လည်း ယခုနှစ်တွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများကို ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ဒေါင်းအင်းကုန်း၊ တပ်ဆိုး၊ ကြာအင်းကုန်း၊ ကမ္ဘာနီ၊ သနပ်ခုံကြီး၊ လုံးရမ်း၊ လေ့ကားထောင်၊ လယ်ပြင်မ၊ သစ်ခါးမ၊ ဘုရားကုန်း၊ လှည်းပွဲလေး၊ ဇလုပ်ကြီး၊ စည်ပင်သာ ကျေးရွာ ၁၃ ရွာတွင် ငွေကျပ် ၁၅၄ ဒသမ ၈၃၂ သန်း အကုန်အကျခံကာ စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။ "သောက်သုံးရေရှားပါးတဲ့ ဒေသတွေထဲမှာ ပဲခူးရိုးမ တောင်ပေါ်တွေမှာ ပိုဆိုးတယ်။ ဒါကြောင့်လည်း တောင်ပေါ်ကျေးရွာတွေမှာ အများဆုံး တူးဖော်ပေးနေရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ထို့အတူ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းမှ ရေပြတ်လပ်လေ့ရှိသော ရိုးမ တောင်ပေါ်ဒေသ ကျေးရွာများဖြစ်ကြသည့် ကြက်လျှာ၊ ဘုတလင်၊ ဆင်ချောင်း၊ တောက်တဲ့၊ တိမ်ညွန့်၊ ဘုတလက် စသည့် ကျေးရွာများတွင်လည်း ယခု မတ်လအတွင်း မှစ၍ စက်ရေတွင်း၊ ရေတားတမံ၊ တွင်းနက်များကို ခွင့်ပြုရန်ပုံငွေ ကျပ် ၈၆ ဒသမ ၀၆ သန်းဖြင့် တူးဖော်ပေးလျက်ရှိကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်း၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

## ကမ်ပိုအားကစား အခြေခံနှင့် အဆင့်မြင့် နွေရာသီသင်တန်းများ အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ခြောက်ခု ဆွတ်ခူးခဲ့သော ကမ်ပိုအားကစား ပညာရပ်၌ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကမ်ပိုအားကစား အခြေခံနှင့် အဆင့်မြင့် နွေရာသီသင်တန်းကို ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်မှ ဂျပန်နည်းပြတစ်ဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်တို့က ယခုနှစ်နွေရာသီတွင် အခမဲ့ လေ့ကျင့်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ်ပိုပညာက ဂျပန်က စတင်တာပါ။ ဒီပညာက ရှောင်လင်ကွန်ဖူးပညာကနေ လာတယ်လို့ ဆိုရမှာပါ။ ရှောင်လင်ကွန်ဖူးကို ဂျပန်လို ရှိုးရင်းဂျီကမ်ပို လို့ ခေါ်ပါတယ်။ ဒီပညာက စိတ်ဓာတ်၊ စည်းကမ်းနဲ့ လူငယ်တွေ ကျန်းမာကြံ့ခိုင်မှုကို အထူးပဲ ပံ့ပိုးပါတယ်။ ဆီးဂိမ်းမှာ အချိန်တိုတိုလေ့ကျင့်ပြီး ရွှေတံဆိပ်ခြောက်ခုရအောင် စွမ်းဆောင်နိုင်ခဲ့တာပါ။ ကမ်ရှိ အားကစားသမား ၄၀ ဦးနဲ့ ကမ်ပိုအားကစားကို စတင်ဖွဲ့စည်းခဲ့တယ်။ နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်အားကစားသမားတွေ ပေါ်ထွန်းဖို့လည်း ရည်ရွယ်ပါတယ်။ ဒီနွေရာသီမှာ မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်က KEBU နဲ့ Randori အခြေခံပညာတွေကို ကျောင်းနှစ်ကျောင်းမှာ သင်တန်းတစ်ခုကို သင်တန်းသား ၅၀ ဦးစီ သင်ကြားပေးမှာပါ။ သုံးလနဲ့ တတ်အောင် သင်မယ်။ အဖွဲ့ချုပ်က လက်ရွေးစင်အားကစားသမား သုံးဦးက သင်ကြားပေးပြီးတော့ အဲဒီသုံးဦးကို ကမ်ပိုကမ္ဘာ့အဖွဲ့ချုပ်က တာဝန်ပေးထားတဲ့ ဂျပန်နည်းပြတစ်ဦးက အနီးကပ် ကြီးကြပ်ပေးမှာပါ။ နောင်နှစ်မှာ ဒီထက်ပိုပြီး သင်ကြားပေးနိုင်အောင် ကမ်ပိုကမ္ဘာ့အဖွဲ့ချုပ်ရဲ့ အကူအညီနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု မြန်မာကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်က ပြောသည်။

ကမ်ပိုအားကစားနည်း အခြေခံပညာသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၇ ရက်အထိ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိလည်းကောင်း၊ တောင်ဒဂုံ မိုးလုံလေလုံ အားကစားရုံတွင် ညနေ ၃ နာရီမှ ၅ နာရီခွဲအထိလည်းကောင်း သင်ကြားပေးမည်ဖြစ်ပြီး အဆင့်မြင့်သင်တန်းကို ဧပြီ ၂၄ ရက်မှ မေ ၁၉ ရက်အထိ ကျိုက္ကဆံ ကမ်ပိုလေ့ကျင့်ရေးရုံတွင် ညနေ ၄ နာရီမှ ၆ နာရီအထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ကမ်ပိုအားကစားနည်း နွေရာသီသင်တန်းကိုဖွင့်လှစ်သင်ကြားပေးခြင်းသည် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆေးရုံလမ်းနှင့် မင်းလမ်းကွေ့ရှိ ဂါလံ ၃၄၀၀ ဆံ့ မီးသတ်ရေလှောင်ကန်နှင့် မီးသတ်ရေငုတ်များကို အသုံးမပြုသည်မှာ ကြာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်တူးဖော်ပြုပြင်နေစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

## အင်ကြင်းကျောက်အချောထည်များ တင်ပို့ရောင်းချမှု ပို၍အဆင်ပြေနေ



**နွားထိုးကြီး မတ် ၂**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက်များကို ထုလုပ်အလှဆင် ရောင်းချသော တစ်ပိုင်တစ်နိုင် လုပ်ငန်းကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ယခုနှစ်တွင် ယခင်နှစ်ထက် ပို၍ အဆင်ပြေသလို နွားထိုးကြီးမြို့ပေါ်ရှိ လုပ်ငန်းများသို့လည်း နိုင်ငံခြားသား ခရီးသွားများ လာရောက်လေ့လာမှုမှာလည်း ပိုများလာလျက်ရှိကြောင်း သိရသည်။

နွားထိုးကြီးမြို့ အမှတ်(၈)ရပ်ကွက် မန္တလေး-နွားထိုးကြီး-မြင်းခြံလမ်းပေါ်ရှိ အင်ကြင်းကျောက် အလှဆင်ကုမ္ပဏီတစ်ခုဖြစ်သည့် Tree Jade ကုမ္ပဏီမှ တာဝန်ခံမန်နေဂျာ ဦးသန်းဌေးက အင်ကြင်းကျောက်များအကြောင်းနှင့် ပတ်သက်၍ "ဘူမိဗေဒပညာရှင်များရဲ့အဆိုအရ အင်ကြင်းကျောက်ရဲ့သက်တမ်းဟာ နှစ်ပေါင်းသန်း ၃၀ ကျော်ရှိပြီလို့ သိရပါတယ်။ အင်ကြင်းကျောက်ရဲ့ အရည်အသွေးဟာ ဒေသအလိုက် ကွာခြားမှုတွေ ရှိပါတယ်။ အင်ကြင်းကျောက်အများဆုံးထွက်ရှိတဲ့ဒေသဟာ နွားထိုးကြီးမြို့နယ်၊ မလှိုင်မြို့နယ်တွေက ထွက်ရှိကြတာပါ။ နွားထိုးကြီးမြို့နယ်မှာဆိုရင် နွားထိုးကြီး-မြင်းခြံ ကားလမ်းရဲ့ တောင်ဘက်က အင်ကြင်းကျောက် အထွက်များပါတယ်။ ဒီလိုထွက်ရှိတဲ့ အင်ကြင်းကျောက်တွေကို ကျွန်တော်တို့က တစ်ဆင့်ပြန်လည်ဝယ်ယူတာပါ"ဟု ရှင်းပြသည်။

အင်ကြင်းကျောက်များကို နိုင်ငံခြားသားများ လေ့လာနိုင်ရန် ပြသထားခြင်းနှင့်ပတ်သက်၍လည်း "အင်ကြင်းကျောက်တူးတဲ့သူများဆီက ဝယ်ယူတဲ့အခါမှာလည်း တရားဝင်ကုမ္ပဏီက လိုင်စင်နဲ့ လုပ်ကိုင်ဝယ်ယူကြရတာပါ။ ကျောက်ကွင်းကဝယ်ယူလာတဲ့ အင်ကြင်းကျောက် အရိုင်းတုံးတွေကို ကုမ္ပဏီက အင်ကြင်းကျောက်ထုလုပ် ပန်းအလှဆင်တဲ့ ပညာရှင်များက အလှဆင် လုပ်ကိုင်ကြသလို တစ်ချို့ အင်ကြင်းကျောက် အရိုင်းတုံးများကိုတော့ ကုမ္ပဏီကို လာရောက်လေ့လာကြတဲ့ ခရီးသွား နိုင်ငံခြားသားများ လေ့လာလို့ရအောင် ဒီအတိုင်း အင်ကြင်းကျောက်ပြခန်းပုံစံ ဖွင့်လှစ်ပေးထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် အင်ကြင်းကျောက်များအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အင်ကြင်းကျောက်တစ်တန်လျှင် ခန့်မှန်း ငွေကျပ် ၁၃ သိန်းခန့် အခွန်ပေးဆောင်ပြီးမှ တရားဝင် တင်ပို့ရောင်းချနေကြောင်း၊ ထို့အတူ ပြသထားသော အင်ကြင်းကျောက်များနှင့် အင်ကြင်းကျောက်ဖြင့် အလှဆင် ထုလုပ်ထားသော ပစ္စည်းများကို လာရောက်လေ့လာကြသည့် နိုင်ငံခြားသားများက ဝယ်ယူသည့်အခါတွင်လည်း လေယာဉ်ပေါ်တင်မည့် ပစ္စည်းများအတွက် ဝန်ဆောင်မှုအားလုံးကို ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရသည်။

အင်ကြင်းကျောက်များသည် အရောင်အားဖြင့် အစိမ်းရောင်၊ အနီရောင်၊ ရေခဲရောင် စသည်ဖြင့် ရှိပြီး တန်ဖိုးအများဆုံးမှာ အစိမ်းရောင်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အင်ကြင်းကျောက်အစိမ်းရောင် တစ်ပိဿာလျှင် ကျပ်သုံးသိန်းခန့် ဈေးရှိနေကြောင်း သိရသည်။



Tree Jade ကုမ္ပဏီ၏ အင်ကြင်းကျောက်များ အလှဆင်ထုလုပ်သည့် အရောင်းပြခန်းသို့ လာရောက်လေ့လာသည့် အီတလီနိုင်ငံသား ခရီးသွားတစ်ဦးက "ကျွန်တော်တို့အဖွဲ့က ပုဂံ ယဉ်ကျေးမှုဒေသမှာ သွားရောက်လေ့လာပြီးလို့ မန္တလေး၊ စစ်ကိုင်း၊ တောင်ကြီး၊ အင်းလေးဘက်တွေကို သွားရောက်လေ့လာဖို့ လာရင်း အခု မြန်မာ့ ကျောက်မျက်ရတနာတစ်မျိုးဖြစ်တဲ့ အင်ကြင်းကျောက် အရောင်းပြခန်း အတွင်းမှာရှိတဲ့ စားသောက်ဆိုင်မှာ ဝင်ရောက်စားသောက်ရင်း အင်ကြင်းကျောက် အလှဆင်ထုလုပ်တဲ့လုပ်ငန်းကို လေ့လာနေတာပါ"ဟု ပြောသည်။

နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက် ထွက်ရှိလာခြင်း၊ ကုမ္ပဏီနှင့် လုပ်ငန်းအများစုက အင်ကြင်းကျောက်များကို အချောထည်ပြုလုပ်ကာ တရုတ်နိုင်ငံအထိ တင်ပို့ရောင်းချလာခြင်းနှင့် ရောင်းချရာတွင် အဆင်ပြေလာခြင်းတို့ကြောင့် ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ် ရရှိသည့်အပြင် ဒေသခံ ကျေးလက်နေပြည်သူ အများစုအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာကာ နေ့စားအလုပ်သမားများအနေဖြင့် အိုးမကွာ အိမ်မကွာ အလုပ်လုပ်ကိုင်နိုင်ကြပြီး စားဝတ်နေရေးလည်း အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## မုံရွာ ဥစားကြက်မွေးမြူရေးဇုန် ကော်မတီသစ် ပြန်လည်ဖွဲ့စည်း

**မုံရွာ မတ် ၂**
မုံရွာမြို့နယ် ဥစားကြက်မွေးမြူရေးဇုန်၏ ငါးဆက်မြောက် ဇုန်ကော်မတီကို မွေးမြူရေးလုပ်ငန်းရှင် ၄၁ ဦး၏ သဘောဆန္ဒအတိုင်း ဖေဖော်ဝါရီ ၂၇ ရက်က ပွင့်လင်းမြင်သာစွာ ပြန်လည်ရွေးချယ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၇ ရက်က ဇုန်ရှင်းလင်းဆောင်မှာ လုပ်ငန်းရှင်၄၁ဦးရဲ့ သဘောဆန္ဒအတိုင်း ကော်မတီအသစ်ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အရင်ဇုန်ကော်မတီက လွှဲပေးဖို့ကျန်တဲ့ စာရင်းဇယားတွေနဲ့ ငွေကြေးတွေကို ဇုန်ကော်မတီအသစ်ကို စနစ်တကျလွှဲပြောင်းဆောင်ရွက်နိုင်ဖို့ ညွှန်ကြားထားပါတယ်"ဟု မုံရွာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထိန်က ပြောသည်။

ယခင် မုံရွာဥစားကြက်မွေးမြူရေးဇုန် ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကျန်းမာရေးအခြေအနေအရ နုတ်ထွက်ခွင့်ပြုပါရန် အစီရင်ခံတင်ပြလာသောကြောင့် ကော်မတီအသစ်ဖွဲ့စည်းရန် ဖေဖော်ဝါရီ ၂၄ ရက်က မုံရွာမြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြပြီး ၂၇ ရက်တွင် ကော်မတီသစ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇုန်ကော်မတီအသစ် ရွေးချယ်ခြင်းအတွက် ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ဖိတ်ကြား၍ မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိုက်စိုးထွန်း၊ မုံရွာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးချစ်နှင့် တာဝန်ရှိသူများက ကြပ်မတ်ကာ မွေးမြူရေးလုပ်ငန်းရှင် ၄၁ ဦးက ပွင့်လင်းမြင်သာစွာ ဆန္ဒပြုရွေးချယ်ခဲ့ကြသည်။

ယခုရွေးချယ်ခဲ့သော ဇုန်ကော်မတီအသစ်သည် မွေးမြူရေးလုပ်ငန်းရှင်များ၏ သဘောဆန္ဒအတိုင်း ပထမဆုံးအကြိမ် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကော်မတီလေးဆက်သည် လုပ်ငန်းရှင်များ၏သဘောထက် အထက် အဖွဲ့အစည်းများမှ ပါဝင်ထည့်သွင်းထားသူများဖြင့်သာ ဖွဲ့စည်းထားခဲ့ခြင်းဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ဖွဲ့စည်းပြီးသော မွေးမြူရေးဇုန် ကော်မတီသစ်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအပြင် အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း( မုံရွာ)**

# အန်ဖီးလ်မှာ ရှုံးကန်ရမယ့်အာဆင်နယ်

—— ဝေမိုးဆက် ——

ပရီမီယာလိဂ်ပွဲစဉ် (၂၇) ကို လာမယ့် မတ် ၄၊ ၅၊ ၇ ရက်တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အာဆင်နယ်က လီဗာပူးရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်သလို ချယ်လ်ဆီးကလည်း အဝေးကွင်းမှာ လန်ဒန်ဒါဘီပြိုင်ဘက် ဝက်စ်ဟမ်းနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ နိုင်ပွဲတွေ ရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရဖို့ရှိနေသလို စပါးကလည်း အသင်းကောင်းတစ်သင်းဖြစ်တဲ့ အဲဗာတန်နဲ့ ဆုံတွေ့နေကာ မန်စီးတီးကလည်းတန်းမဆင်းရဖို့ အားစိုက်နေတဲ့ ဆန်းဒါးလန်းနဲ့ရင်ဆိုင်ရမှာဖြစ်လို့ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။



## စတုတ် VS မစ်ဒယ်ဘရော့

| ပကျော့ | မစ်ဒယ်ဘရော့ | ၁ | ၁ | စတုတ် |
|---|---|---|---|---|

စတုတ်က ခြေစွမ်းပိုင်းအရသာမန်သာ ရှိတယ်ဆိုပေမယ့်လည်း အိမ်ကွင်းခြေကတော့ ကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့်စတုတ်ဟာ အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်မာကျောမှုရှိပါတယ်။ မစ်ဒယ်ဘရော့ကတော့ အသင်းလိုက်ခြေစွမ်းပိုင်းမဆိုးပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းလွန်းသလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာစတုတ်တို့အိမ်ကွင်းနိုင်ပွဲကပ်ရနိုင်ပါတယ်။

## မန်ယူ VS ဘုန်းမောက်

| ပကျော့ | ဘုန်းမောက် | ၁ | ၃ | မန်ယူ |
|---|---|---|---|---|

မန်ယူက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ ရှိနေပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူဖို့အတွက် မန်ယူတို့အမှားခံမှာမဟုတ်သလို အိမ်ကွင်းလည်းဖြစ်နေကာ လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အားနည်းနေသလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်ယူတို့အိမ်ကွင်းနိုင်ပွဲ ရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ဝက်ဖို့ဒ် VS ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၁ | ၁ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ဝက်ဖို့ဒ်က ဝက်စ်ဟမ်းနဲ့ပွဲမှာ သရေရခဲ့ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေပါတယ်။ တိုက်စစ်ပိုင်းနဲ့ ကွင်းလယ်ကစားပုံကောင်းမွန်မှုမရှိပါဘူး။ ဒီပွဲစဉ်မှာလည်း ဝက်ဖို့ဒ်တို့အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်ပေမယ့် ဆောက်သမ်တန်ကိုတော့ အသာရဖို့ခက်ပါတယ်။ ဆောက်သမ်တန်ရဲ့အသင်းလိုက် ခြေစွမ်းကလည်း ဝက်ဖို့ဒ်ထက် ပိုမိုကောင်းမွန်တာကြောင့် ဆောက်သမ်တန်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## စပါး VS အဲဗာတန်

| ပကျော့ | အဲဗာတန် | ၁ | ၁ | စပါး |
|---|---|---|---|---|

လက်ရှိအချိန်မှာ အဲဗာတန်ခြေက ကောင်းမွန်မှုရှိနေသလို လူကာကူ ဂိုးသွင်းခြေရှိနေလို့လည်း တိုက်စစ်ပိုင်းကကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ စပါးကအိမ်ကွင်းပွဲတွေမှာ ခြေကောင်းတတ်သလို ယူရိုပါလိဂ်ကလည်း ထွက်ခဲ့ရပြီဖြစ်တာကြောင့် ဒီပွဲစဉ်မှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးကသာ အိမ်ကွင်းနိုင်ပွဲ ရယူသွားနိုင်မှာပါ။

## ဝက်စ်ဘရွန်း VS ပဲလေ့စ်

| ပကျော့ | ပဲလေ့စ် | ၀ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ပဲလေ့စ်က မစ်ဒယ်ဘရော့ကို အနိုင်ကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေဆဲ ဖြစ်ပါတယ်။ ပဲလေ့စ်ဟာအဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကျဆင်းတတ်လို့ ဒီပွဲစဉ်မှာ ဝက်စ်ဘရွန်းကို တုံ့ပြန်ကစားဖို့ခက်ပါတယ်။ ဝက်စ်ဘရွန်းက အိမ်ကွင်းပွဲတွေမှာ ကစားပုံကောင်းမွန်မှုရှိတတ်သလို တိုက်စစ်ပိုင်းကလည်း အိမ်ကွင်းမှာ ဂိုးသွင်းခြေ ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဘရွန်းကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## ဆန်းဒါးလန်း VS မန်စီးတီး

| ပကျော့ | မန်စီးတီး | ၂ | ၁ | ဆန်းဒါးလန်း |
|---|---|---|---|---|

မန်စီးတီးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲ ကစားရဖို့မရှိသေးပါဘူး။ ဒါကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆန်းဒါးလန်းကလည်း တန်းမဆင်းရဖို့အားစိုက်လာမှာ ဖြစ်ပါ တယ်။ အိမ်ကွင်းဖြစ်သလို ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ အဲဗာတန်နဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရပေမယ့် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း မန်စီးတီးတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

## လက်စတာ VS ဟားလ်

| ပကျော့ | ဟားလ် | ၂ | ၁ | လက်စတာ |
|---|---|---|---|---|

မန်နေဂျာပြောင်းလဲခဲ့တာကြောင့် လက်စတာတို့ ခြေစွမ်းပိုင်းလည်းပြောင်းလဲလာနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်သလို ချန်ပီယံလိဂ်လည်းကစားရဖို့ မရှိသေးပါဘူး။ ဒါ့အပြင်လက်စတာအနေနဲ့ တန်းမဆင်းရဖို့ဆိုရင် ဒီလိုပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့လိုအပ်နေပါတယ်။ ဟားလ်ကတော့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း လက်စတာနိုင်ပွဲရသွားနိုင်ပါတယ်။

## ဆွမ်ဆီး VS ဘန်လေ

| ပကျော့ | ဘန်လေ | ၀ | ၁ | ဆွမ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးကိုရှုံးနိမ့်ခဲ့ရပေမယ့် ဆွမ်ဆီးကစားပုံကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ ဘန်လေကတော့ အဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်ပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေမတည်ငြိမ်လို့ ဆွမ်ဆီးက သာနိုင်ပွဲရသွားနိုင်ပါတယ်။

## လီဗာပူး VS အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၃ | ၄ | လီဗာပူး |
|---|---|---|---|---|

လီဗာပူးက ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် ဒီပွဲစဉ်မှာ နိုင်ပွဲရရှိအောင်အားစိုက်လာမှာ သေချာနေပါတယ်။ လီဗာပူးရဲ့လက်ရှိ ခြေကလည်း ကောင်းမွန်မှုရှိနေကာ အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာလည်း ရလဒ်ပိုမိုပြီး ကောင်းမွန်တတ်ပါတယ်။ အာဆင်နယ်ကလည်း ချန်ပီယံလိဂ်မှာနောက်တစ်ဆင့်တက်နိုင်ဖို့ခက်ခဲနေတာကြောင့် ဒီပွဲမှာသာအားစိုက်လာမှာဖြစ်ပေမယ့် ခြေပိုကောင်းပြီးအိမ်ကွင်းဖြစ်တဲ့ လီဗာပူးပဲကပ်နိုင်မယ်။

## ဝက်စ်ဟမ်း VS ချယ်လ်ဆီး

| ပကျော့ | ချယ်လ်ဆီး | ၂ | ၁ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ဝက်စ်ဟမ်းက လက်ရှိအချိန်မှာခြေစွမ်းပိုင်းအားနည်း နေပါတယ်။ ကာရိုးလ်ဒဏ်ရာရနေတာကြောင့်လည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းနေပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်သလို ဒါဘီပွဲဖြစ်တာကြောင့် ဝက်စ်ဟမ်းတို့အားစိုက်လာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးကလည်း ခံစစ်ပိုင်းအားနည်းမှုတွေရှိလာသလို အဝေးကွင်းပွဲတွေမှာကစားပုံလည်းအားနည်းလာပါတယ်။ ချယ်လ်ဆီးအနိုင်ရရင်တောင် မပြတ်သားနိုင်ဘူး။

## ပရီမီယာလိဂ်ပွဲစဉ်(၂၇)

**စနေနေ့ (၄-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | မန်ယူ | - | ဘုန်းမောက် |
| ည ၉း၃၀ | လက်စတာ | - | ဟားလ် |
| ည ၉း၃၀ | စတုတ် | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ဆွမ်ဆီး | - | ဘန်လေ |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ဆောက်သမ်တန် |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ပဲလေ့စ် |
| နံနက် ၀၀း၀၀ | လီဗာပူး | - | အာဆင်နယ် |

**တနင်္ဂနွေနေ့ (၅-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | စပါး | - | အဲဗာတန် |
| ည ၁၀း၃၀ | ဆန်းဒါးလန်း | - | မန်စီးတီး |

**တနင်္လာနေ့ (၆-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ | ဝက်စ်ဟမ်း | - | ချယ်လ်ဆီး |

## စပိန်လာလီဂါပွဲစဉ်(၂၆)

**သောကြာနေ့ (၃-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဘတ်တစ် | - | ဆိုစီဒက်စ် |

**စနေနေ့ (၄-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | လီဂါနက်စ် | - | ဂရန်နာဒါ |
| ည ၉း၄၅ | အီဘာ | - | ရီးရဲ |
| နံနက် ၀၀း၀၀ | ဗီလာရီးရဲ | - | အက်စ်ပန်ညို |
| နံနက် ၂း၁၅ | ဘာစီလိုနာ | - | ဆယ်တာဗီဂို |

**တနင်္ဂနွေနေ့ (၅-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၅း၃၀ | ဂီဂျွန် | - | ဒီပို့တီဗို |
| ည ၉း၄၅ | အက်သလက် | - | ဗလင်စီယာ |
| နံနက် ၀၀း၀၀ | လက်စ်ပဲလ်မက်စ် | - | အိုဆာဆူနာ |
| နံနက် ၂း၁၅ | ဘီဘာအို | - | မာလာဂါ |

**တနင်္လာနေ့ (၆-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | အလာဗက်စ် | - | ဆီဗီလာ |

## စီးရီးအေပွဲစဉ်(၂၇)

**စနေနေ့ (၄-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | ရိုးမား | - | နာပိုလီ |
| ည ၁၁း၃၀ | ဆမ်ဒိုးရီးယား | - | ပက်စ်ကာရာ |
| နံနက် ၂း၁၅ | မီလန် | - | ချီယေဗို |

**တနင်္ဂနွေနေ့ (၅-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | အတ္တလန္တာ | - | ဖီအိုရင်တီးနား |
| ည ၈း၃၀ | အမ်ပိုလီ | - | ဂျီနိုအာ |
| ည ၈း၃၀ | ကယ်ဂလီယာရီ | - | အင်တာ |
| ည ၈း၃၀ | အူဒီးနီးစ် | - | ဂျူဗင်တပ်စ် |
| ည ၈း၃၀ | တိုရီနို | - | ပါလာမို |
| ည ၈း၃၀ | ခရိုတိုနီ | - | ဆာဆူအိုလို |
| နံနက် ၂း၁၅ | ဘိုလော့ဂ်နာ | - | လာဇီယို |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၈)

**သောကြာနေ့ (၃-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဘော်ဒိုး | - | လိုင်ယွန် |

**စနေနေ့ (၄-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ပီအက်စ်ဂျီ | - | နန်စီ |
| နံနက် ၁း၃၀ | မောင့်ပယ်လီယာ | - | ဂူအင်ဂမ့် |
| နံနက် ၁း၃၀ | ဘက်စတီယာ | - | စိန့်အေတီယန် |
| နံနက် ၁း၃၀ | ဒီဂျွန် | - | နိုက်စ် |
| နံနက် ၁း၃၀ | ကိန်း | - | အန်ဂျာစ် |
| နံနက် ၁း၃၀ | မက်ဇ် | - | ရိန်းစ် |

**တနင်္ဂနွေနေ့ (၅-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | လောရီယင့် | - | မာဆေး |
| ည ၁၀း၃၀ | တူးလောက်စ် | - | လေလီ |
| နံနက် ၂း၃၀ | မိုနာကို | - | နန့်စ် |

## ဘွန်ဒက်လီဂါပွဲစဉ်(၂၃)

**သောကြာနေ့ (၃-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၀၀ | အော့ဘတ် | - | လိုက်ပဇစ် |

**စနေနေ့ (၄-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၀၀ | ဒေါ့မွန် | - | လေဗာကူဆင် |
| ည ၉း၀၀ | မိန့်ဇ် | - | ဝုဗ်ဘတ် |
| ည ၉း၀၀ | ကိုလုံး | - | ဘိုင်ယန် |
| ည ၉း၀၀ | ဝါဒါဘရီမင် | - | ဒရန်စတတ် |
| ည ၉း၀၀ | ဟော့ဖန်ဟိန်း | - | အင်ဂိုစတတ် |
| နံနက် ၀၀း၀၀ | ဂလာဘတ်ချ် | - | ရှော်လ်ကေး |

**တနင်္ဂနွေနေ့ (၅-၃-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၀၀ | ဖရန့်ဖွတ် | - | ဖရိုင်းဘတ် |
| ည ၁၁း၀၀ | ဟမ်းဘတ် | - | ဟာသာဘာလင် |

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်


**အင်္ဂါနေ့ (၇-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | နာပိုလီ | - | ရီးရဲ |
| နံနက် ၂း၁၅ | အာဆင်နယ် | - | ဘိုင်ယန် |

**ဗုဒ္ဓဟူးနေ့ (၈-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဒေါ့မွန် | - | ဘင်ဖီကာ |
| နံနက် ၂း၁၅ | ဘာစီလိုနာ | - | ပီအက်စ်ဂျီ |

## စပိန်လာလီဂါသို့ ဆန်းချက်ဇ် ပြန်လည်ပြောင်းရွှေ့လာဖွယ်ရှိ



အာဆင်နယ် အသင်း တောင်ပံ တိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်သည် ဘာစပိန်လာလီဂါသို့ ပြန်လည် ပြောင်းရွှေ့ရန် ရည်ရွယ်ထားပြီး ဆီဗီလာအသင်းသည် ဆန်းချက်ဇ် ရွေးချယ်နိုင်သည့် အသင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချီလီကစားသမား ဆန်းချက်ဇ် (၂၈ နှစ်) နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိနေတော့ပြီး စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုများမှာ ကြန့်ကြာနှောင့်နှေးနေခြင်းကြောင့် ဆန်းချက်ဇ်၏ အာဆင်နယ်ကစားသမား ဘဝအနာဂတ်မှာ မရေမရာဖြစ်နေရသည်။ အာဆင်နယ်အသင်းအနေဖြင့် ဘာစီလိုနာကစားသမားဟောင်း ဆန်းချက်ဇ်နှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ခြင်းမရှိပါက ပြောင်းရွှေ့ကြေးအလွတ်ဖြင့် လက်လွှတ်ရခြင်းမရှိစေရန်အတွက် လာမည့်နွေရာသီဈေးကွက်ကာလအတွင်း ရောင်းချရမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် စပိန်ကလပ် ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့သူ ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းနှင့်အတူ အက်ဖ်အေချန်ပီယံဖလား တစ်ကြိမ်၊ ကွန်မြူနတီဒိုင်း နှစ်ကြိမ် ရရှိထားကာ ယခုနှစ်ဘောလုံးရာသီ၌ အာဆင်နယ်အတွက် စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၂၀ အထိ သွင်းယူပေးထားသူဖြစ်သည်။

## အလန်ရှီးယားရား၏ စံချိန်ကို ဟယ်ရီကိန်း ချိုးဖြတ်နိုင်လိမ့်မည်ဟု စပါးခံစစ်မှူးဟောင်း မက်ဘတ် ပြောဆို



စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် နာမည်ကျော် အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားရားနှင့် နှိုင်းယှဉ်ရန်ကြောက်ရွံ့နေမည် မဟုတ်ဘဲ အလန်ရှီးယားရား၏ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားခြင်းကို ချိုးဖြတ်နိုင်လိမ့်မည်ဖြစ်ကြောင်း စပါးအသင်း ခံစစ်မှူးဟောင်း ဂယ်ရီမာဘတ်က ထုတ်ဖော်ပြောဆိုလိုက်သည်။ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း (၂၃နှစ်)သည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် စပါးနှင့် နော့ဝှစ်ချ်အသင်းတို့၌ ပွဲပေါင်း ၁၀၇ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၆၆ ဂိုး သွင်းယူထားသည်။ ခံစစ်မှူးဟောင်း ဂယ်ရီမတ်ဘတ်က "အလန်ရှီးယားရားဟာ တကယ့်ကို အံ့အားသင့်ဖွယ် တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့ပြီး ဂိုးပေါင်းများစွာကိုလည်း ထူးထူးကဲကဲ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး ဟယ်ရီကိန်းက အလန်ရှီးယားရားကို နှိုင်းယှဉ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါက ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဂိုးများများ စားစားသွင်းယူရခြင်းမရှိသေးတဲ့ကစားသမားတစ်ဦးအပေါ် ဖိအားပေးတာမျိုးကိုတော့ ကျွန်တော် မုန်းတီးတယ်။ ကျွန်တော်ဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်ကစားသမားတစ်ဦးနဲ့ ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။ ဒါကြောင့် သေသေချာချာပြောနိုင်တာကတော့ ဟယ်ရီကိန်းက ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတွေအနက်က တစ်ဦးဆိုတာပါပဲ" ဟု ပြောဆိုခဲ့သည်။ ခံစစ်မှူးဟောင်း ဂယ်ရီမက်ဘတ် (၅၅နှစ်)သည် ၁၉၈၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ စပါးတွင် ပါဝင်ကစားခဲ့ကာ စပါးစ်အတွက် ပွဲပေါင်း ၆၀၀ ကျော် ပါဝင်ကစားခဲ့သူဖြစ်သည်။

## ဝိန်းရွန်နေးအတွက် အဲဗာတန်အသင်း တံခါးဖွင့်ထားကြောင်း မန်နေဂျာ ကိုးမန်း ဖွင့်ဟ



အဲဗာတန်အသင်း မန်နေဂျာ ရော်နယ်ကိုးမန်းက အဲဗာတန်အသင်းအနေဖြင့် မန်ယူ တိုက်စစ်မှူး ဝိန်းရွန်းနေအတွက် တံခါးဖွင့်ထားပြီး အကယ်၍ ရွန်းနေ ပြောင်းရွှေ့လာမည်ဆိုပါက နွေးထွေးစွာ ကြိုဆိုသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အင်္ဂလန်တိုက်စစ်မှူး ရွန်နေးသည် အဲဗာတန်လူငယ်ကစားသမားဟောင်းတစ်ဦးဖြစ်ကာ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အဲဗာတန်အသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် မန်ယူအသင်းသို့ ပြောင်းရွှေ့သွားသူဖြစ်သည်။ မန်နေဂျာ ကိုးမန်းက "ရွန်းနေဟာ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးနဲ့ ဆက်လက်ကစားနိုင်စွမ်းရှိတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ မန်ယူမှာဆက်နေပြီး ပရီမီယာလိဂ်မှာ ဆက်ကစားဖို့ ဆုံးဖြတ်ခဲ့တာက ရွန်းနေအတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက်ပါ။ ဘာကြောင့်လဲဆိုတော့ ရွန်းနေက နောက်ထပ် နှစ်နှစ် သုံးနှစ်လောက်အထိ ထိပ်တန်းခြေစွမ်းမျိုးနဲ့ ကစားနိုင်သူဖြစ်လို့ပါပဲ။ ရာသီကုန်ချိန်မှာ ရွန်းနေရဲ့အနာဂတ် ဘယ်လိုဖြစ်လာမလဲဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော့်အမြင်အရ ရွန်းနေဟာ အဲဗာတန်ကို ပိုမိုတောင့်တင်းလာအောင် လုပ်ဆောင်ပေးနိုင်တဲ့ ကစားသမားတွေအနက်က တစ်ဦးပါ။ အဲဗာတန်မှာ ရှိတဲ့ကစားသမားတွေကလည်း အသင်းကို ပိုမိုတောင့်တင်းလာအောင် လုပ်ဆောင်ပေးနိုင်မယ့် ကစားသမားမျိုးကို ကြိုဆိုကြပါလိမ့်မယ်"ဟု ပြောဆိုခဲ့သည်။

ထက်အောင်



# သရဲနီအတွက်ဆက်လက်လိုအပ်သူ

သို့မဟုတ်

# အီဘရာဟီမိုဗစ်

● အောင်က

**မန်ယူအသင်းဟာ ခံစစ်ပိုင်းညံ့တယ်။ ကွင်းလယ်ပိုင်းကလည်း ထင်သလောက်မကောင်းဘူး။ ဒါပေမယ့် လိဂ်ဖလားပြိုင်ပွဲမှာ ဆောက်သမ်တန်အသင်းကို အနိုင်ကစားပြီး ဆုဖလား ရရှိသွားခဲ့တယ်။ မန်ယူသင်းအတွက် ဂိုးသွင်းပေးနိုင်သူတွေကလည်း အကောင်းဆုံးကစားသမားဆုတွေရရှိကြတယ်။ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိပြီး လိဂ်ဖလားရရှိခဲ့ခြင်းကတော့ တိုက်စစ်မှူးအီဘရာဟီမိုဗစ်အတွက် ထိုက်တန်လွန်းတယ်လို့ပြောရမယ်။ သူ့ကြောင့်လည်း မန်ယူအသင်းဟာ နိုင်ပွဲတွေဆက်နေတယ်လို့တောင်ဆိုရမယ်။**

ဆောက်သမ်တန်ကိုအနိုင်ကစားခဲ့တဲ့ လိဂ်ဖလားဗိုလ်လုပွဲကိုပဲကြည့်။ အဲ့ဒီပွဲမှာ အီဘရာဟီမိုဗစ်ရဲ့ဂိုးသွင်းစွမ်းရည်။ ပါရမီက မြင်သာထင်သာရှိလွန်းတယ်။ ပထမပိုင်းမှာ အီဘရာဟီမိုဗစ် ကန်သွင်းတဲ့ အလွတ်တည်ကန်ဘောကလည်း သူ့ရဲ့ကျွမ်းကျင်မှု၊ နည်းစနစ်ပိုင်း ကောင်းမွန်မှုကို ထုတ်ဖော်ပြသနိုင်ခဲ့တယ်။ ဒ့ါအပြင် အသင်းအတွက်အနိုင်ဂိုးဖြစ်တဲ့ ခေါင်းတိုက်ဂိုးကို ကြည့်မယ်ဆိုရင်လည်း သူ့ရဲ့နေရာယူတက်မှုကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ သူဟာ ခက်ခဲတဲ့ဂိုးတွေကို သွင်းယူနိုင်သလို အဝေးကန်ချက်တွေနဲ့ ဂိုးသွင်းယူရာမှာလည်း တော်လွန်းတယ်။ ဒ့ါအပြင်သူ့ရဲ့နောက်ပြန်ကန်ချက်တွေနဲ့ မြေမကျ ကန်ချက်တွေကနေ သွင်းယူခဲ့တဲ့ဂိုးတွေကလည်း လူတိုင်းကို အံ့အားသင့်စေတယ်။ အခုဆိုရင်သူ့အနေနဲ့ ကစားသမားဘဝတစ်လျှောက် ပွဲပေါင်း ၈၃၁ ပွဲကစားထားပြီး ဂိုးပေါင်း ၄၈၀ ဂိုး သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ အထူးသဖြင့်အံ့သြစရာကောင်းတာက အီဘရာဟီမိုဗစ်အနေနဲ့ အသက် ၃၀ အရွယ်တုန်းကဆိုရင် သွင်းဂိုးအနေဖြင့် ၂၂၄ ဂိုးသာရှိနေခဲ့ပေမယ့် အခု ၃၅ နှစ် အရွယ်မှာသူ့ရဲ့သွင်းဂိုးဟာ ဂိုးပေါင်း ၂၀၀ ကျော်ရှိခဲ့ပြီး ဂိုး ၄၈၀ အထိ ရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

ဒ့ါအပြင် ဒီနှစ်ရာသီမှာဆိုရင်လည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်အနေနဲ့ အခုလိုခြေစွမ်းမျိုးတွေနဲ့ တွေ့ရမယ်လို့ ဘယ်သူကမှ မမျှော်လင့်ထားကြတာလည်း အမှန်ပါ။ ဒ့ါအပြင်သူ့ရဲ့လက်ရှိအသက်က ၃၅နှစ်ရှိနေပြီဖြစ်တာကြောင့် ကြံ့ခိုင်မှုပိုင်းနဲ့ပတ်သက်ပြီး လူတိုင်းကလည်း အခုလိုပုံစံမျိုးနဲ့တွေ့ရမယ်လို့လည်း မမျှော်လင့်ကြပါဘူး။ ဒါပေမယ့် သူကတော့ ကြံ့ခိုင်မှုအကောင်းဆုံးနဲ့ ဆက်လက်ကစားနိုင်ဆဲဖြစ်ပါတယ်။ သူဟာ ၁၁ ရက်အတွင်း လေးပွဲကစားပြီး တစ်ပွဲကတော့ အရန်ခုံမှာ ထိုင်နေခဲ့ရပါတယ်။ အဲ့ဒီလေးပွဲမှာတော့ သူဟာခြောက်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဂိုးသွင်းယူနိုင်ခြင်းဟာ သူ့ရဲ့သဘာဝပေးတဲ့ ကြီးမားတဲ့ ပါရမီစွမ်းရည်လို့တောင် ပြောရမှာဖြစ်ပါတယ်။

ဒါပေမယ့်အခုလို အီဘရာဟီမိုဗစ်အနေနဲ့ မန်ယူအသင်းမှာ ခြေစွမ်းပြကစားနိုင်ခြင်းတွေကလည်း မော်ရင်ညိုနဲ့သက်ဆိုင်တယ်လို့ပြောရမှာပါ။ မော်ရင်ညိုဟာ အေစီမီလန်အသင်းမှာတုန်းက အီဘရာဟီမိုဗစ်နဲ့ တွဲခဲ့ဖူးတာကြောင့် သူ့ရဲ့အရည်အချင်းကို ကောင်းကောင်းသိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးလည်း မော်ရင်ညိုက "ကျွန်တော်ဟာ သူ့ရဲ့မန်နေဂျာ ဖြစ်ခဲ့တဲ့သူပါ။ ကျွန်တော်ဟာသူ့ရဲ့အခြေအနေကိုသိပြီး အသက် ၃၅ နှစ်မှာ အင်္ဂလန်ကို သူပြောင်းရွှေ့ခဲ့ခြင်းကတော့ စွန့်စားမှုတစ်ခုလို့ပြောရမှာ ဖြစ်ပါတယ်။ သူဟာအသက် ၃၅ နှစ်ရောက်မှသာ အင်္ဂလန်မှာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာလည်းဖြစ်ပါတယ်"ဟုပြောဆိုခဲ့သည်။ ဒါကြောင့် မော်ရင်ညိုဟာအီဘရာဟီမိုဗစ်ရဲ့ ခြေစွမ်းကိုအစောပိုင်းကတည်းကလည်း ယုံကြည်မှုရှိနေခဲ့သူလို့တောင် ပြောနိုင်ပါတယ်။

ဒီရာသီမှာတော့ မိုဗစ်ရဲ့ဂိုးပေါက် ကန်သွင်းနိုင်မှုဟာ ၄ ဒသမ၃ရာခိုင်နှုန်းရှိပါတယ်။ အဲ့ဒီနှုန်းဟာပရီမီယာလိဂ်မှာတော့ သူလောက် ဂိုးပေါက်ကန်သွင်းနိုင်သူမရှိဘူးလို့တောင် ပြောရမှာပါ။ ဒါပေမယ့် ဂိုးပေါက်ကန်သွင်းမှုတိုင်းက ဂိုးမရတာကြောင့် ဖြုန်းတီးမှုတွေဖြစ်စေခဲ့တယ်လို့တော့ဝေဖန်မှုတွေ ရှိနေပါတယ်။ ဒါပေမယ့် သူဟာ ဒီနှစ်ရာသီမှာ မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲစုံမှာ သွင်းယူတဲ့ဂိုးပေါင်းက ၂၆ ဂိုး ရှိပြီ လို့ဆိုရမှာပါ။ ဒ့ါအပြင် ဂိုးသွင်းယူနိုင်ခွင့်များဆုံးရှုံးခဲ့မှုမှာလည်း အခြားကစားသမားတွေထက် များတယ်လို့ ဆိုရပေမယ့် သူ့ရဲ့တကယ်တမ်းအသင်းအပေါ် အကျိုးပြုနိုင်မှု၊စွမ်းဆောင်ရည်နဲ့ယှဉ်တော့ ဝေဖန်မှုတွေကို တိတ်ဆိတ်သွားစေခဲ့တာတော့အမှန်ပါ။ သူဟာ ဂိုးပေါက်ကန်သွင်းမှု ၄ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှာ ပယ်နယ်တီ ဧရိယာအပြင်ဘက်ကနေ ဂိုးကန်သွင်းတဲ့ အကြိမ်ကတော့ ၁ ဒသမ၃ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် အီဘရာဟီမိုဗစ် သွင်းယူထားတဲ့ ပရီမီယာလိဂ် သွင်းဂိုး ၁၅ ဂိုးမှာတော့ ပယ်နယ်တီဧရိယာအပြင်ဘက်က နေသွင်းယူတဲ့ဂိုးက သုံးဂိုးရှိပါတယ်။

အီဘရာဟီမိုဗစ်ဟာ ယခုနှစ်ရာသီကုန်မှာတော့ အသင်းနဲ့စာချုပ်သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် မန်နေဂျာမော်ရင်ညိုကတော့ သူ့ကိုအသင်းမှာဆက်လက်ရှိနေမယ်လို့တော့ ယုံကြည်မှုရှိနေတယ်လို့တော့ ဆိုပါတယ်။ ဒါကြောင့်လက်ရှိခြေစွမ်းတွေအရတော့ အီဘရာဟီမိုဗစ်ဟာ သရဲနီရဲ့ တိုက်စစ်ပိုင်းအတွက်တော့ ဆက်လက်လိုအပ်နေသေးတဲ့ တိုက်စစ်မှူးအဖြစ် ရှိနေတယ်ဆိုတာကတော့ အမှန်ပါပဲ။ ။



ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၈)

# ဥပဒေစာအုပ်များ



ဦးဟန်ညွန့်(ဥပဒေ)

**လက်နက်**

“စစ်ပွဲတစ်ပွဲအောင်နိုင်ဖို့ လက်နက်ပြည့်စုံမှ ဖြစ်တယ်။ အမှုတစ်မှုအောင်နိုင်ဖို့ ဥပဒေစာအုပ်တွေ ပြည့်စုံမှဖြစ်မယ်။ ဒါကြောင့် ရှေ့နေတစ်ယောက်ဖြစ်ရင် ဥပဒေစာအုပ်တွေစုံစုံလင်လင်ရှိဖို့ လိုအပ်တယ်။ ဥပဒေစာအုပ်တွေစုံစုံလင်လင်ရှိမှ ဖတ်ဖြစ်မယ်။ ဘယ်အမှုမှာ ဘယ်စီရင်ထုံး၊ ဘယ်ပုဒ်မ၊ ဘယ်အမှုနဲ့တိုက်ဆိုင်သလဲ။ စံနမူနာယူ။ မှီငြမ်းကိုးကားပြီး လေ့လာမှတ်သားရမယ်။ ပြီးတော့ တရားရုံး၊ တရားသူကြီးရှေ့မှာ တိတိကျကျ၊ သေသေချာချာကိုးကားလျှောက်လဲ တင်ပြရမယ်။ ဒါမှ ကိုယ့်အမှုနိုင်မယ်။ လက်နက်ပြည့်စုံတဲ့စစ်သူရဲကောင်း တစ်ဦးပမာ အောင်ပွဲရမယ်”ဟု အလုပ်သင်ရှေ့နေကြီး (Chamber Master) က စာရေးသူအား အလုပ်သင်ရှေ့နေဘဝတွင် သင်ကြားဆုံးမခဲ့ပုံကို ယနေ့တိုင် သတိရနေပါသည်။ ဆရာကြီးမှာကြားဆုံးမခဲ့သည့်အတိုင်းပင် လက်တွေ့ရှေ့နေဘဝ၊ ဥပဒေအရာရှိဘဝတွင် ဥပဒေစာအုပ်များနှင့် ဆင်နွှဲခဲ့ရပါသည်။ ဥပဒေစာအုပ်များကို မကိုးကားဘဲမရ။ လက်တန်းလုပ်၍မရ။ ရည်ညွှန်းချက် ကျမ်းကိုးကျမ်းကားဖြင့် တင်ပြရသည်ကိုလည်း တရားရုံးအတွေ့အကြုံများက ထောက်ပြခဲ့ပါသည်။

**ရှေ့နေချုပ်ရုံး**

ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က စံအဖြစ်ထားရှိရမည့် ဥပဒေစာအုပ်များစာရင်းကို အာဏာပိုင်က သတ်မှတ်ထားပါသည်။ ဥပဒေစာအုပ်စာရင်းကို အမည်နှင့်တကွပြုစုပြီး ညွှန်ကြားချက်ထုတ်ပြန်ကာ ရှေ့နေချုပ်ရုံး၊ တိုင်းဥပဒေရုံး၊ ခရိုင်ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံး စသည်ဖြင့်(အဆင့်ဆင့်)ထားရှိစေပါသည်။ သတ်မှတ်ပိုင်းခြားပေးပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်မှာ အဓိကစာအုပ်ဖြစ်ပါသည်။ ဥပဒေအရာရှိတစ်ဦးအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မသိမဖြစ် သိရပါမည်။ လေ့လာထားပြီးဖြစ်ရပါမည်။ ကိုယ်နေသောနိုင်ငံ၏ ဖွဲ့စည်းပုံကိုမှ မသိလျှင်၊ နားမလည်လျှင်၊ မဖတ်ထားလျှင် ဥပဒေအရာရှိကောင်းတစ်ယောက်မဖြစ်နိုင်ပါ။

**စကားရပ်များအနက်အဓိပ္ပာယ်**

**ဖွင့်ဆိုရေးဥပဒေ**

စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကိုလည်း မဖြစ်မနေသိရပါမည်။ ဖတ်ရပါမည်။ ရုံးလက်စွဲသဘောဖြစ်ပါသည်။ စကားရပ်များကို မည်သို့အဓိပ္ပာယ်ဖွင့်ကြောင်း၊ အစားထိုးခြင်းများ မည်သို့ပြုကြောင်း မှတ်သားရပါမည်။ အချိန်မရွေးသိရှိနားလည်ရမည့်သဘော ဖြစ်ပါသည်။

**ပြဋ္ဌာန်းဥပဒေများ**

နိုင်ငံတော်မှာ မည်သည့်ဥပဒေများပြဋ္ဌာန်းပြီးပါပြီလဲ။ သက္ကရာဇ်အလိုက်၊ ခုနှစ်အလိုက် သိရှိနားလည်ဖို့ လိုအပ်ပါသည်။ ဥပဒေကို အလွတ်ကျက်မှတ်ရန် မဟုတ်သော်ငြား ဘယ်ဥပဒေ၊ ဘယ်မှာရှိသလဲ ဆိုသည်ကိုဖြင့် သိမှဖြစ်မည်။ ဘယ်စာအုပ်၊ စာမျက်နှာဘယ်လောက်ဟု မှန်းဆပြောနိုင်ရပါမည်။ စာအုပ်ကို ရှာဖွေနိုင်ရပါမည်။ အမှုအဖြစ်အပျက်နှင့် စပ်ဆိုင်သော ဥပဒေပုဒ်မတွေကို သိဖို့၊ ရှာတတ်ဖို့ လိုအပ်ပါမည်။ နှစ်ဟောင်းမှ ယနေ့တိုင်(နှစ်သစ်) အထိ တိတိကျကျ၊ ပြည့်ပြည့်စုံစုံဥပဒေများ၊ စာအုပ်များ ပြည့်ပြည့်စုံစုံရှိဖို့ လိုအပ်ပါသည်။

**ပြင်ဆင်ချက်များ**

စာအုပ်စုံတိုင်းလည်း မပြည့်စုံသေးပါ။ နှစ်အလိုက် ဥပဒေပြင်ဆင်ချက်တွေရှိပါသေးသည်။ ပုဒ်မတစ်ခုချင်းပြင်ဆင်ချက်၊ အစားထိုးချက်၊ ရုပ်သိမ်းချက်တွေရှိပါသေးသည်။ သတင်းစာ၊ ပြန်တမ်းတွေမှာ ပြင်ဆင်ချက်၊ အစားထိုးချက်၊ ရုပ်သိမ်းချက်တွေ ကြေညာတတ်ပါသည်။ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှာလည်း ကြေညာတတ်ပါသည်။ ပြင်ဆင်ချက်ကို ချက်ချင်းရေးသွင်းမှတ်သားသင့်ပါသည်။ မှတ်တော့မှတ်ပါသည်။ “နောင်မှ၊ ကြုံသလို မှတ်သားကြတာပေါ့”ဟု ပေါ့ဆမိလျှင် အခက်ကြုံတတ်ပါသည်။ စာရေးသူ (ဆောင်းပါးရှင်)၏ ဥပဒေဝန်ထမ်းဘဝခရီးတွင် ဤကဲ့သို့ ပေါ့ဆမှုမျိုးကြောင့် အခက်ကြုံရပုံများ မနည်းလှပါ။ ကိုယ်တိုင်ရော၊ လုပ်ဖော်ကိုင်ဖက် များ၏ပေါ့ဆမှု၊ မိမိလက်အောက်ဝန်ထမ်းများအား အထင်ကြီး၊ အားနာမှုများ ကြောင့်လည်း ပြင်ဆင်ချက်များမမှတ်သားမိ၍ အခက်ကြုံဖူးခဲ့ပါသည်။ သင်ခန်းစာများ ရခဲ့ပါသည်။ အမှားများလေ အမှန်ရလေဟု ဘဝသင်ခန်းစာယူရပါသည်။ အတွေ့အကြုံများသော ရှေ့နေကြီးများပင် ဥပဒေပြင်ဆင်ချက်များ ၊ အစားထိုးချက်များ၊ ရုပ်သိမ်းချက်များကို မမှတ်သားမိ၍ လက်တွေ့ဘဝတွင် ပြင်ဆင်ခဲ့ရပါသည်။ တပည့်လူငယ်ရှေ့နေများအား အမြဲသတိပေးဆုံးမလေ့ရှိပါသည်။ အပြစ်မမြင်သော်လည်း ဆင်ခြင်စရာပါ။

**စီရင်ထုံးများ**

အိန္ဒိယစီရင်ထုံး၊ ရန်ကုန်စီရင်ထုံး၊ မြန်မာနိုင်ငံစီရင်ထုံးများ စသည်ဖြင့် စီရင်ထုံးအမျိုးစုံရှိပါသည်။ ရွေးချယ်စီစဉ်ထားသည့် စီရင်ထုံးများ၊ ပုံနှိပ်ပြီးစီရင်ထုံးများ၊ အောက်မြန်မာပြည်စီရင်ထုံးများ၊ အထက်မြန်မာပြည်စီရင်ထုံးများ ၊ ဒိုင်ဂျက်များ (Digest)၊ အခြားစီရင်ထုံးများ စသည်ဖြင့် ခွဲခြားနိုင်ပါသည်။ ယနေ့တိုင် ခေတ်မီသော၊ အသုံးများသော စီရင်ထုံးများကိုသာ ရှာဖွေစုဆောင်းလေ့ရှိပြီး အလွန်ရှေးကျသော စီရင်ထုံးများကိုမူ အသုံးပြုမှုနည်းပါးတတ်ပါသည်။

**လက်စွဲများ**

လက်စွဲများ (Manuals) သည်လည်း ဥပဒေလောကသားများအတွက် လေ့လာစွဲကိုင်ဖို့ လိုအပ်လှပါသည်။ ဥပမာ တရားရုံးများ လက်စွဲ၊ ယစ်မျိုးလက်စွဲ၊ လက်နက်လက်စွဲ၊ ရဲလက်စွဲ၊ အကျဉ်းထောင်လက်စွဲ၊ သူကြီးလက်စွဲ၊ ငွေတိုက်လက်စွဲ စသည်ဖြင့် ခေတ်အလိုက် လက်စွဲစာအုပ်များ၊ ကျမ်းများရှိပါသည်။ ရုံးအသီးသီး၏ စံထား၊ စံပြုရသော လက်စွဲများ ဖြစ်ပါပေသည်။ တရားရုံးခေတ်အဆက်ဆက် လက်စွဲများ၊ညွှန်ကြားချက်များ၊ အမှာစာများမှာ ရုံးတစ်ရုံး ၏ အဆောင်အယောင်ဖြစ်ပါသည်။ တစ်နှစ်တစ်ကြိမ် အထက်ရုံးများက မူလရုံးများအား စစ်ဆေးသည့်အခါ “စံ” ထားသည့် စာအုပ်များ၊ လက်စွဲများ၊ စာစောင်များရှိမရှိ၊ ပြည့်စုံ၊ မပြည့်စုံ၊ မှတ်သားလိုက်နာမှုရှိ မရှိ၊ မည်သည့်အခက်အခဲ ရှိမရှိ၊ အဆိုးအကောင်းစသည် စသည်များ စစ်ဆေးလေ့ရှိပါသည်။ ရာဇသတ်ကြီး၊ သက်သေခံဥပဒေမှအစ၊ ဆရာကြီး ဦးမြစိန်ရေးသားပြုစုသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ကျမ်းစာအုပ်ရှိ မရှိ စသည်တို့ကိုပါ အခြေခံကျကျ စစ်ဆေးလေ့ရှိပါသည်။ စစ်ဆေးချက်မှတ်တမ်း၊ လိုက်နာဆောင်ရွက်မှုအခြေအနေစသည်တို့ကိုပါ အစီရင်ခံစာထုတ်ပြန်ရပါသည်။ ဥပဒေစာအုပ်များ၏ အရေးပါပုံကို မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။

**တရားရုံးခေတ်အဆက်ဆက် လက်စွဲများ၊ ညွှန်ကြားချက်များ၊ အမှာစာများမှာ ရုံးတစ်ရုံး၏ အဆောင်အယောင်ဖြစ်ပါသည်။ တစ်နှစ်တစ်ကြိမ် အထက်ရုံးများက မူလရုံးများအား စစ်ဆေးသည့်အခါ “စံ” ထားသည့် စာအုပ်များ၊ လက်စွဲများ၊ စာစောင်များရှိမရှိ၊ ပြည့်စုံ၊ မပြည့်စုံ၊ မှတ်သားလိုက်နာမှုရှိ မရှိ၊ မည်သည့်အခက်အခဲ ရှိမရှိ၊ အဆိုးအကောင်းစသည် စသည်များ စစ်ဆေးလေ့ရှိ**

**အငြင်းအခုံ**

တရားခွင်တွင် တရားသူကြီးများ အမှုစစ်ဆေးနေစဉ် နှစ်ဖက်ရှေ့နေများ(တရားလို၊ တရားခံဘက်စသည်) ရှိစမြဲဖြစ်ပါသည်။ နှစ်ဖက် အငြင်းပွားမှုများကြုံတတ်ပါသည်။ ထိုအခါ တရားသူကြီးက ဘယ်သူမှန်သည်၊ မှားသည်ကို အဆုံးအဖြတ်ပြုရလေ့ရှိတတ်ပါသည်။ အကိုးအကား၊ အထောက်အထားနှင့် (ဥပဒေစာအုပ်နှင့်) လက်တွေ့ထောက်ပြဆုံးဖြတ်ရသည်များကြုံတွေ့ဖူးပါသည်။ စာများများဖတ်ထားသော၊ ကျမ်းကိုးကျမ်းကား ကျွမ်းကျင်သောရှေ့နေကြီးများသာ အောင်ပွဲခံလေ့ရှိစမြဲဖြစ်ပါသည်။ ဥပဒေစာအုပ်များ၏ ကျေးဇူးဟု ခေါ်ရမည်ဖြစ်ပါသည်။ မရှိမဖြစ် လက်နက်ဟု ပြောပါရစေ။

**ဥပဒေစာအုပ်အဟောင်းများ**

ဥပဒေစာအုပ်အဟောင်းများ ရှားပါးစပြုပါပြီ။ နိုင်ငံတော်က ဥပဒေစာအုပ်များ ပုံနှိပ်ဖြန့်ချိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကလည်း ဖြန့်ဝေရောင်းချလျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကလည်း တာဝန်အရ ဥပဒေစာအုပ်များပုံနှိပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။ သို့သော်လည်း ပြည့်စုံလုံလောက်ပြီဟုကား မဆိုနိုင်သေးပါ။ ဥပဒေပညာလိုက်စားသူ၊ လေ့လာသူများလည်း တစ်နေ့တခြား များပြားလာနေပါသည်။ လေ့လာသူများ၏ ဆန္ဒအပြည့်အဝဖြည့်ဆည်းရန်၊ ဥပဒေစာအုပ်များကို လိုသလောက် ဖြန့်ချိပုံနှိပ် ရောင်းချပေးသင့်ပါသည်။ ဥပဒေပညာပြန့်ပွားရေးမှာ တရားဥပဒေစိုးမိုးရေးကဏ္ဍအတွက် အရေးကြီးသောအခြေခံအချက် ဖြစ်ပါသည်။ ဥပဒေအဟောင်းများကို ထပ်မံပုံနှိပ်ခြင်း၊ အသုံးများသောဥပဒေများကို အရေအတွက် ပိုမိုရိုက်နှိပ်ခြင်းများဖြင့် အများပြည်သူ၏ ဆန္ဒနှင့်အညီ ဖြန့်ဝေသင့်လှပါသည်။ပုဂ္ဂလိကများ၊ ပြင်ပပညာရှင်များကလည်းရေးသားဖြန့်ချိနေကြပါပြီ။

**စေတနာ**

ဥပဒေစာအုပ်များဖတ်ပြီး ဥပဒေပညာတွေရ၊ ဥပဒေဗဟုသုတတွေရ၊ ဥပဒေအသိအမြင်တွေရသောကြောင့် ဥပဒေစာအုပ်တွေများများဖြန့် ဝေနိုင်ပါစေကြောင်း တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ ------ ။

## သင်္ကြန်ကာလအတွက် သွေးများကြိုတင်စုဆောင်းနိုင်ရန် သွေးအလှူရှင်များ လိုအပ်နေ

**မန္တလေး မတ် ၂**

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် သင်္ကြန်ကာလအတွင်း သွေးလိုအပ်သည့်လူနာများအတွက် အချိန်မီစုဆောင်းနိုင်ရန် မတ်လမှ စတင်လုပ်ဆောင်နေရာ သွေးအလှူရှင်များလိုအပ်လျက်ရှိကြောင်း ယင်းဆေးရုံကြီးမှ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးဒေါက်တာ ခင်မြမွန်က ပြောသည်။



အဆိုပါ ဆေးရုံကြီးတွင် နှစ်စဉ်တစ်နှစ်လျှင် ယူနစ် ငါးသောင်းကျော် သုံးစွဲနေရပြီး လိုအပ်သည့်သွေးများကို စုပေါင်းသွေးလှူခြင်း၊ လာရောက်လှူဒါန်းခြင်း၊ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များသို့ သွားရောက်စုဆောင်းခြင်းများဖြင့် ၇၀ ရာခိုင်နှုန်းရရှိပြီး ကျန်ရှိသည့် ၃၀ ရာခိုင်နှုန်းကို သွေးအစားထိုးပေးခြင်းများဖြင့် လုပ်ဆောင်လျက်ရှိပြီး သင်္ကြန်ရက်များတွင် အလှူရှင်မရှိသည့်အတွက် ကြိုတင်စုဆောင်းခြင်းဖြစ်ကြောင်း သိရသည်။

“သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်ကျော်အတွက် လိုအပ်မယ့်သွေးကို မတ်လလောက်ကနေစပြီး စုဆောင်းရပါတယ်။ သွေးလှူဒါန်းသူများမှ လူနာတွေအတွက် အကျိုးရှိမယ်။ လူနာတွေအသက်ကို ကယ်တင်ဖို့ သွေးက အရေးကြီးဆုံး ဖြစ်ပါတယ်။ သွေးလှူဒါန်းတဲ့ ရာခိုင်နှုန်း ပိုပြီးများဖို့အတွက် ကူညီပေးကြဖို့ ပြောချင်ပါတယ်”ဟု ၎င်းကဆက်လက် ပြောကြားသည်။

လက်ရှိတွင် ကုသမှုလုပ်ငန်းများ တိုးတက် ကောင်းမွန်လာသည့်အတွက် ဆေးရုံကို လာရောက်ကုသကြသည့် လူနာဦးရေမှာလည်း များပြားလာသောကြောင့် သွေးလိုအပ်မှုမှာလည်း ပိုမိုပြီး မြင့်မားနေသည်။ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း သွေးလှူရှင်များ ပိုမိုလာရောက် လှူဒါန်းနိုင်စေရန် ဖိတ်ခေါ်ထားပြီး ပုံမှန်အားဖြင့် လာရောက်လှူဒါန်းသည့် သွေးလှူရှင် ဦးရေမှာတစ်ရက်လျှင် ၁၅၀ မှ ၂၀၀ အတွင်းရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စည်းကမ်းမဲ့ ပါဝါအိတ်ဇောဆိုင်ကယ်များဖမ်းဆီး

**စလင်း မတ် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် စည်းကမ်းမဲ့ ပါဝါအိပ်ဇောတပ် ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူလျက်ရှိသည်။

အဆိုပါ စည်းကမ်းမဲ့ ပါဝါအပ်ဇောတပ်ဆိုင်ကယ်များ အိပ်ဇောဖြုတ်မောင်းနှင်သည့် ဆိုင်ကယ်များသည် နေ့ရောညဘက်ပါ အသံဆူညံစွာဖြင့် စီးနင်းမောင်းနှင်နေကြသဖြင့် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ခြင်း ၊ မီးသတ်ကားဥသြသံဖြင့် မှားခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်၍ အများပြည်သူ ယာဉ်အန္တရာယ်ဖြစ်နိုင်ခြင်းတို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး ငွေတင် ၊ မြို့မစခန်းမှူး ဒုရဲမှူး ဝင်းနိုင် ခေါင်းဆောင်သောရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူပြီး တရားရုံးသို့ နေ့ချင်းတရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးက စည်းကမ်းမဲ့ဆိုင်ကယ်များကို တစ်စီးလျှင် ငွေကျပ် ၃၀၀၀၀ ဒဏ်ငွေပေးဆောင်စေကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကိုယ်တိုင်မပြုပြင်နိုင်သော လေပြင်းဒဏ်ခံနိုင်ရည်မရှိသည့် အိမ်များကို လိုအပ်သောထောက်ပံ့မှုများ ပေးသွားမည်

**မြစ်သား မတ် ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ယခင်နှစ်က လေပြင်းဒဏ်ခံခဲ့ရသော ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လေပြင်းဒဏ်ခံနိုင်ရည်မရှိသော လူနေအိမ်များအနက် ဆင်းရဲချို့တဲ့ပြီး ကိုယ်တိုင်ပြုပြင်ရန် အခက်အခဲရှိသည့် အိမ်ထောင်စုများ၏ နေအိမ်များကို ပြုပြင်ရန် လိုအပ်သော ထောက်ပံ့မှုများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပေးအပ်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ သိရသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က မြစ်သားမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ သဘာဝဘေးနှင့် ပတ်သက်၍ ယခင်နှစ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းက ယခင်နှစ်က လေပြင်းဒဏ်ခံရသော မြစ်သားမြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ လေပြင်းဒဏ်ခံနိုင်ရည်မရှိသော လူနေအိမ်များအနက် ဆင်းရဲချို့တဲ့ပြီး ကိုယ်တိုင်ပြုပြင်ရန် အခက်အခဲရှိသည့် လူနေအိမ်များကို ပထမဦးစားပေးအနေဖြင့် ရွေးချယ်၍ လိုအပ်သောထောက်ပံ့မှုများကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ မတ်လအတွင်း စတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ ကလျာဏမိတ္တ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့ဝင်များက သဘာဝဘေးနှင့်ပတ်သက်၍ ဆုံးရှုံးမှုလျော့နည်းရေး အစီအမံများကိုလည်းကောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက လေပြင်းဒဏ်ခံနိုင်ရည်မရှိသော နေအိမ်များတွင် နေထိုင်သည့် ဆင်းရဲချို့တဲ့ပြီး ကိုယ်တိုင်ပြုပြင်ရန် အခက်အခဲရှိကြသော အိမ်ထောင်စုများ၏ စာရင်းဇယားများကို ပြုစုရန်လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**



## ကျေးရွာချင်းဆက်လမ်း တစ်မိုင်ကျော်တွင် ကွန်ကရစ်ခင်း

**ဒလ မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနောင်မီးခြစ်စက်ကျေးရွာနှင့် ခနောင်ရွာမ ကျေးရွာကြားမှ အရှည်ပေ ၆၆၀၀ ရှိ ကျေးရွာချင်းဆက်လမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)က တာဝန်ယူ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး စည်ပင်သာယာရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ကွန်ကရစ်ခင်းလျက်ရှိကြောင်း သိရသည်။

လမ်းခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)မှ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်က ကြီးကြပ်ပြီး အကျယ် ၁၀ ပေ၊ ထုခြောက်လက်မရှိအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ခနောင်မီးခြစ်စက်ကျေးရွာနဲ့ အနီးအနားမှ ကျေးရွာခုနစ်ရွာက လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့တာ နှစ်ပေါင်းအတော်ကြာပါပြီ။ ကျောင်းသားကျောင်းသူများလည်း မိမိတို့ရွာကနေ ခနောင်မီးခြစ်စက်ကျေးရွာက အထက်တန်းကျောင်းခွဲမှာ ပညာသင်ကြားနေရတာ မိုးတွင်းဘက်ဆို အတော်ဒုက္ခရောက်ပါတယ်။ အခုလို အရမ်းဝေးလံတဲ့ ကျေးရွာတွေမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ အစစအရာရာ အဆင်ပြေသွားမှာဖြစ်ပါတယ်"ဟု ခနောင်မီးခြစ်စက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်စိုးက ပြောသည်။

ခနောင်မီးခြစ်စက်ကျေးရွာတွင် လူဦးရေ ၃၃၀၀ ကျော်၊ အိမ်ခြေ ၇၀၀ ခန့်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာတွင် လူဦးရေ ၁၀၀၀ ကျော် နေထိုင်လျက်ရှိရာ လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက အဆိုပါ ကျေးရွာရှစ်ရွာမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများကို တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ဘားအံမြို့နယ်အတွင်း ကျောင်းပေါင်း ၃၀ တွင် နွေရာသီအားကစားသင်တန်းများ ဖွင့်မည်

**ဘားအံ မတ် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပေါင်းစပ်အစီအစဉ်ဖြင့် နွေရာသီအားကစားသင်တန်းကို အခြေခံပညာကျောင်းပေါင်း ၃၀ တွင် ဖွင့်လှစ်မည်ဖြစ်ရာ မတ် ၁ ရက်က ကျောင်းလေးကျောင်းတွင် သင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းများကို အုန်းတပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ နောင်လုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဝဲကရင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်း(လေ့ကျင့်ရေး)ကျောင်းများတွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး မတ် ၁ ရက်မှ ၁၅ ရက်အထိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် ဘက်စကက်ဘော အားကစားနည်းများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီ အခြေခံအားကစားသင်တန်းများကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပြီး မတ် ၁၈ မှ ဧပြီ ၂ ရက်အထိ အထကခွဲကျောင်း နှစ်ကျောင်းတွင် ဂျူဒို အားကစားနည်း၊ မတ် ၂၀ ရက်မှ ဧပြီ ၄ ရက်အထိ အထက ဒုံရင်းကျောင်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် ဘက်စကက်ဘော အားကစားနည်း၊ မတ် ၂၅ မှ ဧပြီ ၈ ရက်အထိ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ အထက(၅)ကျောင်းများနှင့် ကော့ကျိုက်ကျေးရွာကျောင်း၊ အထက စက်ရုံကျောင်း၊ တောင်ကလေးကျေးရွာကျောင်း၊ ထုံအိုင်ကျေးရွာကျောင်းများတွင် အားကစားနည်း ၁၂ မျိုးဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံး၊ ခရစ်ကတ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒို အားကစားနည်းများကိုပါ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအေးလွင်က ပြောကြားသည်။



ဘားအံမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၃၀ အတွက် အားကစားဝတ်စုံနှင့် အားကစား အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရက ငွေကျပ် ၁၄၇၀၀၀၀၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ငွေကျပ် ၃၂၃၀၀၀၀၊ စုစုပေါင်း ၄၇ သိန်းကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် အခြားအစီအစဉ်တစ်ရပ်အနေဖြင့် ရေကူးအားကစားဝါသနာရှင်များအတွက် ရေကူးသင်တန်းကိုလည်း ဘားအံမြို့ ဇွဲကပင် အဆင့်မြင့်ရေကူးကန်၌ ဧပြီ ၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ၁၆ ခုတင်ဆံ့ နို့ဇွန်ဘော်တိုက်နယ်ဆေးရုံ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီး

**မြစ်ကြီးနား မတ် ၂**

ကချင်ပြည်နယ် ချီဖွေမြို့ရှိ နို့ဇွန်ဘော် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို နိုင်ငံတော်မှ ချပေးထားသည့် ရန်ပုံငွေများအပြင် ကချင်အထူးဒေသ(၁) နယ်မြေ အခြေစိုက် ဘောမ်မြန်ဆောက်လုပ်ရေးကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးထားပြီဖြစ်ကြောင်း သိရသည်။

"ဆေးရုံရဲ့အောက်ခြေဖောင်ဒေးရှင်း ဆောက်လုပ်ရေးလုပ်ငန်းအတွက် နိုင်ငံတော်ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နဲ့ ဆောက်လုပ်ခဲ့ပါတယ်။ ဆေးရုံပင်မဆောင်အတွက် နိုင်ငံတော်ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ်သိန်း ၉၉၀၀ ချမှတ်ပေးခဲ့ပါတယ်။ အဲဒီ ချမှတ်ပေးတဲ့ နိုင်ငံတော်ရန်ပုံငွေရဲ့ ၃၅ ရာခိုင်နှုန်း ကျပ် ၃၄၆၅ သိန်းကို ဘောမ်မြန်ကုမ္ပဏီက ထုတ်ယူတယ်။ ကျန်တဲ့ ရန်ပုံငွေ ၆၅ ရာခိုင်နှုန်း ၆၄၃၅ သိန်းကျပ်ကို ကုမ္ပဏီကနေ စိုက်ထုတ်ပြီး ဆောက်လုပ်ပေးထားပါတယ်"ဟု ဘောမ်မြန်ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးတိန့်ဆောင်က ရှင်းပြသည်။ "ကုမ္ပဏီမှ စိုက်ထုတ်ထားတဲ့ နိုင်ငံတော်ရန်ပုံငွေ ၆၅ ရာခိုင်နှုန်း ကျပ် ၆၄၃၅ သိန်းကို မြေတားကျောက်နံရံ၊ သံလှေကား၊ လက်ရမ်း၊ အိမ်ရှေ့ကွန်ကရစ်လောင်းခြင်းလုပ်ငန်းနဲ့ ရေချိုးခန်း သုံးခန်းတွဲ၊ တစ်လုံးထိုး အင်ဂျင်မီးစက်နဲ့ မီးစက်ခန်းတို့ကို ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။



ဆေးရုံတွင် အဆောက်အအုံများအနေဖြင့် ပင်မဆေးရုံဆောင် တစ်ဆောင်၊ AS Quarter တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ နှစ်ဆောင်၊ သူနာပြုအိမ်ရာ တစ်ဆောင်၊ ရေစင်၊ မီးစက်ခန်းများ ပါဝင်ပြီး အိမ်သာနှင့် ခြံဝန်းကာရံခြင်း လုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

ဆေးရုံကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ဘောမ်မြန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတိန့်ဆောင်က ချီဖွေမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇိမ်ညိမ်းဝင်း (ပြည်သူ့ဆေးရုံ ချီဖွေမြို့)ထံသို့ ဖေဖော်ဝါရီ ၁၅ ရက်က လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မြို့အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လု

**မအီ မတ် ၂**

မအီမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများ ချစ်ကြည်ရင်းနှီးမှု ရရှိစေရေးနှင့် ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခဲ့သည့် မအီမြို့အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မအီမြို့ အထကကျောင်း အားကစားကွင်း၌ကျင်းပခဲ့ပြီး မအီမြို့မအသင်းနှင့် ပဒါကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကာ မအီမြို့မအသင်းက ပင်နယ်တီအဆုံးအဖြတ် ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးက အမှာစကားပြီး တာဝန်ရှိသူများက ပထမဆုဖလားနှင့် ဆုကြေးငွေ ကျပ်ငါးသိန်း၊ ဒုတိယဆုနှင့် ဆုကြေးငွေ ကျပ်လေးသိန်းတို့ကို ဆုရအသင်းများအား ချီးမြှင့်ပေးခဲ့သည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**




## မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၌ အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

**မကွေး မတ် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏(၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၁) ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၂) ဒေါ်နုယဉ်တို့က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးအယ်လ်တိန်းဘောမ်က တရားရုံးစီမံရေးရာ၊ ထောက်ပံ့ရေးရာ၊ ငွေစာရင်းရေးရာ လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ထလော့မြန်မာနှင့် မိမိပုံမင်္ဂလာစက်ရေတွင်း

**မောင်ကွန်း(ဘုန်းကြီးကျောင်းသား)**

ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့တွင် မကွေးတိုင်းဒေသကြီး မြို့လုလင် အုပ်စု စစ်တောကျေးရွာ သီရိမင်္ဂလာ မိမိပုံတံတားဖွင့်ပွဲမှ တယ်ပင်စမ်းအုပ်စု ကုန်းရိုးတဲတိုက်ကျေးရွာ မိမိပုံမင်္ဂလာ စက်ရေတွင်းဖွင့်ပွဲသို့ သတင်းယူရန် သွားရောက်ခဲ့ပါသည်။

အစက စစ်တောရွာလမ်းကြမ်းသည်ဟု ထင်ခဲ့သည်။ ကုန်းရိုးတဲတိုက်ကျေးရွာလမ်းရောက်မှ 'ကျောက်ခဲစားသွားလျှင် အစာကြေသည်' ဟု လုတောသားပြောသည့် စကားကို သဘောပေါက်တော့သည်။ 'အသံမကောင်းပေမယ့် အဆိုဆိုးလို့ တော်တော့တယ်' ဟု အလင်္ကာ ကျော်စွာ ဘဘစောင်းဦးဘသန်းပြောစကားကို သတိရမိသည်။ လမ်းကကြမ်းသည့်ကြား ကျဉ်းလည်းကျဉ်း၍ တော်တော့သည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ကိုင်း၊ ဆူးကိုင်းများလည်း ပေါလှသည်။ ဆိုင်ကယ်မောင်းရင်းလမ်းလျှောက်ရသည့် လမ်းဟု ရွာခံများက ဆိုကြသည်။ သဲထူဖုန်ပေါ်ဆူးတောတိုးနိုင်မှ ရွာရောက်သည်။

ကုန်းရိုးတဲတိုက်ရွာကား ရေရှားပါးသော ရွာမဟုတ်။ ရေရှိကိုမရှိသော ရွာဖြစ်သည်။ ရေရှားချက်ကတော့ ဆွမ်းကွမ်းကိစ္စအတွက်ပင် ရေမရှိ။ မိမိတို့ စားဖို့အတွက်ဆိုလျှင်ပင် ဦးပုညပြောသလို "ရတနာချဉ်ပေါင်၊ ငါးပိအလျင်း၊ ဆီမဆင်းတဲ့၊ ဟင်းများနောင်နှင့် အာခေါင်ကို ဆွတ်၊ မဝင်မချင်း၊ လည်ချောင်းကိုစင်းပြီးလျှင် အတင်းသာသွတ်" ကြရသည်။ အဲ့သလောက်တောင်လားမေးလျှင် အဲ့သည်ထက်ဆိုးသည်ဟု ဖြေရမည်။ ရွာသားများက မြို့နယ်တွင် ရေနက်တွင်းတူးပေးရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း အိမ်ခြေ ၆၀ လူဦးရေ ၃၂၀ ခန့်သာရှိ၍ ရွာငယ်ဆိုပြီး ခွင့်ပြုချက်မရ။

ရေနက်တွင်းရှိပြီး နှစ်မိုင်ခန့်ဝေးသော ရွာကလည်း ကိုယ့်ရွာနှင့် ကိုယ်ပင်မလောက်င၍ ရေလာယူခြင်းကို မလိုလား။ ရေနည်းနည်းပိုထွက်သည့်ရွာကလည်း ၃ ဒသမ ၅မိုင်ကွာဝေးသည်။ ရေရရှိရန်အတွက် နွားတစ်ရှဉ်းနှင့် လူတစ်ဦးနေ့စဉ် အချိန်ပေးရသည်။ ခေါက်ရေရသလောက် တိုက်ရသည်။ လူကြီးများ ညအိပ်၍ ရေအလှည့်ကျစောင့်ရသည်။ ရေကားများများမရ၊ ဆန်ဆေးသည့်ရေကိုပင် သုံးခါပြန်သုံးပြီးမှ နွားရေသောက်ရန် သုံးရသည်။ ရေချိုးလျှင်ပင် မိသားစုအလှည့်ကျ ချိုးရသည်။ ဒီနေ့ နှစ်ဦးချိုးလျှင် နောက်နေ့ နှစ်ဦးချိုး၊ ယောကျ်ားလေးများ ချိုးသော ရေကို ခံထား၍ နွားသောက်ရေပြန်လုပ်ရသည်။

ကလေးငယ်များ ရေတစ်ခေါက်တစ်ပုံးရဖို့ စောစီးစွာ ရေရှာထွက်ရသည်။ ထမင်းချက်ချိန် နောက်ကျသည်။ ကျောင်းသို့လည်း ၄၅မိနစ် တစ်နာရီ လမ်းလျှောက်ရသေးသည်။ ထို့ကြောင့် ကျောင်းနောက်ကျသည်။ ထို့ကြောင့် ဆရာဆူသည်။ ထို့ကြောင့် ကျောင်းမတက်ချင်။ ထို့ကြောင့် မိဘရိုက်သည်။ နောက်ဆုံးကျောင်းထွက်ရသည်အထိ ဖြစ်တော့သည်။ ရေကြောင့် ကလေးများပညာရေးကို စောစီးစွာ ကျောခိုင်းလိုက်ကြရတော့သည်။

နေ့စဉ် ရေသယ်ယူနေရသည့်ကိစ္စကြောင့် လူကြီးမိဘများလည်း စီးပွားရေးကျပ်တည်း၍ စားဝတ်နေရေးပင် အနိုင်နိုင်ဖြစ်လာခဲ့ကြသည်။ စီးပွားရေးကျပ်တည်းလွန်းသောကြောင့် ရှားရှားပါးပါးပညာရေးထူးချွန်၍ မကွေးတက္ကသိုလ်ဒုတိယနှစ်ထိရောက်ခဲ့သော ကျောင်းသားပင် ဝမ်းနည်းစွာနုတ်ထွက်ခဲ့ရသည်။ မိမိစားဝတ်နေရေးပင် အနိုင်နိုင်ဖြစ်နေသောကြောင့် အလှူအတန်းမရှိ၊ ဘုန်းတော်ကြီးလည်း မရှိ၊ ရှိလျှင်လည်း ဆွမ်းကွမ်းကိစ္စ ရေမရှိ။ မရှိသံသရာလည်၍ မရှိပြီးရင်းမရှိဖြစ်ကာ လူချင်းအတူ သူချင်းအမျှ ဆင်းရဲမှုဒဏ်ကိုကြီးစွာ ခံစားကြရသည်။ 'ဖွက်ကျောပြာစု' ဆိုသည့်စကား မိမိတို့ရွာအတွက်ပြောသည်လားဟု ထင်ရအောင် ဆင်းရဲဒုက္ခကြီးလှသည်။

ယခုရေထွက်ပြီ။ ခက်ခက်ခဲခဲကိုတူးရ၍ ရေထွက်သည်။ ထွက်လာသောရေကို မယုံနိုင်သော မျက်စိဖြင့် ကြည့်ကြ၍ ရွာသူရွာသား ကလေးသူငယ် လူကြီးမိဘများမကျန် အားလုံးမျက်ရည်ဖြိုင်ဖြိုင်ထွက်ကြရသည်။ အလှူရှင်များဖြစ်ကြသော ဦးမောင်မြင့်၊ ဒေါ်အေးအေးစမ်းတို့ထံ ဝိုသံပါကြီးဖြင့် ဖုန်းဆက်၍ ရေထွက်ကြောင်းပြောရသည်။ မိမိပုံချုပ်ထည်ပင်ရင်း၊ ရွှေမင်္ဂလာဈေးပိုင်ရှင် အလှူရှင်တို့က ဝမ်းသာဝမ်းနည်းဖြစ်၍ ပျော်ကြသည်။

ရက်ရက်စက်စက်ပျော်ကြသည်။ မပျော်ခံနိုင်ရိုးလား။ ပေ ၂၀၀ကျော် တူးသည်ထိ ရေမထွက်။ အောက်တွင် ကျောက်လွှာ ပေ ၅၀ ခန့်ခံနေသည်။ လွန်သွားကာဗိုက် ၁၇ ကြိမ်ပျက်သည်။ ကျောက်လွှာပေါက်ပြီး ပေ ၃၀၀၊ ပေ ၄၀၀ ရေမထွက်သေး။ နိုဝင်ဘာ ၂၇ရက်မှ စတူးလာသည်မှာလည်း လချီကြာပြီဖြစ်သည်။ နေကပူ၊ ဖုန်ကထူဖြင့် ရေတွင်းတူးအဖွဲ့သားများနှင့် ရွာသားများ ဒေါသထွက်လာကြပြီး အချင်းချင်း ကတောက်ကဆတ်ဖြစ်လာကြသည်။ ရေကားမထွက်။

အလှူရှင်များဘက်ကလည်း ဘုရားရှိခိုး၊ ဆုတောင်းအမျှပေးဝေနေပါသည်။ 'ထလော့မြန်မာ၊ မြန်မာထလော့၊ အားမပျော့နှင့်' ဟု အချင်းချင်း အားတင်းကြသည်။ စက်ရေတွင်းထုံးစံကား တစ်တွင်းမရလျှင် နောက်တစ်တွင်း၊ မရလျှင် … မရလျှင်။ နောက်ထပ် … နောက်ထပ်။ အဲသည်နောက်ထပ်များအတွက် တူးရန်ခနအင်အား၊ အလှူရှင်များကိုလည်း အားနာလှသည်။ ပေ ၅၀၀၊ ၆၀၀၊ ၇၀၀ ရောက်နေပြီ။ ရေမထွက်သေး။

'မလျှော့လုံ့လ၊ သူကစ၍၊ ငါကအားလုံး၊ လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့် စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့၊ ပေ ၉၂၀ အရောက် ရေတောက်လျှောက်ပန်းတက်လာသည်။ အောင်ပြီ။ အားလုံးပဲ အောင်ကြပြီ။ အားလုံးအိပ်မက်မက်နေသလို ခံစားကြရသည်။ မှင်တက်နေမိကြသည်။ ၂၇.၁.၂၀၁၇ ရက်နေ့ ညနေ ၅း၃၀ နာရီ။ ၆၂ ရက်မှာ ရေထွက်ပြီ။

'ဒါဟာ ကျွန်မတို့ရဲ့အိပ်မက်ပါ။ ငယ်ငယ်ကတည်းက မိဘများက အညာမှာသိပ် ရေရှားတယ်လို့ပြောဖူးပါတယ်။ အဲဒီကတည်းက ရေတွင်းလှူချင်တဲ့ အိပ်မက်မက်ခဲ့တာပါ။ ကျွန်မတို့ချွေးနည်းစာထဲက နည်းနည်းချင်းစုပြီး ရေတစ်တွင်းစာရပြီဆိုတာနဲ့ ချက်ချင်းလှူတာပါ။ တစ်တွင်းမရ တစ်တွင်းဆိုတဲ့စက်ရေတွင်းသဘောတရားကို နားလည်ပါတယ်။ ဒါပေမယ့် … စရိတ်က ရှိပါသေးတယ်။ ဒါ့ကြောင့် စတူးတဲ့ တွင်းမှာပဲ ရေထွက်ပါစေ။ ရတဲ့ရေလည်း ကောင်းမွန်ပါစေလို့ တူးတဲ့နေ့ကတည်းက ဆုတောင်းတာပါ။ အခုဆုတောင်းပြည့်ပါပြီ' ဟု မိမိပုံချုပ်ထည်ပင်ရင်း၊ ရွှေမင်္ဂလာဈေးက အလှူရှင် ဒေါ်အေးအေးစမ်းထံမှ ရင်တွင်းဖြစ်စကားများ ၁၂.၂.၂၀၁၇ စက်ရေတွင်းဖွင့်ပွဲတွင် ထွက်လာသည်။ ကူညီကြသော မင်္ဂလာဈေးမိသားစုများ၊ တံတားအလှူ၊ ရေတွင်းအလှူတွင် အစမှအဆုံး ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ပေးသော တောင်

> **'ဒါဟာ ကျွန်မတို့ရဲ့ အိပ်မက်ပါ။ ငယ်ငယ်ကတည်းက မိဘများက အညာမှာသိပ် ရေရှားတယ်လို့ပြောဖူးပါတယ်။ အဲဒီကတည်းက ရေတွင်းလှူချင်တဲ့ အိပ်မက်မက်ခဲ့တာပါ။ ကျွန်မတို့ချွေးနည်းစာထဲက နည်းနည်းချင်းစုပြီး ရေတစ်တွင်းစာရပြီဆိုတာနဲ့ ချက်ချင်းလှူတာပါ။ တစ်တွင်းမရ တစ်တွင်းဆိုတဲ့ စက်ရေတွင်းသဘောတရားကို နားလည်ပါတယ်။ ဒါပေမယ့် … စရိတ်က ရှိပါသေးတယ်။ ဒါ့ကြောင့် စတူးတဲ့ တွင်းမှာပဲ ရေထွက်ပါစေ။ ရတဲ့ရေလည်း ကောင်းမွန်ပါစေလို့ တူးတဲ့နေ့ကတည်းက ဆုတောင်းတာပါ။ အခုဆုတောင်းပြည့်ပါပြီ'**

တွင်းကြီးမှ ဦးစန်းမြင့်၊ ဒေါ်ရွှေမိမိသားစုနှင့်ကျေးဇူးတင်ထိုက်သူမှန်သမျှကိုလည်း ကျေးဇူးတင်စကားဆိုသည်။ တံတား အလှူကော၊ ရေအလှူပါ အထမြောက်အောင်မြင်သည်မှာ ဦးစန်းမြင့်ကြီးကြပ်အားကောင်းလွန်းသောကြောင့် ဖြစ်သည်။

ဆုတောင်းတကယ်ပြည့်ပါသည်။ တစ်တွင်းတည်းနှင့် ရေထွက်သည်။ တစ်နာရီ ဂါလန် ၂၅၀၀ ထွက်သည်။ ထွက်သောရေကို ရန်ကုန်သို့ပို့၍ ဓာတ်ခွဲစစ်ဆေးရာ ဓာတ်ခွဲခန်းသို့လာသော မကွေး၊ တောင်တွင်းကြီးက ရေနမူနာများထဲတွင် ယခုရေသည် အကောင်းဆုံးဖြစ်ကြောင်း ဓာတ်ခွဲခန်းက ပြောပါသည်။ မိမိပုံမင်္ဂလာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားတွင် တွင်းမှထွက်သောရေကို ခွက်ဖြင့်ခံ၍ pH မီတာနှင့်တိုင်းရာ pH7 ဖြစ်ပြီး၊ လစ်တမတ်စက္ကူနှင့်တိုင်းရာတွင်လည်း pH7 ဖြစ်ကြောင်း တွေ့ရပါသည်။ အသေးစိတ်ဓာတ်ခွဲစမ်းသပ်ရန် ရေနမူနာကိုလည်း NHL ဓာတ်ခွဲခန်းသို့ ပေးပို့ထားပါသည်။ အလှူရှင်များတောင်းသောဆုနှင့် တစ်လုံးတစ်ဝပြည့်သွားပါသည်။ စေတနာကောင်းလျှင် ကံကောင်းပါသည်။ အလှူရှင်များကား ထူးခြားလှပါသည်။ အလှူရှင်ဦးမောင်မြင့်၊ ဒေါ်အေးအေးစမ်း မိမိပုံချုပ်ထည်ပင်ရင်း၊ ရွှေမင်္ဂလာဈေးတို့ ၏ လိပ်စာကတ်ကလည်း ထူးခြားသည်။ ကတ်ပြားအခေါက်ထဲတွင် Rising Myanmar Development Foundation ခေါင်းစီးနှင့် 'တို့တိုင်းပြည်' ခေါင်းစဉ်တပ်ပြီး

**"ထလော့မြန်မာ၊ မြန်မာထလော့**<br>
**အားမပျော့နှင့်၊ မလျှော့လုံ့လ**<br>
**သူကစ၍၊ ငါကအားလုံး**<br>
**လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်**<br>
**စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့**<br>
**ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ**<br>
**ဤယာစပါး၊ ဘယ်သူ့စပါးလဲ**<br>
**ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း**<br>
**ဉာဏ်ရှေ့ပန်း၍**<br>
**တစ်ဝမ်းတစ်စိတ်ညီစေသတည်း။**<br>
**ဇော်ဂျီ**

**ဟု ရေးထားသည့်ကဗျာနှင့်ကတ်ကျောဘက်တွင်**

**'သင်သေသွားသော်'**<br>
**ဪ… လူ့ပြည်လောက၊ လူ့ဘဝကား**<br>
**အိုရနာရ၊ သေရဦးမည်**<br>
**မှန်ပေသည်တည့်။**<br>
**သို့တပြီးကား၊သင်သေသွားသော်**<br>
**သင်ဖွားသောမြေ၊ သင်တို့မြေသည်**<br>
**အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။"**<br>
**ဇော်ဂျီ**

ဟူသောကဗျာနှစ်ပုဒ်ကို ထူးခြားစွာတွေ့ရပါသည်။

မိမိတို့တိုင်းပြည်ကို တိုးတက်စေလိုသောစိတ်ဖြင့် Rising Myanmar Development Foundation ဖွဲ့ပြီး ဆောင်ရွက်မည်။ တိုင်းပြည်တွင် 'အခင်းကြီးငယ်ရှိခါဝယ်လည်း၊ မဖည်မသွေ၊ ညီညာကုန်း၍'၊ 'လက်ရုံးများမြောင်၊ ဉာဏ်များမြောင်ဖြင့်'၊ တစ်စိတ်ထဲတစ်ဝမ်းတည်း ရုန်းကြရဦးမည်။ ယခု အလှူမှုလောက်၊ နှမ်းတစ်စေ့မျှလောက်ဖြင့် ဆီမဖြစ်။ ရေတွင်းကုန်ကျစရိတ် ငွေကျပ်သိန်း ၂၃၀၊ တစ်ဦးတည်း အလှူ နှင့်တံတားက ငွေကျပ် ၅၀၆ သိန်းစုပေါင်းအလှူ။ အားလုံးပေါင်းပါမှ ငွေကျပ်၇၃၆ သိန်းသာ ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဒီ့ထက်အဆပေါင်းများစွာကုန်ကျမည်။ နှမ်း များများလိုသည်။ ပြည်တွင်းမြန်မာများသာမက ပြည်ပရောက်မြန်မာများကလည်း ကူညီချင်ကြသည်။

ယခု ဆရာဇော်ဂျီ၏ 'တို့တိုင်းပြည်' ကဗျာကောက်နုတ်ချက်သည် အဖွဲ့၏ 'လုပ်ငန်းဆိုင်ရာမူဝါဒ' ဖြစ်သည်။ 'သင်သေသွားသော်' ကဗျာကောက်နုတ်ချက်သည် အဖွဲ့၏ 'ခံယူချက်' ဖြစ်သည်။ အားလုံးအိုရနာရ သေကြရဦးမည်။ ဤစကားမှန်လှသည်။ မသေမီ မိမိတို့ကိုဖွား သောမြေ၊ အမိမြေကား အခြေတိုးမြင့် ကျန်ကောင်းသင့်လှသည်။ ဤခံယူချက်ကြောင့်၊ ဤမူဝါဒကြောင့် မိမိတို့ဤအလှူကို လုပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ယခုရေရပြီ။ ရေကြောင့်ရွာသည် ဆင်းရဲဒုက္ခအတိ ရောက်ခဲ့ရသည်။ ဖရိုဖရဲဖြစ်နေသော အိမ်ခြေ ၆၀ ပြန်စုရုံးမိကြမည်။ မိမိတို့တိုးတက်ရေးအတွက် အားထည့်လာနိုင်ပြီ။ ကလေးများကျောခိုင်းခဲ့ရသော ကျောင်းသို့ပြန်ပို့မည်။ လူကြီးမိဘများ၊ မိမိတို့ကိုယ်မိမိတို့၊ မိမိတို့ရပ်ရွာ တိုးတက်ရေးကို မိမိတို့ဖော်ဆောင်နိုင်တော့မည်။ နောက်ရတနာရွှေငွေ တကယ်ပင်စုံညီလာတော့မည်။ ကျောင်းဆောက်ကာ ဘုရားပါ တည်နိုင်တော့မည်။

ရေရ၍ ရေပြဿနာတစ်ခုတည်းပြေလည်သည်မဟုတ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ …အရေးကိစ္စအားလုံးဆက်စပ် အဆင်ပြေသွားသည်။ အိပ်မက်ပင် မမက်ဘူးရဲခဲ့သောရေကိုရပြီ။ ရေထွက်အားလည်း ကောင်းလှသည်။ ရေအရည်အသွေးလည်းကောင်း သည်။ ရွာကစက်ရေတွင်းနှင့် စက်ပစ္စည်းများကို တန်ဖိုးထားစောင့်ရှောက်ရန်သာ လိုတော့သည်။ မိမိတို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီရပြီ။ ထိုအကူအညီဖြင့် ကိုယ့်ရပ်ရွာတိုးတက်အောင် ကိုယ်ကိုယ်တိုင်လုပ်ရန်မှာ ရွာ၏ တာဝန်ဖြစ်သည်။ စစ်တောသား၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ဝဇီရာသဘ ကျောင်းဆရာတော် ဦးပညာသီရိ၊ အလှူရှင် ဦးမောင်မြင့်၊ ဒေါ်အေးအေးစမ်း၊ မိမိပုံချုပ်ထည်ပင်ရင်း၊ ရွှေမင်္ဂလာဈေး၊ Rising Myanmar Development Foundation၊ မင်္ဂလာဈေးမိသားစုများနှင့်အဘက်ဘက်က ကူညီပေးသူအားလုံးကိုလည်း ကျေးဇူးတင်လှသည်။

ယခုတံတားအလှူ၊ ရေအလှူပြီးနောက် Rising Myanmar Development Foundation က သက်ဆိုင်ရာသို့ တင်ပြ၍ တရားဝင်ခွင့်ပြုချက်ရယူရန်သာ လိုတော့သည်။ ပြည်တွင်းပြည်ပက အလှူရှင်များအားကိုယူရန်လည်း လိုသည်။ ထူးခြားသည်မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် 30 MW Solar Power Plant လုပ်ကိုင်၍ အကျိုးအမြတ်ရရှိပါက အကျိုးအမြတ်ထဲမှ သတ်မှတ်ရာခိုင်နှုန်းခွဲဝေ၍ နှစ်စဉ် လှူမည့်သူရှိနေခြင်းဖြစ်သည်။

"ထလော့မြန်မာ၊ မြန်မာထလော့၊ အားမပျော့နှင့်" ဆိုသော အားပေးစကားမှာ သူတစ်ပါးကိုသာ အားပေးခြင်းမဟုတ်။ အလှူရှင်များ ကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ်အားတင်းခြင်းဖြစ်သည်။ တို့တိုင်းပြည်ကို တို့ထူထောင်ကြရမည်။ တို့တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အများကြီးလုပ်ကြရဦးမည်။ အကူအညီပေးလိုသူများနှင့်အကူအညီလိုအပ်သူတို့ အလုပ်အများကြီးပူးပေါင်းလုပ်ကြရဦးမည်။ "မလျှော့လုံ့လ၊ သူကစ၍၊ ငါကအားလုံး၊ လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်" ဝိုင်းလုပ်ကြရမည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ယူသောစိတ်ဖြင့် "ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း၊ ဉာဏ်ရှေ့ပန်း၍၊ တစ်စိတ်တစ်ဝမ်းတည်း"လုပ်ဆောင်ကြရမည်။ ဤသို့လုပ်ဆောင်နိုင်ရန်အတွက် မိမိတို့ကိုယ် မိမိတို့လည်း ပြန်အားပေးနေရသည်။ တိုင်းပြည်တစ်ခုလုံးကိုလည်း အားပေးနှိုးဆော်ပါသည်။"ထလော့မြန်မာ၊ မြန်မာထလော့"။

## စားသုံးရန်မသင့်သော အစားအစာများ ရောင်းချခြင်း ရှိ/မရှိစစ်ဆေး

ကလော မတ် ၂

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် နိုင်ငံတော်မှ တားမြစ်ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိစေရေးအတွက် တောင်ကြီးခရိုင်အတွင်းရှိဈေးများ တစ်လတစ်ကြိမ်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကလောမြို့ မြို့မဈေးအတွင်း သက်ဆိုင်ရာဌာနများပါဝင်သော အဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးခဲ့ပြီး ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးအောင်ခင် + ဒေါ်ရင်ရင်
ရေဦးမြို့နေ ဦးသိမ် + ဒေါ်မြတင် (သိဝံသညာပုံနှိပ်တိုက်)တို့၏ မြေး
ရေဦးမြို့ ရွှေတောင်ဘက်နေ ဦးဝင်းညွန့် + ဒေါ်ဝင်းဝင်းသီ (အာယုဆေးတိုက်) တို့၏သား
မန္တလေးမြို့နေ ဦးမိုးကျော် + ဒေါက်တာ သီတာဝင်းညွန့်အောင် MBBS (MDY)
M.Med.Sc (Surgery) ပြည်သူ့ဆေးရုံကြီး (မန္တလေး)တို့၏မောင်

**ဒေါက်တာကျော်မြတ်သူ**

**M.B.,B.S (Mdy), MRCP (UK), DGM**
**Speciality Doctor (Geriatrics)**
**Frimley Health NHS, Surrey, UK**

နှင့်

ရန်ကုန်မြို့နေ လူပျိုတော်ပတ္တမြား ဦးမောင်မောင် + ဒေါ်တင်ရွှေ
ဦးစောနောင် + ဒေါ်လှလှသိန်း တို့၏ မြေး
ဦးသိန်းငွေ (လူပျိုတော်ပတ္တမြား) + ဒေါ်ဆွေဆွေဦး (ဇော်တခွန်းတိုက်ဆေးဆိုင်)တို့၏ သမီးကြီး

**ဒေါက်တာကြည်ဖြူသိန်းငွေ**

**M.B.,B.S (Ygn)**
**MBA (Cardiff Metropolitan University, UK)**

တို့၏ **၇.၂.၂၀၁၇** ရက်နေ့တွင် **ပဥ္စနိကာယကျောင်းတိုက်** တွင် ကျင်းပပြုလုပ်သော **မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ** ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး (၁) ဦးအေးကိုကို အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်ကိုကို (လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) နှင့် ဇနီး ဒေါ်သဲသဲဇလပ်ဖြူမောင်၊ ဒေါက်တာပြည်သိမ်း (လက်ထောက်ဆရာဝန်၊ ရန်ကုန်အရှိုးဆေးရုံကြီး)နှင့် ဇနီး ဒေါက်တာမြတ်ဇွာဖြူဖေ တို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ **၁၂.၂.၂၀၁၇** ရက်နေ့တွင် **Melia` Hotel (Grand Ballroom)**၌ ကျင်းပပြုလုပ်သည့် **စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနား** တွင် စုလျားရစ်ပတ်ပေးပါသော ဗိုလ်မှူးကြီးဦးစိုးတင့် (ငြိမ်း) (အကြံပေးပုဂ္ဂိုလ် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)နှင့် ဇနီး ဒေါက်တာဒေါ်သီတာအေး တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာဦးအောင်မြင့်ကျော် နှင့် ဇနီး ဒေါ်မြမြအေး (Wolverhampton, UK) တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး နှင့် ဘိသိက်ပညာရှင် ဦးနန်းငွေအောင် တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော ရီရီသန့်၊ နှင်းရီသန့် မြန်မာမှုတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ မထက်ထက်အောင် နှင့် မယွန်းလွင်ဦး၊ မင်္ဂလာပန်းကုံးဖန်းကိုင် Dr.နှင်းသူဇာဝင်း၊ မင်္ဂလာလက်စွပ်ဖန်းကိုင် မသက်ထားဆွေ၊ မင်္ဂလာသတို့သား အရံ Dr.ကျော်သူဟိန်း နှင့် Dr.ရန်သိမ်း၊ မင်္ဂလာသတို့သမီးအရံ မနီလာထွန်း နှင့် မကြည်သာခင်ဇော်၊ မိတ်ကပ်ဆံပင် December Hnin နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော Designer မင်းသက်စံ (Sweet & Smart Collection) ဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုရဲထွဋ်၊ ကိုနိုင်လင်း (Timeless Photography)အဖွဲ့၊ ပန်းအလှဆင်ပေးပါသော မာမီကျော် (မလေးရှား)နှင့်အဖွဲ့၊ Melia` Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ **၁၂.၂.၂၀၁၇** ရက်နေ့တွင် **Inya Lake Hotel** ၌ ကျင်းပသော **မင်္ဂလာညစာစားပွဲ** ၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုကျော်ထက်အောင်၊ မင်္ဂလာပန်းကြဲ တူမလေး ကြည်နူးသဒ္ဒါထက်၊ သတို့သမီးအရံ မမေသူသိမ့် နှင့် မအိသဥ္ဇာကျော်၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် Inya Lake Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ် ပေးပါသော Signature Weddings & Events Planning အားလည်းကောင်း၊ **၁၉.၂.၂၀၁၇** ရက်နေ့တွင် **အာယုဆေးတိုက်၊** ရွှေတောင်ဘက်၊ ရေဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျင်းပပြုလုပ်သည့် **မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲ** သို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေးမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများ နှင့် ဒေါက်တာကျော်မြတ်သူ + ဒေါက်တာကြည်ဖြူသိန်းငွေ

---

# အထူးကျေးဇူးတင်ရှိခြင်း

ပလတ်စတစ်အိတ်စက်ရုံ၏ အခက်အခဲကြောင့် **ရွှေရွက်ဝါ** ပုဆိုးအိတ်ပြတ်လပ်သွားသော်လည်း သည်းခံပြီး စဉ်ဆက်မပြတ် ဝယ်ယူအားပေးခဲ့ကြသော ဖောက်သည်ကြီးများနှင့် ဝတ်ဆင်သူများအားလုံးကို အထူး(အထူး)ပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခု ပုဆိုးအိတ်ပြန်လည်ရရှိပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ရွှေရွက်ဝါ အထည်ဆိုင် မိသားစု**
**အမှတ်(၂၈/၃၀)D ရုံ-ယုဇနရုံ၊မြေညီထပ်ဈေးချို၊**
**အမှတ်(B-၈/၉/၂၀/၂၁)ပထမထပ်၊ မန်းမြန်မာပလာဇာ၊ မန္တလေး**

---

B.H.I INT'L LTD စက်ရုံ၏ ကုန်ထုတ်လုပ်မှုဌာနမှ အရည်အသွေးပြည့်မီသော BHI WOOD COATING PAINTS (ကုန်ပစ္စည်းမှတ်ပုံတင်အမှတ် ၄/၁၃၈၀၆)ကို ထုတ်လုပ်နိုင်ခြင်းအတွက် ကြိုဆိုဂုဏ်ပြုပါကြောင်း ဝမ်းမြောက်စွာ ကြေညာအပ်ပါသည်။

BHI PAINTS စတင်ထုတ်လုပ်ခြင်း အထိမ်းအမှတ်အနေဖြင့် အရောင်းမြှင့်တင်ရေးအစီအစဉ်များကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**MARKETING & SALES**

---

**GWH M&E Engineering Co.,Ltd. တွင်**
**ခန့်ထားရန်အတွက်**
**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

ရေပိုက်လုပ်ငန်းကျွမ်းကျင် ကျား (၁၀) ဦး
မီးလုပ်ငန်းကျွမ်းကျင် ကျား (၁၀) ဦး

အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၅/က)၊ မြဝတ်ရည်လမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၀၄၁၂၂၅၅၊ ၀၉-၂၅၀၄၁၂၂၅၅ (ကားနံပါတ် ၁၂၊ ၂၉၊ ၃၈ သစ္စာလမ်းပေါ်ရှိ သံလမ်းမှတ်တိုင်တွင်ဆင်းရန်)**

---

**Ace Spancer Myanmar Co.,Ltd.**
**ဝန်ထမ်းအလိုရှိသည်**

(1) Junior Accountant F (1) post
(2) Air Cargo Marketing M/F (1) post

အထက်ပါရာထူးများအတွက် လျှောက်ထားလိုပါက
**တိုက် (၂)၊ အခန်း (၂၂)၊ ဝေပုလ္လအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၃၀၄၂၀၉၂၊ ၀၉-၇၇၄၂၀၁၆၈၄**

---

**အောင်ပါဝေ**
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊
ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 253266665, 09 250554793, 09 256263264

---

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉


အင်းယားကန်ဘေးမှာ အမြင့်ဆုံး ထိုးထွက်လာမည့် ရတနာ
DIAMOND
INYA PALACE
အထူးဈေးနှုန်း + 15% Discount
အရောင်းပြန်ဖွင့်ပြီ
Another Prestigious Project By
MGW
MANDALAY GOLDEN WING
Construction Limited
မြန်မာနိုင်ငံ၏ ပထမဦးဆုံး 5 Star Hotel Grade Setting Condominium
Ground Floor, 6th Floor, 22nd Floor တို့တွင် Facility Area များ ပါဝင်ပြီး အကျယ်ဆုံး နှင့် အရှည်ဆုံး ရေကူးကန် (၂)ကန် ပါဝင်သော ရန်ကုန်မြို့၏ Facility အများဆုံး Condominium
အခန်းဝယ်ယူသူတိုင်း မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါ ရရှိပါမည်
Sales Enquires
Tel : 01 656850~2
09 42009 7992~5 , 42009 7998
Web : http://diamondinyapalace.com
E-mail: diamondinyapalaceygn@gmail.com

# ဘိုကလေးမြို့ဆိပ်ကမ်း ဆိပ်ခံတံတားသစ်ဖွင့်

သတင်း-မြင့်မောင်စိုး

ရန်ကုန် မတ် ၂

ဂျပန်နိုင်ငံအစိုးရ Japan's Grant Assistance For Grass Roots Human Security Project အဖွဲ့အစည်း၏အကူအညီဖြင့် ဆောက်လုပ်ခဲ့သော ဘိုကလေးဆိပ်ကမ်း ဆိပ်ခံတံတား လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ၎င်းဆိပ်ခံတံတားမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ (ပူးတွဲ) ဦးသီလသိမ်း၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Yoshimasa KASAI ၊ ဘိုကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဒင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဇော်တို့က မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆိပ်ခံတံတားနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ဂျပန်သံရုံး ဒုတိယအတွင်းဝန်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးသီလသိမ်း ထံ လွှဲပြောင်းပေးအပ်သည်။

"ဂျပန်နိုင်ငံရဲ့အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့တဲ့ ဘိုကလေးဆိပ်ခံတံတားကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ဖို့အတွက် ဌာနအနေဖြင့်လည်း ဆက်လက်မွမ်းမံမှုများ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ဦးသီလသိမ်းက ပြောသည်။

"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနကတစ်ဆင့် တောင်းဆိုပြီး ဂျပန်အစိုးရရဲ့ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်နဲ့ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီပြုပြင်လိုက်တဲ့ ဆိပ်ခံတံတားကြီးဟာ ဂျပန်ပြည်သူပြည်သားများမှ ပေးပို့လိုက်တဲ့ လက်ဆောင်တစ်ခုဖြစ်ပါတယ်" ဟု Mr.Yoshimasa KASAI က ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၄ ✻

# MNL ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်တွေ့ဆုံ



ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မတ် ၂

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုနှင့် ပြိုင်ဆိုင်မှုပြင်းထန်နိုင်သည့်ပွဲအဖြစ် အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၈) အဖြစ် မတ် ၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မန္တလာသီရိကွင်း၌ လက်ရှိချန်ပီယံရတနာပုံအသင်းနှင့် GFA အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မတ် ၅ ရက်တွင်

စာမျက်နှာ ၁၄ ကော်လံ ၁ ❐



## ကဘူးလ်မြို့အနောက်ပိုင်း ရဲစခန်းတိုက်ခိုက်မှု လုံခြုံရေးကောင်စီ ပြစ်တင်ရှုတ်ချ

စ၁-၁၀

## ခရီးသည်တင်ယာဉ် ဝိုင်ယာကြိုးရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ် တစ်ဦးသေဆုံး

စ၁-၁၃

# လေးနိုင်ငံပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီး ယနေ့ ယှဉ်ပြိုင်မည်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာလက်ခမောင်းက ဦးဆောင်စီစဉ်ပြုလုပ်သော ပထမဆုံး World Lethwei Championship (WLC) ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာဒုံဂေါက်ကွင်း၌ မတ် ၃ ရက် (ယနေ့) ည ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ World Lethwei Championship (WLC)ပြိုင်ပွဲတွင် ပြည်ပလေးနိုင်ငံဖြစ်သည့် အင်္ဂလန်၊ ဩစတြေးလျ၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့မှ လက်ဝှေ့ကျော်များက မြန်မာလက်ဝှေ့ကျော်များနှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး တွဲဆိုင်းစုစုပေါင်း ၁၀ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အဓိကပွဲစဉ်များအဖြစ် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် မွေထိုင်းလက်ဝှေ့ကျော် နီကိုလက်စ်ကာတာ (အင်္ဂလန်)၊ ပထမတန်းလက်ဝှေ့ကျော် တူးတူးနှင့် ဩစတြေးလျနိုင်ငံသားအီဒီဖာရယ်တို့က မစ်ဒယ်ဝိတ်တန်းတွင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး လိုက်မစ်ဒယ်ဝိတ်တန်းတွင် သွေးသစ်ဝင်းလှိုင် (Adventure) နှင့် စောဘဦး(တောင်ကလေး)၊ ဖိုးသော်(မြန်မာ)နှင့် ဂျန်ကိုင်ချီ(မလေးရှား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ

စာမျက်နှာ ၁၄ ကော်လံ ၁ ●




ထွန်းထွန်းမင်းနှင့် နီကိုလက်စ်ကာတာ(အင်္ဂလန်)

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016